# ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**လောကကိုထွန်းလင်းတောက်ပ**

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှ လွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)


၁၃၇၈ ခုနှစ် တပေါင်းလဆန်း ၉ ရက်၊ တနင်္လာနေ့။ Monday, 6 March 2017 (၈၈၅၇)




## တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဗီယက်နမ်နိုင်ငံသို့ ချစ်ကြည်ရေးခရီးထွက်ခွာ

သတင်း စာမျက်နှာ - ၃

# ကလေးဝမြို့ ရှေးဟောင်းသမိုင်းဝင် ရွှေမုဋ္ဌောဘုရား ဗုဒ္ဓပူဇနီယပွဲတော်တွင် ချင်းတွင်းမြစ်အတွင်း အောင်ပွဲအထိမ်းအမှတ် မြန်မာ့ရိုးရာလှေလှော်ပြိုင်ပွဲ ကျင်းပခဲ့

**ကလေးဝ မတ် ၅**

ချင်းတွင်းမြစ်နှင့် မြစ်သာမြစ်တို့ပေါင်းဆုံသည့်နေရာတွင် မြို့တည်ထားသော စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးဝမြို့၌ တည်ထားကိုးကွယ်တော်မူသည့် ကလေးဝမြို့နယ်လုံးဆိုင်ရာ သာသနာ့သမိုင်းဝင် ရွှေမုဋ္ဌောစေတီတော်မြတ်ကြီး၏ လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူခြင်း အောင်ပွဲအထိမ်းအမှတ် မြန်မာ့ရိုးရာလှေလှော်ပြိုင်ပွဲကို မတ် ၁ ရက်မှ ၄ ရက်အထိ စည်ကားသိုက်မြိုက်စွာကျင်းပပြီးစီးခဲ့ကြောင်း သိရသည်။

အဆိုပါ မြန်မာ့ရိုးရာလှေလှော်ပြိုင်ပွဲကို ချင်းတွင်းမြစ်အတွင်း၌ အမျိုးသားအသင်း ၁၈ သင်းနှင့် အမျိုးသမီးအသင်း ၁၀ သင်းတို့က မြန်မာ့ရိုးရာအနုစ်သာရပါပါ ရွှေမုဋ္ဌောတံခွန်စိုက်ဒိုင်းဆုကြီးအပါအဝင် ဆုတံဆိပ်များနှင့် ငွေသားဆုများဆွတ်ခူးရရှိနိုင်ကြရေး၊ ဒေသဂုဏ်ဆောင်နိုင်ကြရေးတို့အတွက် အားမာန်အပြည့်ဖြင့် စာမျက်နှာ ၉ ကော်လံ ၁ သို့

စာမျက်နှာ - ၁၉



## မြေဈေးကောင်းလာမှုကြောင့် သစ်တောပြုန်းတီးမှု ကာကွယ်ရန်ခက်ခဲ

## မိတ္ထီလာတွင် ဒုတိယအကြိမ် ရှင်အပါး ၅၀၀ ရှင်လောင်းလှည့်ပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပ

စာမျက်နှာ - ၇






# ကြေးမုံ

## ခွဲခြားမှုမရှိ ကာကွယ်မြှင့်တင်

လူ့အခွင့်အရေးဟူသော သဘောတရားနှင့်ယှဉ်ပါးလာသည်မှာ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလမှ စတင်သည်ဟုဆိုရမည်ဖြစ်သည်။ အာဏာရှင်စနစ်တွင် လူ့အခွင့်အရေးဆိုသည်မှာ လူအများအတွက် ခံစားနိုင်သည့် အခွင့်အရေးတစ်ရပ်မရရှိနိုင်ဘဲ ဒီမိုကရေစီစနစ်တွင်သာ လူ့အခွင့်အရေးသည် လူတိုင်းနှင့်အကျုံးဝင်သော အခွင့်အရေးတစ်ရပ်ဖြစ်လာသည်။

အထူးသဖြင့် အရပ်သားအစိုးရ ဒီမိုကရေစီအသွင်ကူးပြောင်းသည့်ကာလတွင် လူ့အခွင့်အရေးသည် လူတိုင်းနှင့်သက်ဆိုင်သော အခြေခံအခွင့်အရေးတစ်ရပ်အဖြစ်ရရှိနိုင်သည်ကို မြင်တွေ့လာရပါသည်။ လူတိုင်းလူ့အခွင့်အရေးကို အပြည့်အဝရရှိခံစားနိုင်ရေးအတွက် လူ့အခွင့်အရေးကာကွယ်မြှင့်တင်ရေးကို ဆောင်ရွက်ရာတွင် အစိုးရအနေဖြင့် ထိတွေ့ပူးပေါင်းဆောင်ရွက်မှုပြုသည့် ချဉ်းကပ်မှုပုံစံသစ်ဖြင့် ဆောင်ရွက်ပေးနေသည်ကို တွေ့ရသည်။

ရခိုင်ပြည်နယ်အရေးတွင် ဝေဖန်မှုများကြားမှ လူ့အခွင့်အရေးချိုးဖောက်မှုမရှိစေရန် အလေးထားကြိုးပမ်းဆောင်ရွက်ပေးနေသည်ကိုတွေ့ရသည်။ ယမန်နှစ် အောက်တိုဘာ ၉ ရက်မှအစပြုသည့် ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များမှာ နယ်မြေတည်ငြိမ်အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှု၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲမှုကို ထိပါးလာသည့်ဖြစ်စဉ်များသာဖြစ်သည်။

မည်သည့်နိုင်ငံမဆို အလားတူဖြစ်စဉ်မျိုးဖြစ်ပွားလာပါက မိမိနိုင်ငံ၏ အကျိုးစီးပွားအတွက် ပြင်းပြင်းထန်ထန် ထိရောက်စွာကိုင်တွယ်ဖြေရှင်းမည်သာဖြစ်သည်။ ယခုဖြစ်စဉ်ကို မြန်မာနိုင်ငံက ကိုင်တွယ်ဖြေရှင်းရာတွင် ဘက်လိုက်ခွဲခြားမှုမရှိဘဲ မျှတစွာဖြင့် လူ့အခွင့်အရေး ထိခိုက်မှုမရှိစေရေး အလေးထားဆောင်ရွက်ခဲ့သည်ကို တွေ့ရသည်။

မြန်မာနိုင်ငံသမိုင်းတွင် လုံခြုံရေးတပ်ဖွဲ့များသည် တည်ငြိမ်အေးချမ်းမှုပျက်ပြားစေသောဖြစ်စဉ်များ မည်သို့ကိုင်တွယ်ဖြေရှင်းခဲ့သည်ကို သိရှိနိုင်မည်ဖြစ်သည်။ ယခုဖြစ်စဉ်တွင် စနစ်တကျကိုင်တွယ် ဆောင်ရွက်ခဲ့သည်၊ ရခိုင်ပြည်နယ်မြောက်ပိုင်း နယ်စပ်ရဲစခန်းများအား စနစ်တကျအကွက်ချ အကြမ်းဖက်တိုက်ခိုက်ခဲ့ခြင်းမှာ မည်သည့်အဖွဲ့အစည်းဖြစ်သည်ကို တရားဝင်ထုတ်ပြန်ထားရာ မြန်မာနိုင်ငံသာမက နိုင်ငံအများက ဖြစ်စဉ်အမှန်ကို သိရှိထားပြီးဖြစ်သည်။

မြန်မာ့မြေပေါ်တွင် အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ် ဖြစ်ပွားခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့များက ပြစ်မှုကျူးလွန်သူများကို ဖမ်းဆီးအရေးယူစစ်ဆေးရေးနှင့် ၎င်းတို့ယူဆောင်သွားသော လက်နက်များပြန်လည်ရရှိရေးအတွက် နယ်မြေရှင်းလင်းကိုင်တွယ်ဖြေရှင်းမှုပြုရာတွင် လူ့အခွင့်အရေးချိုးဖောက်မှုရှိသည်ဟု စွပ်စွဲလာရာ အစိုးရက ကော်မရှင်တစ်ရပ်ဖွဲ့စည်း၍ စုံစမ်းစစ်ဆေးမှုပြုလုပ်ပေးခြင်းသည် လူ့အခွင့်အရေးပြဋ္ဌာန်းချက်များကို လေးစားလိုက်နာခြင်းပင်ဖြစ်သည်။

ရခိုင်ပြည်နယ်မြောက်ပိုင်းအရေးနှင့်ပတ်သက်ပြီး လူ့အခွင့်အရေးကောင်စီ၏ ဆောင်ရွက်ချက်များသည် ပြဿနာအစိတ်အပိုင်းတစ်ရပ် မဖြစ်သင့်ဘဲ ပြဿနာဖြေရှင်းရေးကို အထောက်အကူပြုသင့်သည်။ နိုင်ငံတကာအဖွဲ့အစည်းအနေဖြင့် လူ့အသိုက်အဝန်းများကို ပိုမိုကွဲပြားသွားစေရန် ဆောင်ရွက်ခြင်းမျိုးမဖြစ်သင့်ဘဲ ပိုမိုနီးကပ်လာရေးအတွက် ကြိုးပမ်းမှုတွင် ကူညီပံ့ပိုးရေးကိုအာရုံစိုက်သင့်သည်။ လူ့အခွင့်အရေးကို ကာကွယ်မြှင့်တင်ရာတွင် ပြစ်တင်ဝေဖန်ရှုတ်ချခြင်း၊ အရေးယူအပြစ်ပေးခြင်းတို့အပေါ် အာရုံစိုက်နေခြင်းထက် ပြဿနာအား ကိုင်တွယ်ဖြေရှင်းရန် ကြိုးပမ်းဆောင်ရွက်ချက်များကို ကူညီပံ့ပိုးရေးအတွက် အပြုသဘောဖြင့် ချဉ်းကပ်ဆောင်ရွက်ရန်လိုအပ်သည်။

လူ့အခွင့်အရေးကာကွယ်မြှင့်တင်ရေးဆောင်ရွက်ရာတွင် ဘက်လိုက်ခွဲခြားမှုမရှိဘဲ မျှတစွာဖြင့် လူသားများ၏အခွင့်အရေးကို ကာကွယ်မြှင့်တင်ပေးရန်နှင့် နိုင်ငံအားလုံး၊ လူသားအားလုံးအကျိုးအတွက်ဖြစ်ရန် လိုအပ်သည်။ ထိုသို့မဟုတ်ပါက လူ့အခွင့်အရေးလုပ်ငန်းများအပေါ် ထားရှိသည့် ယုံကြည်မှုအား ထိခိုက်နိုင်သည်ကို သတိချပ်သင့်သည်။ ။

## (၇၂)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

☆ နိုင်ငံတော်၏ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်နှင့် အကျိုးစီးပွားများကို ကာကွယ်စောင့်ရှောက်ရေးနှင့် နိုင်ငံတော်အစိုးရ၏ လုပ်ငန်းတာဝန်အရပ်ရပ်ကို ထိပါးလာမှုများအား တပ်မတော်မှ ကာကွယ်စောင့်ရှောက်ရေး။

☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူလူထုက ရွေးချယ်သော ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာလျှောက်လှမ်းနိုင်ရန် ထိန်းသိမ်းဆောင်ရွက်ရေးတို့အား တပ်မတော်၏ ရပ်တည်ချက်အဖြစ် မြဲမြံစွာ ခံယူလုပ်ဆောင်ရေး။

☆ ထာဝရငြိမ်းချမ်းရေးတည်ဆောက်ရာတွင် ချမှတ်ထားသော တပ်မတော်၏ ငြိမ်းချမ်းရေးမူဝါဒ(၆)ရပ်ဖြင့် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုနှင့်အတူ ပါဝင်ဆောင်ရွက်ရေး။

☆ နိုင်ငံတော်ကာကွယ်ရေးနှင့် ဘက်စုံလုံခြုံရေးတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရန် စွမ်းရည်ထက်မြက်သည့် တပ်မတော်တည်ဆောက်ရေး။

## မုံရွာခရိုင် လေးမြို့နယ်တွင် မှူခင်းပညာပေးယာဉ်ဖြင့် မှုခင်းအသိပညာပေး

**မုံရွာ မတ် ၅**

မုံရွာခရိုင်အတွင်း မုံရွာမြို့နယ်၊ အရာတော်မြို့နယ်၊ ဘုတလင်မြို့နယ်နှင့် ချောင်းဦးမြို့နယ်များရှိ ကျောင်းများ၊ ဈေးများ၊ ကားဂိတ်၊ ဘူတာ၊ မြစ်ဆိပ်စသည့် လူစည်ကားရာနေရာများအရောက် မုံရွာခရိုင်ရဲတပ်ဖွဲ့ မှုခင်းအသိပညာပေး ရွေ့လျားပြခန်းယာဉ်ဖြင့် မတ် ၄ ရက်မှစတင်၍ ငါးရက်တာ လှည့်လည်ပြသပေး၍ မှုခင်းအသိပေးမှုများကို ပြုလုပ်ပေးလျက်ရှိကြောင်း မုံရွာခရိုင် ခေတ္တရဲတပ်ဖွဲ့မှူးထံမှ သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးကြီး၏ လမ်းညွှန်မှုဖြင့် မုံရွာခရိုင်ရဲတပ်ဖွဲ့ မှုခင်းအသိပညာပေး ရွေ့လျားပြခန်းယာဉ်ကို ၂၀၁၆ ခုနှစ်မှစတင်ကာ မုံရွာခရိုင်လေးမြို့နယ်အတွင်းရှိ အများပြည်သူထံ လှည့်လည်ပြသ၍ မှုခင်းပညာပေးမှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

## ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး မြန်မာ့လက်ရွေးစင် အားကစားသမားများနှင့် အားကစားကွင်း၊ အားကစားရုံများအား ကြည့်ရှုစစ်ဆေး

**ရန်ကုန် မတ် ၅**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ယမန်နေ့ မွန်းလွဲ ၁ နာရီခွဲက ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ မြန်မာနိုင်ငံ သေနတ်ပစ်အားကစားအဖွဲ့ချုပ် အပြည်ပြည်ဆိုင်ရာ သေနတ်ပစ်ကွင်းသို့ရောက်ရှိရာ ၂၀၁၇ ခုနှစ် မလေးရှားနိုင်ငံ၌ကျင်းပမည့် (၂၉)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် စခန်းသွင်းလေ့ကျင့်လျက်ရှိသော မြန်မာ့သေနတ်ပစ်အားကစားသမားများ လေ့ကျင့်နေမှုကို ကြည့်ရှုအားပေးခဲ့ပြီး အားကစားသမားများ၏ စံချိန်နှင့် တိုးတက်မှုအခြေအနေများနှင့်ပတ်သက်၍ ကိုရီးယားသေနတ်ပစ်နည်းပြကိုမေးမြန်းရာ နည်းပြက စံချိန်နှင့် တိုးတက်မှုအခြေအနေများကို အားရကျေနပ်မှုရှိ၍ ရွှေတံဆိပ်ရရှိမည်ဟု ယုံကြည်ကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် မြန်မာနိုင်ငံသေနတ်ပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်မိုးဝင်းက ပြိုင်ပွဲဝင်ပစ်ခတ်သည့် လေပစ္စတိုနှင့် လေရိုင်ဖယ်သေနတ်များ၊ ရိုင်ဖယ်ပစ်အင်္ကျီ၊ ကျည်ဆန်၊ ဖိနပ်၊ လက်အိတ်နှင့် မျက်မှန်များကို ရှင်းလင်းပြသခဲ့ပြီး ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် B.Sc Sports သင်တန်းသား သင်တန်းသူများအား တွေ့ဆုံ၍ လမ်းညွှန်အမှာစကားပြောကြားကာ သင်တန်းသားများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် ပြည်ထောင်စုဝန်ကြီးက လမ်းညွှန်မှာကြားခဲ့သည်။



ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မြန်မာနိုင်ငံမသန်စွမ်းအားကစားအဖွဲ့ချုပ် မြန်မာနိုင်ငံမသန်စွမ်းသူများ အားကစားလေ့ကျင့်ရေးစခန်းသို့ရောက်ရှိရာ မြန်မာနိုင်ငံမသန်စွမ်းသူများ အားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီး(ငြိမ်း) ဦးမျိုးမြင့်က ဂျပန်နိုင်ငံမှ နည်းပြဆရာနှင့်မိတ်ဆက်ပေးကာ နွေရာသီကျောင်းပိတ်ရက်တွင် ကျောင်းသားကျောင်းသူများ ရေကူးကန်အတွင်း ရေကူးလေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးပြီး ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီး(ငြိမ်း) ဦးမျိုးမြင့်က မသန်စွမ်းသူများ အားကစား လေ့ကျင့်ရေးစခန်း၌ တည်ဆောက်ထားသော ရေကူးကန်၊ အမျိုးသား အမျိုးသမီးအိပ်ဆောင်များ၊ စားရိပ်သာ၊ မိုးလုံလေလုံ၊ အားကစားရုံတွင် ဝှီးချဲလ်ဘတ်စကက်ဘော၊ ထိုင်လျက် ဘော်လီဘောနှင့် ဘောလုံးကွင်းတို့အား ကုန်ကျစရိတ်နှင့် ပြင်ဆင်စရိတ်များ၊ အားကစားနည်းအလိုက် စခန်းသွင်းလေ့ကျင့်မည့် အားကစားသမားဦးရေတို့အား ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပြီး မသန်စွမ်းဘောလုံး အားကစားပြိုင်ကွင်းနှင့် မြန်မာနိုင်ငံမြင်းစီးအဖွဲ့ချုပ်သို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ် မြန်မာ့သိုင်းလေ့ကျင့်ရေးကျောင်းသို့ရောက်ရှိရာ ဇေယျာသိဒ္ဓိ သိုင်းခန်းမ၌ မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးရဲမြင့်က ပေ (၁၂၀ × ၉၀)အကျယ်ရှိ မြန်မာ့သိုင်းအားကစားခန်းမ တည်ဆောက်မည့်ပုံစံအား ရှင်းလင်းတင်ပြပြီး တည်ဆောက်မည့် မြေနေရာအား ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့က ကြည့်ရှုစစ်ဆေးကာ လိုအပ်ချက်များ ပံ့ပိုးကူညီဖြည့်ဆည်းပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**(ကြေးမုံ)**

■

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း

သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း

အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်၊
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
အထူးသတင်းထောက် - ဒေါ်ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၁၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၇၃၀၊ ဖက်စ် ၀၁-၂၀၁၃၅၁

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဗီယက်နမ်နိုင်ငံသို့ ချစ်ကြည်ရေးခရီး ထွက်ခွာ

**နေပြည်တော် မတ် ၅**

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ အမျိုးသားကာကွယ်ရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Ngo Xuan Lich ၏ ဖိတ်ကြားချက်အရ ချစ်ကြည်ရေးခရီး သွားရောက်ရန် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာ့တပ်မတော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်လေဆိပ်မှ ထွက်ခွာသွားသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့အား ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံ သံအမတ်ကြီး H.E. Mrs. Luan Thuy Duong၊ ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး H.E. Mr. Sok Chea နှင့် တာဝန်ရှိသူများက လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။**(ယာပုံ)**



မြန်မာ့တပ်မတော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့တွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှ နှင့်အတူ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမြထွန်းဦးနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ လိုက်ပါသွားကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် ဒေသစံတော်ချိန် ညနေ ၄ နာရီတွင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟနွိုင်းမြို့ Noi Bai အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြရာ ဗီယက်နမ်တပ်မတော် နိုင်ငံခြားဆက်ဆံရေးဌာနအကြီးအကဲ Lt. General Vu Chien Thang နှင့် တပ်မတော်အရာရှိကြီးများ၊ ဗီယက်နမ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးကျော်စိုးဝင်း၊ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးကြီးအောင်ကျော်ဦးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် ဒေသစံတော်ချိန် ည ၇ နာရီတွင် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံးသို့ ရောက်ရှိကြပြီး သံရုံးဧည့်ခန်း၌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သံရုံး၊ စစ်သံရုံးတို့မှ မိသားစုများ၊ ဗီယက်နမ်နိုင်ငံတွင် သင်တန်းတက်ရောက်နေသည့် သင်တန်းသားများအား အမှာစကား ပြောကြားသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့က စားသောက်ဖွယ်ရာလက်ဆောင်ပစ္စည်းများ၊ တပ်မတော်အထည်ချုပ်စက်ရုံများမှ အဝတ်အထည်များအား ပေးအပ်ရာ သံအမတ်ကြီးနှင့်ဇနီး၊ သံရုံးမိသားစုများ၊ စစ်သံမှူးနှင့် ဇနီး၊ စစ်သံရုံးမိသားစုများ၊ သင်တန်းသားများက လက်ခံရယူကြသည်။ ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များအား သံရုံးမိသားစုများက ညစာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်နိုင်ငံ သံအမတ်ကြီးအဖြစ် ဒေါက်တာခါလစ်ဟူစိန်မန်မွန်အား ခန့်အပ်ရန် သဘောတူ

**နေပြည်တော် မတ် ၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပါကစ္စတန်နိုင်ငံ သံအမတ်ကြီးအဖြစ် ဒေါက်တာ ခါလစ်ဟူစိန်မန်မွန်အား ခန့်အပ်ရန် အဆိုပြုချက်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

ဒေါက်တာခါလစ်ဟူစိန်မန်မွန်ကို ၁၉၆၄ ခုနှစ်တွင် မွေးဖွားခဲ့ပြီး ၎င်းသည် ဆေးပညာဘွဲ့၊ ဝိဇ္ဇာဘွဲ့နှင့် ဥပဒေဆိုင်ရာဘွဲ့များ ရရှိထားသည်။ ၁၉၈၈ ခုနှစ်တွင် ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီးဌာန၌ စတင်တာဝန်ထမ်းဆောင်ခဲ့ပြီး ဝန်ကြီးဌာနတွင် အစ္စလာမ့်မစ် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့နှင့် အာဖရိကနိုင်ငံများဆိုင်ရာဌာနတွင် အရာထမ်းအဖြစ် လည်းကောင်း၊ အာဖဂန်နစ္စတန်နိုင်ငံဆိုင်ရာဌာနနှင့် ဘဏ္ဍာရေးဌာနတို့၏ ညွှန်ကြားရေးမှူးအဖြစ်လည်းကောင်း၊ ဘဏ္ဍာရေးဌာနနှင့် ဌာနချုပ်တွင် ညွှန်ကြားရေးမှူးချုပ်အဖြစ်လည်းကောင်း ရာထူးအဆင့်ဆင့် တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းသည် ၂၀၀၇ ခုနှစ်မှ ၂၀၀၉ ခုနှစ်အထိ အော်စလိုမြို့ရှိ ပါကစ္စတန်သံရုံး၌လည်းကောင်း၊ ၂၀၁၀ ပြည့်နှစ်မှ ၂၀၁၁ ခုနှစ်အထိ ကိုင်ရိုမြို့ရှိ ပါကစ္စတန်သံရုံး၌လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၁၃ ခုနှစ် ဒီဇင်ဘာလမှစ၍ ပိုလန်နိုင်ငံဆိုင်ရာပါကစ္စတန်သံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။ ၎င်းသည် အိမ်ထောင်ရှင်တစ်ဦးဖြစ်သည်။ **(သတင်းစဉ်)**

## ငရုတ်ကောင်းမြို့မဈေးအတွင်း အသားထုတ်လုပ်မှုများ လတ်ဆတ်မှု ရှိ၊ မရှိ စစ်ဆေး

**ငရုတ်ကောင်း မတ် ၅**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငရုတ်ကောင်းမြို့မဈေးအတွင်း ရောင်းချလျက်ရှိသော ကြက်သား၊ ဝက်သားဆိုင်များရှိအသားများ ကြာရှည်ခံဓာတုဆေးများ သုံးစွဲထားခြင်းနှင့် လတ်ဆတ်မှုမရှိသော စားသောက်ကုန်များကို ရောင်းချခြင်းမရှိစေရန်ရည်ရွယ်၍ ငပုတောမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဒေါက်တာစိုးမြင့်အောင်နှင့် ဝန်ထမ်းများ၊ ငရုတ်ကောင်းမြို့စည်ပင်သာယာရေးအဖွဲ့မှအမှုဆောင်အရာရှိ ဦးသက်မင်းဦးနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာများစုပေါင်း၍ မတ် ၅ ရက် နံနက် ၇ နာရီက စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ပြုံးမောင်မောင်(ပြန်/ဆက်)**

# ကိုယ်ဝန်ဆောင်မိခင်များနှင့် (၂)နှစ်အောက်ကလေးသူငယ်များအား ငွေကြေးအထောက်အပံ့ပေးရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် မတ် ၅**

၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများတွင် ကိုယ်ဝန်ဆောင်မိခင်နှင့် ၎င်းတို့မှ မွေးဖွားလာမည့် ကလေးအသက်(၂)နှစ်အထိ ငွေကြေးထောက်ပံ့ရေးအစီအစဉ် ရှင်းလင်းဆွေးနွေးခြင်းအခမ်းအနားကို ယနေ့တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး တက်ရောက်အမှာစကားပြောကြားသည်။



ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ လူမှုကာကွယ်စောင့်ရှောက်ရေးမဟာဗျူဟာစီမံချက်အရ လုပ်ငန်းစဉ်(၈)ရပ် ချမှတ်ထားပါကြောင်း၊ ထိုလုပ်ငန်းစဉ်များအရ ကိုယ်ဝန်ဆောင်မိခင်နှင့် ၎င်းတို့မှ မွေးဖွားလာမည့် ကလေးအသက်(၂)နှစ်အထိ ငွေကြေးထောက်ပံ့ရေးအစီအစဉ်ကို ဧပြီ ၁ ရက်မှ စတင်အကောင်အထည်ဖော်ရန် စီစဉ်ထားပါကြောင်း၊ လူ့ဘဝတစ်လျှောက် ပုံမှန်ဖွံ့ဖြိုးတိုးတက်မှုရှိရန် လူသားဘဝအစ ရက်(၁၀၀၀)သည် အာဟာရပြည့်ဝရန် အလွန်အရေးကြီးပါကြောင်း၊ မိခင်တစ်ဦးအနေဖြင့် ကိုယ်ဝန်ဆောင်စဉ်ကာလ၊ မီးနေသည်ကာလနှင့် နို့တိုက်မိခင်ကာလများသည် အာဟာရပြည့်ဝရန် လိုအပ်သဖြင့် ဖြည့်စွက်အာဟာရစားသောက်ရန်အတွက် တစ်လလျှင် ကျပ် ၁၅၀၀၀ ထောက်ပံ့ပေးမည်ဖြစ်ပြီး တစ်နေ့လျှင် ကျပ် ၅၀၀ အာဟာရဖြည့်စွက် စားသုံးနိုင်မည်ဖြစ်ပါကြောင်း။

ထိုကဲ့သို့ ထိရောက်သော အာဟာရရရှိပါက ခန္ဓာကိုယ်ပုံမှန်ကြီးထွားပြီး ဦးနှောက်ဖွံ့ဖြိုးမှုကောင်းသောကလေးငယ်များဖြစ်လာမည်ဖြစ်ပြီး အနာဂတ်မြန်မာနိုင်ငံအတွက် အားထားရမည့် မျိုးဆက်သစ်များ ရရှိမည်ဖြစ်ကြောင်း၊ ထောက်ပံ့ငွေကို ကိုယ်ဝန်ဆောင်နှင့် ၎င်းတို့မှ မွေးဖွားလာသော အသက်(၂)နှစ်အောက်ကလေးများ အာဟာရပြည့်ဝရေးအတွက် ထိရောက်စွာအသုံးချရန် လိုအပ်ပါကြောင်း၊ အစားအစာများ သန့်ရှင်းလတ်ဆတ်ရေး၊ အာဟာရပြည့်ဝစွာ စားသုံးရေးတို့အတွက်လည်း အသိပညာပေးအစီအစဉ်များကို ပူးတွဲဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ကိုယ်ဝန်ဆောင်မိခင်များ ကျန်းမာရေးစောင့်ရှောက်မှု ခံယူလာကြခြင်းဖြင့် မိခင်နှင့်ကလေး သေဆုံးမှုနှုန်းများ လျော့နည်းလာမည်ဖြစ်ပါကြောင်း၊ ယခုအစီအစဉ်ကို ကျန်တိုင်းဒေသကြီး/ပြည်နယ်များမှ ကိုယ်ဝန်ဆောင်မိခင်များလည်းသိရှိပြီး လိုက်ပါဆောင်ရွက်ကြခြင်းဖြင့် မြန်မာတစ်နိုင်ငံလုံးရှိ ကလေးသူငယ်များ၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူပြုမည်ဖြစ်သဖြင့် ဒေသတွင်းတာဝန်ရှိအဖွဲ့အစည်းများ၊ ပြည်သူများ၊ သတင်းမီဒီယာများ ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဆောင်ရွက်မည့် အစီအစဉ်နှင့်ပတ်သက်ပြီး လူမှုဝန်ထမ်းဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ်ဒေါက်တာစမ်းစမ်းအေးက ရှင်းလင်းပြောကြားသည်။

အခမ်းအနားသို့ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများမှ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဗဟိုစာရင်းအင်းအဖွဲ့၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ရ/သုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ LIFT Fund နှင့် UNICEF တို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြပြီး ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှ မွေးဖွားလာသော အသက်(၂)နှစ်အောက် ကလေးသူငယ်များအား ငွေကြေးအထောက်အပံ့ပေးရေးအစီအစဉ် အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်နိုင်ရေး ဆွေးနွေးအကြံပြုခဲ့ကြကြောင်း သိရသည်။

**(သတင်းစဉ်)**

## နယ်လှည့်အသိပညာပေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**မောင်တော မတ် ၅**

မောင်တောမြို့နယ် ရွှေဇဟိုစံပြကျေးရွာတွင် ယမန်နေ့နံနက်ပိုင်းက မောင်တောခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက နယ်လှည့်အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အသိပညာပေးလုပ်ငန်းများအဖြစ် စာစောင်နှင့် ဓာတ်ပုံများပြခြင်း၊ စာပေနှင့် စာကြည့်တိုက်တန်ဖိုးအကြောင်း ဟောပြောခြင်း၊ စာကြည့်တိုက်ထူထောင်ရန် စာအုပ်စာစောင်များလှူဒါန်းခြင်း၊ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်း၊ ကလေးငယ်များအား အာဟာရကျွေးမွေးခြင်း၊ အသိပညာဗဟုသုတ၊ ဉာဏ်စွမ်းရည် ဖွံ့ဖြိုးပျော်ရွှင်စေရန် ဗီဒီယိုခွေနှင့် သီချင်းခွေများ၊ ရောင်စုံစက္ကူခေါက်အရုပ်များ၊ ရောင်စုံလေပူပေါင်းများ လက်ဆောင်ပေးခြင်းနှင့် ပုံပြင်ပြောခြင်းများကို ဆောင်ရွက်ခဲ့ကြသည်။

ပညာပေးဟောပြောရာသို့ ရွှေဇဟိုစံပြကျေးရွာမှ ရခိုင်၊ မြိုနှင့် ဒိုင်းနက် ရွာသူ ရွာသား ၂၅၀ ခန့် လာရောက်လေ့လာခဲ့ကြသည်။ **အေးမြ(မန္တလေး)၊ အေးမင်းသူ**



# ဝန်ကြီးချုပ် ရှင်ဇိုအာဘေး နောက်ထပ်သက်တမ်းသုံးနှစ် တာဝန်ထမ်းဆောင်ရန် ပါတီက သဘောတူဆုံးဖြတ်

**တိုကျို မတ် ၅**

ဂျပန်နိုင်ငံ၏အာဏာရပါတီဖြစ်သည့် လစ်ဘရယ်ဒီမိုကရက်တစ်ပါတီက ဝန်ကြီးချုပ်ရှင်ဇိုအာဘေးအား သက်တမ်းသုံးဆက် တိုးမြှင့်တာဝန်ထမ်းဆောင်ရန် ပါတီဝင်များက ယနေ့ကျင်းပသော ပါတီညီလာခံ၌ ဆုံးဖြတ်ချက်ချမှတ်ခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

ပါတီညီလာခံကို တိုကျိုမြို့ရှိ ဟိုတယ်တစ်ခု၌ ကျင်းပခဲ့သည်။ ပါတီဝင်များအပါအဝင် စီရင်စုနယ်များ၏ ပါတီကိုယ်စားလှယ် စုစုပေါင်း ၃၅၀၀ ခန့် တက်ရောက်ကြသည်။

ပါတီအတွင်းရေးမှူးချုပ် တိုရှိဟီရို နီခိုင်က ဝန်ကြီးချုပ်သက်တမ်းတိုးမြှင့်ထမ်းဆောင်မည့် အဆိုတစ်ရပ်ကို ညီလာခံ၌ အဆိုပြုခဲ့သည်။ ပါတီဝင်များက ယင်းအဆိုပြုချက်ကို ထောက်ခံခဲ့ကြသည်။ လက်ရှိကျင့်သုံးနေသည့် ဝန်ကြီးချုပ်သက်တမ်းတွင် ဝန်ကြီးချုပ်တစ်ဦးသည် သုံးနှစ်သက်တမ်းနှစ်ကြိမ်သာ ရွေးကောက်ခံခွင့်ရှိသည်။

ပါတီဥက္ကဋ္ဌ ဝန်ကြီးချုပ် ရှင်ဇိုအာဘေး၏ လက်ရှိသက်တမ်းသည် ဒုတိယအကြိမ်မြောက်ဖြစ်သည်။ လာမည့်နှစ် စက်တင်ဘာလတွင်ကျင်းပမည့် ဝန်ကြီးချုပ်ရွေးကောက်ပွဲတွင် ဝန်ကြီးချုပ် ရှင်ဇိုအာဘေးအနေဖြင့် ဝန်ကြီးချုပ်သက်တမ်းသုံးကြိမ်မြောက်အဖြစ် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

လစ်ဘရယ် ဒီမိုကရက်တစ်ပါတီအနေဖြင့် ၂၇ နှစ်အတွင်း ပထမဆုံးအကြိမ် မဲအများဆုံးအနိုင်ရရှိခဲ့သည့် ယမန်နှစ်ရွေးကောက်ပွဲနှင့် ပတ်သက်ပြီး ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက ပြန်လည်ပြောကြားခဲ့သည်။ ပါတီအနေဖြင့် ပြည်သူများ၏ ယုံကြည်မှုကိုပြန်လည်ရရှိရန် ၂၅ နှစ်ကျော် အချိန်ယူခဲ့ရကြောင်းနှင့် ၎င်းအနေဖြင့် ထိုအချိန်ကတင်းမာမှုများကို အောက်မေ့ သတိရကာ ရှေ့ဆက်ရမည့်အနာဂတ်စိန်ခေါ်မှုများကို အစွမ်းကုန် ရင်ဆိုင်ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်ရှင်ဇိုအာဘေးက ဆိုသည်။

ထို့ပြင် ဝန်ကြီးချုပ်က ယခုနှစ်ကျင်းပခဲ့သော ဖွဲ့စည်းပုံအခြေခံဥပဒေစိုးမိုးမှုနှစ် ၇၀ ပြည့် နှစ်ပတ်လည်နေ့အခမ်းအနားကျင်းပမှုနှင့် ပတ်သက်ပြီး ထည့်သွင်းပြောကြားခဲ့သည်။ ဂျပန်နိုင်ငံအနေဖြင့် နောက်ထပ် နှစ်ပေါင်း ၇၀ တိုင်အောင် ဖွဲ့စည်းပုံအခြေခံဥပဒေစိုးမိုးမှုရှိရန်လိုအပ်ကြောင်း ဝန်ကြီးချုပ်က ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ။**



# နေကထုတ်လွှတ်သော ဒြပ်မြူမှုန်များဘေးမှ ကာကွယ်ရန် အာကာသယာဉ်မှူး အထူးဝတ်စုံကို စမ်းသပ်မည်

**ဟိုင်ဖာ(အစ္စရေး) မတ် ၅**

နက်ရှိုင်းသည့် အာကာသအတွင်း နေမှ ထုတ်လွှတ်သည့် ဒြပ်မြူမှုန်များ သင့်ရောက်ခံရခြင်း၏ ဘေးအန္တရာယ်မှ ကာကွယ်ပေးမည့် ဓာတ်ရောင်ခြည်ကာ အထူးဝတ်စုံတစ်မျိုးကို အစ္စရေးနိုင်ငံအခြေစိုက် ကုမ္ပဏီတစ်ခုက တီထွင်ထုတ်လုပ်ထားပြီးဖြစ်ရာ လစူးစမ်းလေ့လာရေးခရီးစဉ် အကောင်အထည်ဖော်သည့်အခါ လက်တွေ့စမ်းသပ်မည်ဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက မတ် ၅ ရက်တွင် သတင်းထုတ်ပြန်သည်။

အစ္စရေးနိုင်ငံ တဲလ်အဗစ်မြို့ အခြေစိုက် စတမ်ရက်ဒ် ကုမ္ပဏီက တီထွင်ထုတ်လုပ်ခဲ့သော အဆိုပါဝတ်စုံသည် အထူးသဖြင့် Stem Cells ဖြစ်သည့် လူ့တစ်သျှူး မပျက်စီးအောင် ကာကွယ်စောင့်ရှောက်ပေးနိုင်ကြောင်း၊ နက်ရှိုင်းသော အာကာသဟင်းလင်းပြင်အတွင်း နေက ထုတ်လွှတ်နေသည့် ဒြပ်မြူမှုန်များ ဘေးဥပဒ်ပေးမှုမှ အာကာသယာဉ်မှူးများကို ကာကွယ်ပေးနိုင်မည်ဖြစ်ကြောင်း အဆိုပါကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ် အော်လန်မီးစတိန်းက ပြောကြားသည်။ စမ်းသပ်မှုအောင်မြင်ပါက အနာဂတ်ကာလအင်္ဂါဂြိုဟ်လေ့လာရေးခရီးစဉ်တွင် ယင်းဝတ်စုံကို အသုံးပြုနိုင်မည်ဆို၏။

နက်ရှိုင်းသော အာကာသ သို့မဟုတ် အင်္ဂါဂြိုဟ်ပေါ်တွင် နေရောင်ခြည်မှ ထုတ်လွှတ်သော ဒြပ်မှုန်ငယ်များ ရှိနေသည်။ အင်္ဂါဂြိုဟ်၏ လေထုလွှာမှာ အလွန်ပါးလွှာခြင်းကြောင့် နေရောင်ခြည်ဆိုင်ရာ ဒြပ်မှုန်များ ဝင်ရောက်လာခြင်းကို ကာကွယ်နိုင်စွမ်းမရှိဟု ဆိုသည်။

အမေရိကန် အာကာသအေဂျင်စီ(နာဆာ)သည် ၂၀၃၀ ပြည့်လွန် ဆယ်စုနှစ်လယ်ကာလတွင် အင်္ဂါဂြိုဟ်သို့ အာကာသယာဉ်မှူးများ စေလွှတ်နိုင်မည်ဟု မျှော်လင့်ထားသည်။

လူကို သေစေနိုင်သည့် ဓာတ်ရောင်ခြည်မှ ကာကွယ်ပေးနိုင်သော ဝတ်စုံသည် ကွန်တိန်မြေပုံတစ်ခုကဲ့သို့ အလွှာပေါင်းများစွာ ပါရှိသည်။ အာကာသယာဉ်မှူး တစ်ဦးချင်းစီအလိုက် ဝတ်ဆင်ပေးရန် ချုပ်လုပ်ပေးရသည်။ အာကာသယာဉ်မှူး တစ်ဦးချင်းစီ၏ ကိုယ်တွင်းအင်္ဂါများကို ဒိုင်းလွှားသဖွယ် ကာကွယ်ပေးရန် သတ္တုမဟုတ်သော ဒြပ်ပစ္စည်းများ အသုံးပြုကာ ကာကွယ်ရေးဝတ်စုံကို အလွှာလွှာ အထပ်ထပ်ဖြင့် စီရင်ပြုလုပ်ထားသည်။

နာဆာ၊ ဥရောပအာကာသ အေဂျင်စီနှင့် လော့ဟိမာတင်ကုမ္ပဏီတို့၏ ပူးတွဲစီမံကိန်းတစ်ရပ်ဖြစ်သော အော်ရီယွန်အာကာသယာဉ်ကို ၂၀၁၈ ခုနှစ် နှောင်းပိုင်းတွင် လွှတ်တင်သည့်အခါ အဆိုပါဝတ်စုံကို လက်တွေ့စမ်းသပ်မှု ဆက်လက်ပြုလုပ်မည်ဖြစ်သည်။

**ရိုက်တာ။**



# အမေရိကန်တစ်ဝန်းရှိ မက္ကဆီကိုကောင်စစ်ဝန်ရုံးများတွင် တရားဥပဒေရေးရာအကူအညီပေးရေး ဌာနများကို ဖွင့်လှစ်မည်

**နယူးယောက် မတ် ၅**

မိမိ၏ နိုင်ငံသားများကို ကာကွယ်ပေးနိုင်ရေးအတွက် အမေရိကန်ပြည်ထောင်စုတစ်ဝန်းရှိ မက္ကဆီကို ကောင်စစ်ဝန်ရုံးများတွင် တရားဥပဒေရေးရာ အကူအညီပေးရေးဌာနများကို ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက မတ် ၅ ရက်တွင် သတင်းထုတ်ပြန်သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က တရားမဝင် ရွှေ့ပြောင်းအခြေစိုက်နေထိုင်သူများအား ဖြိုခွင်းမည်ဆိုခြင်းကြောင့် စိုးရိမ်ပူပန်မှုများ ဖြစ်ပေါ်နေချိန်၌ မက္ကဆီကို အစိုးရအဖွဲ့က ၎င်း၏ နိုင်ငံသားများကို တရားဥပဒေအရ အကူအညီပေးနိုင်ရေးအတွက် အမေရိကန်တစ်ဝန်း ဖွင့်လှစ်ထားသော ယင်း၏ ကောင်စစ်ဝန်ရုံး ၅၀ တွင် ဥပဒေရေးရာ အထောက်အကူပေးရေးဌာနများကို ဖွင့်လှစ်တော့မည်ဆို၏။

မက္ကဆီကို နိုင်ငံသားများ၏ အခွင့်အရေးများကို အမေရိကန်အစိုးရအဖွဲ့က လေးစားလိုက်နာစေလိုကြောင်း၊ တရားမဝင် ရွှေ့ပြောင်းအခြေစိုက်သူများ တရားဝင်နေထိုင်နိုင်စေမည့် လမ်းကြောင်းတစ်ခုကို ဖွင့်ပေးစေလိုကြောင်း မက္ကဆီကို နိုင်ငံခြားရေးဝန်ကြီး လူဝီဗီဒီဂါရေးက နယူးယောက်မြို့ရှိ မက္ကဆီကိုကောင်စစ်ဝန်ရုံး၌ နိုင်ငံခြားရေးဝန်ကြီးဌာနက စီစဉ်ကျင်းပသော အခမ်းအနားတစ်ရပ်တွင် ပြောကြားသည်။

တရားဥပဒေမဲ့ပြုမူခြင်းကို မိမိတို့ အားပေးနေခြင်း မဟုတ်ကြောင်း၊ နိုင်ငံသားများ ဥပဒေစည်းမျဉ်းများကို လိုက်နာကြရေးကို အစိုးရအဖွဲ့က အလေးပေးကြောင်း၊ သို့ရာတွင် မိမိတို့ နိုင်ငံသားများ၏ လူ့အခွင့်အရေးများကိုလည်း ပြည်ပအစိုးရအဖွဲ့က လေးစားလိုက်နာရန် လိုအပ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် ၎င်း၏ သမ္မတတာဝန်ထမ်းဆောင်မှု ပထမတစ်လတာကာလအတွင်း တရားမဝင် နေထိုင်သူများအား ပြည်နှင်မည့် လုပ်ထုံးလုပ်နည်းများကို ပိုမိုတင်းကျပ်ရန် စတင်ဆောင်ရွက်ခဲ့သည်။

မည်သည့်နိုင်ငံတွင်မဆို တရားဥပဒေစိုးမိုးရေး၊ တရားဥပဒေကျင့်သုံးရေး၊ တရားဥပဒေလိုက်နာရေးမှာ အရေးကြီးကြောင်း၊ မိမိ၏ နိုင်ငံသားများ ပြည်ပတွင် တရားဝင်နေထိုင်ခွင့်ရရှိရေးအတွက် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ပြုပြင်ပြောင်းလဲရေးအစီအစဉ်တစ်ရပ် လိုအပ်လိမ့်မည်ဖြစ်ကြောင်း ဗီဒီဂါရေးက ပြောကြားသည်။

အမေရိကန်ပြည်ထောင်စုအတွင်း တရားမဝင်နေထိုင်သူ မက္ကဆီကိုနိုင်ငံသားဦးရေ ခြောက်သန်းနီးပါး ရှိသည်ဟု ဖြူသုတေသနဌာန၏ လေ့လာချက်တစ်ရပ်တွင် ဖော်ပြထားသည်။

**ရိုက်တာ။**

# အိန္ဒိယလေဆိပ်များတွင် အကြမ်းဖက်မှုမရှိစေရေး လုံခြုံရေးမြှင့်တင်မည့်အစီအစဉ် ရေးဆွဲ

**နယူးဒေလီ မတ် ၅**

အကြမ်းဖက်မှုဘေးအန္တရာယ်မှ လေဆိပ်များအား အကာအကွယ်ပေးနိုင်ရေးစွမ်းပကားကို မြှင့်တင်နိုင်ရန်ရည်ရွယ်လျက် နိုင်ငံတစ်ဝန်းရှိ အရပ်ဘက်လေဆိပ် ၅၉ ခုတွင် အဆင့်မြင့်နည်းပညာသုံး စီစီတီဗွီလုံခြုံရေးကင်မရာများကို တပ်ဆင်ခြင်း၊ ကျည်ကာကားများ ဖြန့်ကြက်ခြင်းနှင့် လေဆိပ်ပတ်ပတ်လည်တွင် လုံခြုံရေးစည်းရိုးကာရံခြင်းတို့ ပြုလုပ်သွားမည့် အစီအစဉ်တစ်ရပ်ကို ရေးဆွဲလျက်ရှိကြောင်း ပီတီအိုင်သတင်းဌာနက မတ် ၅ ရက်တွင် သတင်းထုတ်ပြန်သည်။



လေဆိပ်များ၌ လုံခြုံရေးဆိုင်ရာ စက်ကိရိယာများ တပ်ဆင်ခြင်းနှင့် အခြေခံတည်ဆောက်ခြင်းတို့ကို နိုင်ငံတကာစံနှုန်းများနှင့်အညီ ဆောင်ရွက်သွားနိုင်ရေးအတွက် အစီအစဉ်တစ်ရပ်ကို အိန္ဒိယလက်နက်ကိုင်ရဲတပ်ဖွဲ့က ရေးဆွဲလျက်ရှိသည်။

ခေတ်မီလုံခြုံရေးအစီအမံများကို ချမှတ်ဆောင်ရွက်ပြီးသည်နှင့် တစ်ပြိုင်နက်တည်း အိန္ဒိယလေဆိပ်များသည် ကမ္ဘာပေါ်တွင် လုံခြုံရေးအရ အဆင့်အမြင့်ဆုံးလေဆိပ်များတွင် ပါဝင်လာမည်ဟု ဆိုသည်။

လက်နက်ကိုင်ရဲတပ်ဖွဲ့၊ မြို့ပြလေကြောင်းလုံခြုံရေးဗျူရိုနှင့် လေဆိပ်ဝန်ဆောင်လုပ်ငန်းကုမ္ပဏီများစုပေါင်း၍ လုံခြုံရေးအရ အဆင့်မြှင့်တင်မှု ပြုလုပ်မည့် လေဆိပ်များကို ရွေးချယ်နိုင်ရန် သုံးသပ်လေ့လာလျက်ရှိသည်။

လေဆိပ်များ၌ လုံခြုံရေးစနစ်များတပ်ဆင်ကာ အဆင့်မြှင့်တင်မှုလုပ်ငန်းကို လာမည့်လအနည်းငယ်အတွင်း စတင်ပြုလုပ်နိုင်မည်ဟု မျှော်လင့်ရသည်။

လေဆိပ်လုံခြုံရေးကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်မည့် အစီအစဉ်နှင့်ပတ်သက်၍ ပူးပေါင်းဆောင်ရွက်နိုင်ရန် အခြားသော သက်ဆိုင်ရာ အဖွဲ့အစည်းများထံ အသိပေးအကြောင်းကြားသွားမည်ဖြစ်ကြောင်း လက်နက်ကိုင်ရဲတပ်ဖွဲ့၏ ညွှန်ကြားရေးမှူးချုပ် အိုပီဆင်းက ပြောကြားသည်။

လေယာဉ်ပေါ် မတက်ရောက်မီ ခရီးသည်များအား လုံခြုံရေးအရ လေ့လာစောင့်ကြည့်ခြင်း၊ ခရီးသည်များ နားနေဆောင်မှသည် လေယာဉ်ရပ်နားထားရာနေရာအထိ နေရာအမျိုးမျိုးတွင် လှုပ်ရှားဆောင်ရွက်ချက်များကို မှတ်တမ်းယူသွားရန် စီစီတီဗွီကင်မရာများကို တပ်ဆင်သွားမည်ဆို၏။

**ပီတီအိုင်။**

# နိုင်ငံတကာမြင်ကွင်း



## ရဲရင့်လင်းလက်

ဗီယက်နမ်နိုင်ငံရဲ့ နိုင်ငံပိုင်သတင်းစာတွေက နှစ်ပေါင်းများစွာ မသိသလို၊ မဖြစ်ခဲ့သလို လုပ်ခဲ့တဲ့ အကြောင်းအရာကို ဖော်ပြလာတာ တွေ့ရပါတယ်။ ဒါကတော့ ၁၉၇၉ ခုနှစ် တရုတ်-ဗီယက်နမ် နယ်စပ်စစ်ပွဲပါ။ မသိသလို၊ မဖြစ်ခဲ့သလို ရှောင်ရှားခဲ့တဲ့ကိစ္စရပ်ကို ဖော်ပြလာတဲ့သဘောက နှစ်နိုင်ငံဆက်ဆံမှုသမိုင်းမှာ ခါးသီးနာကြည်းစရာဖြစ်ရပ်ကို ကိုင်တွယ်ဖြေရှင်းမယ့်သဘောလို့ပဲ ယူဆရမှာပါ။ ဗီယက်နမ်နိုင်ငံရဲ့ နိုင်ငံပိုင်သတင်းစာတော်တော်များများက ၁၉၇၉ ခုနှစ် တရုတ်-ဗီယက်နမ်နယ်စပ်စစ်ပွဲကို ပထမဦးဆုံးအကြိမ် ရေးသားဖော်ပြလာပါတယ်။ ဗီယက်နမ်နိုင်ငံကို အုပ်ချုပ်နေတဲ့ ကွန်မြူနစ်ပါတီက ဆင်ဆာမူဝါဒကို ဖြေလျှော့လာတယ်လို့လည်း ယူဆနိုင်ပါတယ်။

၁၉၇၉ခုနှစ် တရုတ်-ဗီယက်နမ် နယ်စပ်စစ်ပွဲဟာ ၁၉၇၉ ခုနှစ် ဖေဖော်ဝါရီ ၁၇ ရက်နံနက် ဝေလီဝေလင်းမှာ စဖြစ်ပွားခဲ့တာပါ။ တရုတ်နိုင်ငံက ဗီယက်နမ်နိုင်ငံရဲ့ မြောက်ပိုင်းပြည်နယ်တွေကို ကျူးကျော်စစ်ပုံစံအပြည့်နဲ့ ဝင်ရောက်တိုက်ခိုက်ခဲ့ရာကနေ ဖြစ်ပွားခဲ့တာပါ။ ပြောမယ်ဆိုရင် ဒီတရုတ်-ဗီယက်နမ်နယ်စပ်စစ်ပွဲဟာ သက်တမ်းသိပ်မကြာခဲ့ပါဘူး။ ၂၇ ရက်ပဲ ကြာခဲ့တာပါ။ ဒါပေမယ့် ဒီနယ်စပ်စစ်ပွဲကြောင့် သေကျေပျက်စီးဆုံးရှုံးမှုကတော့ ရောမလို့ပဲပြောရမှာပါ။ တရုတ်နိုင်ငံဘက်ကရော ဗီယက်နမ်နိုင်ငံဘက်ကပါ သေဆုံးဒဏ်ရာရသူစာရင်းကို တရားဝင်မထုတ်ပြန်ခဲ့တဲ့အတွက် အတိအကျပြောဖို့ကတော့ မလွယ်ပါဘူး။ တချို့သုံးသပ်သူတွေကတော့ တရုတ်စစ်တပ်ရဲ့ ကျဆုံးစာရင်းဟာ ၂၁၀၀၀ ကနေ ၆၃၀၀၀ အထိ ရှိနိုင်တယ်လို့ ခန့်မှန်းကြပါတယ်။ ဗီယက်နမ်ရဲ့ကျဆုံးစာရင်းကိုလည်း သောင်းဂဏန်းအထိ တွက်ချက်ခန့်မှန်းကြပါတယ်။ ဒီနယ်စပ်စစ်ပွဲရဲ့ စစ်မြေပြင်ဟာ ဗီယက်နမ်နိုင်ငံထဲမှာပဲရှိတာမို့ ဗီယက်နမ်နိုင်ငံရဲ့ ကျဆုံးစာရင်းမှာ အရပ်သူအရပ်သားတွေလည်း ပါဝင်နေတာပါ။

တိုတောင်းပြီး ခါးသီးနာကြည်းစရာကောင်းတဲ့ ဒီနယ်စပ်စစ်ပွဲဟာ မတူကွဲပြားတဲ့ ကွန်မြူနစ်ဝါဒကို ကျင့်သုံးကြတဲ့ အိမ်နီးချင်းနိုင်ငံနှစ်နိုင်ငံကြား အဆင်မပြေတဲ့ ကာလတွေရဲ့ ကနဦးအစလို့ပြောရမှာပါ။ တရုတ်နိုင်ငံနဲ့ ဗီယက်နမ်နိုင်ငံတွေကြားမှာ ဒီနယ်စပ်စစ်ပွဲအပြင် နှစ်နိုင်ငံနယ်စပ်မျဉ်းတစ်လျှောက် ထိတွေ့တိုက်ပွဲငယ်တွေ ဖြစ်ခဲ့သလို ၁၉၈၈ ခုနှစ် နှစ်နိုင်ငံကြား ထိပ်တိုက်တွေ့ဆုံမှုကြောင့် ဗီယက်နမ်သင်္ဘောသား ၆၄ ဦး သေဆုံးခဲ့ဖူးပါတယ်။ စပရက်တလေ ကျွန်းစုတွေကို တရုတ်နိုင်ငံက သိမ်းပိုက်ထားတာကလည်း နှစ်နိုင်ငံကြား အဖုအထစ်ဖြစ်စရာကိစ္စပါ။ ဒါပေမယ့်ကမ္ဘောဒီးယားနိုင်ငံကနေ ဗီယက်နမ်တပ်ဖွဲ့တွေ ပြန်ရုပ်သိမ်းခဲ့တာနဲ့ ၁၉၉၀အစောပိုင်းကာလက ဆိုဗီယက်ပြည်ထောင်စု အပါအဝင် အရှေ့ဥရောပနိုင်ငံတွေမှာ ကွန်မြူနစ်အစိုးရတွေ ပြိုလဲခဲ့တဲ့ဖြစ်ရပ်တွေဟာ နှစ်နိုင်ငံကြားပြန်လည်သင့်မြတ်ရေးကို ဦးတည်စေခဲ့ပါတယ်။ ၁၉၉၀ ပြည့်နှစ်က တရုတ်နိုင်ငံ ချန်ဒူးမြို့မှာ တရုတ်နိုင်ငံနဲ့ ဗီယက်နမ်နိုင်ငံတွေဟာ လျှို့ဝှက်ထိပ်သီးအစည်းအဝေးတစ်ရပ် ကျင်းပခဲ့ပြီး နောက်တစ်နှစ်မှာ နှစ်နိုင်ငံကြား သံတမန်ဆက်သွယ်ရေး ပြန်စခဲ့ပါတယ်။

နှစ်နိုင်ငံကြား ဒီလိုသံတမန်ဆက်သွယ်ရေးပြန်စခဲ့တဲ့အတွက် ဗီယက်နမ်နိုင်ငံရဲ့ နိုင်ငံပိုင်သတင်းစာတွေမှာ နှစ်နိုင်ငံကြား အဖုအထစ်ဖြစ်စရာကိစ္စတွေကို မဖော်ပြတော့ပါဘူး။ ဗီယက်နမ်ခေါင်းဆောင်တွေဟာ နှစ်နိုင်ငံ သမိုင်းကြောင်းတစ်လျှောက်ရှိခဲ့တဲ့ မပြေလည်မှုတွေနဲ့ နာကြည်းမှုတွေကို ဘေးဖယ်ပြီး တရုတ်နိုင်ငံနဲ့ နိုင်ငံရေးအရရော စီးပွားရေးအရပါ ပူးပေါင်းဆောင်ရွက်ဖို့ကိုပဲ အာရုံစိုက်ဆောင်ရွက်ခဲ့ပါတယ်။ ပြောရရင် နှစ်နိုင်ငံကြားဖြစ်ပွားခဲ့တဲ့ နာကြည်းစရာကိစ္စရပ်တွေအပေါ် တရုတ်နိုင်ငံက ပိုပြီး ခပ်မဆိတ်နေခဲ့တာပါ။ ၂၀၀၅ ခုနှစ်ထုတ် နယူးယောက်တိုင်း(မ်) သတင်းစာတစ်စောင်မှာ ဆောင်းပါးရှင် ဟောင်းဝပ်ဖရန့်က "ဒီစစ်ပွဲကို တရုတ်နိုင်ငံက စတင်ဖန်တီးခဲ့ပြီး ဒီစစ်ပွဲဟာ တရုတ်နိုင်ငံအတွက် ဆုံးရှုံးမှုလို့ မပြောနိုင်ဘူးဆိုရင်တောင်မှ မရေမရာရည်ရွယ်ချက်တွေအတွက် တန်ဖိုးကြီးကြီးပေးဆပ်ခဲ့ရတဲ့အမှားတစ်ခုပါ။ ဒီမရေမရာရည်ရွယ်ချက်တွေထဲမှာ ကမ္ဘောဒီးယားနိုင်ငံရဲ့ ခမာနီခေါင်းဆောင် ပိုလ်ပေါ့ကို ဗီယက်နမ်နိုင်ငံက ဖြုတ်ချခဲ့တဲ့အတွက် ဗီယက်နမ်နိုင်ငံကို ဒဏ်ခတ်ချင်တာက အဓိကအချက်ပါ။ ပိုလ်ပေါ့ဟာ တရုတ်နိုင်ငံရဲ့မဟာမိတ်ဖြစ်ပြီး ၂၀ ရာစုရဲ့ အဆိုးရွားဆုံးအာဏာရှင်တစ်ဦးလို့ပြောရမှာပါ" ဆိုပြီး ရေးသားထားပါတယ်။ ဆောင်းပါးခေါင်းစဉ်ကို "အကြောင်းမဲ့ စစ်ပွဲလေလား၊ တရုတ်နိုင်ငံက ပြည်ဖုံးကားချလိုက်ပါပြီ"လို့ ပေးထားပါတယ်။

အခုချိန်အထိတော့ တရုတ်နိုင်ငံကရော ဗီယက်နမ်နိုင်ငံကပါ နာကြည်းစရာအတိတ်ဇာတ်လမ်းတွေကို ပြန်အစဖော်ကြပါဘူး။ နှစ်နိုင်ငံဆက်ဆံရေးကို ထိခိုက်စေမယ့် ဒီလိုအတိတ်သမိုင်းတူးဆွမှုတွေကို တင်းတင်းကျပ်ကျပ် တားမြစ်ထားတာပါ။ ဟန္နိုင်းမြို့နဲ့ ဟိုချီမင်းမြို့တွေမှာ ဗီယက်နမ်နိုင်ငံသားတချို့က တရုတ်-ဗီယက်နမ်နိုင်ငံ နယ်စပ်စစ်ပွဲ (၃၈)နှစ်မြောက်အခမ်းအနားကျင်းပဖို့ ကြိုးစားတဲ့အခါ ဗီယက်နမ်ရဲတပ်ဖွဲ့က လူစုခွဲနှိမ်နင်းခဲ့ပါတယ်။ ခါတိုင်းနှစ်တွေနဲ့ မတူတဲ့ ဒီနှစ်ရဲ့ထူးခြားချက်ကတော့ နှစ်နိုင်ငံကြားက နယ်စပ်စစ်ပွဲအကြောင်းကို Thanh Nien၊ Vietnam Net နဲ့ Vn Express တို့လို ဗီယက်နမ်နိုင်ငံပိုင် သတင်းစာတွေမှာ ဖော်ပြခဲ့ကြပါတယ်။ ဒါပေမယ့် ဗီယက်နမ်ကွန်မြူနစ်ပါတီရဲ့ အာဘော်ဖြစ်တဲ့ Nhan Dan သတင်းစာမှာတော့ ဒီကိစ္စကိုမဖော်ပြခဲ့ပါဘူး။ နိုင်ငံပိုင်သတင်းစာတွေမှာ နှစ်နိုင်ငံကြားက နယ်စပ်စစ်ပွဲကို ပြန်ဖော်ပြဖို့ဆိုတာ ဗီယက်နမ်ကွန်မြူနစ်ပါတီရဲ့ ခွင့်ပြုချက်မရှိဘဲ မဖြစ်နိုင်ပါဘူး။ ဒီလိုဖော်ပြခဲ့တဲ့အတွက် ဗီယက်နမ်ကွန်မြူနစ်ပါတီရဲ့ တရုတ်နိုင်ငံဆိုင်ရာ အတိတ်၊ ပစ္စုပ္ပန် ဆက်ဆံရေးအပေါ် ချဉ်းကပ်ပုံပြောင်းလဲလာတယ်လို့ ကောက်ချက်ချနိုင်ပါတယ်။

၂၀၁၆ ခုနှစ် မတ်လမှာတော့ ကျဆုံးသွားတဲ့ တရုတ်သင်္ဘောသား ၆၄ ဦးရဲ့ (၂၈)နှစ်မြောက် အခမ်းအနားကို ဗီယက်နမ်တစ်နိုင်ငံလုံးမှာ ကျင်းပခဲ့ပါတယ်။ ဗီယက်နမ်ကွန်မြူနစ်ပါတီရဲ့ အာဘော်ဖြစ်တဲ့ Nhan Dan အပါအဝင် ဗီယက်နမ်နိုင်ငံပိုင်သတင်းစာတွေက ဒီဖြစ်ရပ်ကို တရုတ်ကျူးကျော်စစ်တွန်းလှန်ပွဲအဖြစ်ပုံဖော်ခဲ့ပြီး ကျဆုံးသူတွေကို သူရဲကောင်းတွေအဖြစ် ဖော်ပြခဲ့ပါတယ်။ မကြာသေးခင်နှစ်တွေအတွင်း တရုတ်နိုင်ငံဟာ တောင်တရုတ်ပင်လယ်မှာ ဩဇာအာဏာဖြန့်ကြက်ခဲ့မှုကြောင့် ဗီယက်နမ်ပြည်သူတွေက ဗီယက်နမ်အစိုးရအပေါ် အငြင်းပွားနေတဲ့ ပင်လယ်ပြင်ပိုင်နက်နယ်မြေတွေနဲ့ ပတ်သက်ပြီး အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို ခိုင်ခိုင်မာမာဖော်ပြလာအောင် တွန်းအားပေးခဲ့တာကတော့ မငြင်းနိုင်တဲ့အချက်ပါ။ ပြောရရင် ဗီယက်နမ်ကွန်မြူနစ်ပါတီရဲ့ ဦးဆောင်မှုနဲ့ ဗီယက်နမ်ပြည်သူတွေဆင်နွှဲခဲ့ရတဲ့ ပြည်ပကျူးကျော်မှုဟန့်တားရေးစစ်ပွဲတွေက မနည်းပါဘူး။ ဂျပန်ကျူးကျော်စစ် (၁၉၄၅)၊ ပြင်သစ်ကျူးကျော်စစ် (ပထမအင်ဒိုချိုင်းနားစစ်ပွဲ ၁၉၄၆-၅၅)၊ အမေရိကန်ကျူးကျော်စစ် (ဒုတိယအင်ဒိုချိုင်းနားစစ်ပွဲ ၁၉၅၄-၇၅) နဲ့ ၁၉၇၉ ခုနှစ် တရုတ်-ဗီယက်နမ် နယ်စပ်စစ်ပွဲ တတိယ အင်ဒိုချိုင်းနားစစ်ပွဲတွေပါ။ တတိယအင်ဒို ချိုင်းနားစစ်ပွဲကလွဲလို့ ကျန်ကျူးကျော်မှုဟန့်တားရေးစစ်ပွဲမှာ ဗီယက်နမ်နိုင်ငံက အောင်ပွဲခံနိုင်ခဲ့တာဖြစ်လို့ ဗီယက်နမ်ပြည်သူတွေအတွက် ဂုဏ်ယူစရာပါ။

အတိတ်သမိုင်းမှာ တရုတ်-ဗီယက်နမ် နယ်စပ်စစ်ပွဲကို မသိသလို မဖြစ်သလိုနေခဲ့တဲ့အတွက် လူငယ်မျိုးဆက်သစ်တွေဟာ ဒီနယ်စပ်စစ်ပွဲအကြောင်းကို သိပ်မသိကြပါဘူး။ လက်ရှိအခြေအနေမှာတော့ ဒီတရုတ်-ဗီယက်နမ်နယ်စပ် စစ်ပွဲအကြောင်းကို သမိုင်းသင်ရိုးညွှန်းတမ်းစာအုပ်တွေမှာ ထည့်သွင်းပေးဖို့တောင်းဆိုမှုတွေ ရှိလာပါတယ်။ ဒါပေမယ့် ဗီယက်နမ်ကွန်မြူနစ်ပါတီက အိမ်နီးချင်းတရုတ်နိုင်ငံက ဒီလိုဆောင်ရွက်ခဲ့ရင် စိတ်ဆိုးအမျက်ထွက်မှာစိုးရိမ်တဲ့အတွက် ဆောင်ရွက်လိုစိတ်ရှိပုံမရပါဘူး။ ပကတိအခြေအနေအရ ဗီယက်နမ်ကွန်မြူနစ်ပါတီရဲ့ ဆုံးဖြတ်ချက်ဟာ မှန်ကန်တယ်လို့ ပြောနိုင်ပေမယ့် ဗီယက်နမ်ပြည်သူတွေက ဒီဆုံးဖြတ်ချက်အပေါ်မှာ အားမလိုအားမရ ဖြစ်ပုံရပါတယ်။ ပြောရရင် အဖြစ်အပျက်အမှန်တွေကို အသိအမှတ်ပြုတာဟာ သမိုင်းဒဏ်ရာဒဏ်ချက်တွေကို ကုစားရာမှာ ထိရောက်ပါတယ်။ သမ္မတအိုဘားမားက အမေရိကန်-ဗီယက်နမ်စစ်ပွဲကို ရည်ညွှန်းပြီး "ကျွန်တော်တို့ရဲ့ ရည်ရွယ်ချက်က ဘယ်လိုပဲဖြစ်ဖြစ် စစ်ပွဲတွေကကြေကွဲစရာဖြစ်ရပ်တွေနဲ့ နစ်နာဆုံးရှုံးမှုတွေကိုပဲ ဖန်တီးပေးတာပါ။ စစ်ပွဲရဲ့ အကြောင်းတရားတွေအပေါ် ကျွန်တော်တို့ ဘယ်လိုပဲသဘောကွဲကွဲ တိုင်းပြည်အတွက် အသက်ပေးတာဝန်ထမ်းဆောင်ခဲ့တဲ့ ရဲဘော်တွေရဲ့ အိမ်အပြန်ကိုတော့ ကျွန်တော်တို့ချီးကျူးဂုဏ်ပြုဖို့ လိုပါတယ်။ ဒါဟာ ဒီရဲဘော်တွေ ရသင့်ရထိုက်တဲ့ ချီးကျူးဂုဏ်ပြုမှုမျိုးပါ" လို့ အသိအမှတ်ပြုစကားပြောခဲ့ပါတယ်။ တရုတ်-ဗီယက်နမ် နယ်စပ်စစ်ပွဲနဲ့ ပတ်သက်လို့ ပြောရမယ်ဆိုရင် ဒီစစ်ပွဲနဲ့ပတ်သက်ပြီး နှစ်နိုင်ငံပညာရှင်တွေကြား ပြောဆိုဆွေးနွေးမှုတွေ ရှိလာနိုင်တဲ့ အရိပ်လက္ခဏာတွေ တွေ့ရပါတယ်။ ဒီအရိပ်လက္ခဏာတွေဟာ တရုတ်ပြည်သူတွေနဲ့ ဗီယက်နမ်ပြည်သူတွေကြား ရေရှည်တည်တံ့မယ့် ချစ်ကြည်ရင်းနှီးမှုတည်ဆောက်ရေးမှာ အရေးပါတဲ့ ခြေလှမ်းတစ်လှမ်းဖြစ်လာနိုင်တယ်ဆိုတာကို ထောက်ပြရင်း ငြိမ်းချမ်းရေးက စစ်ပွဲတွေအပေါ် အောင်ပွဲခံနိုင်ပါစေလို့ ဆုတောင်းမိပါတယ်။ ။

---

**✱ ၂၀၁၇ မှ**

လိုက်နာဖြေဆိုကြဖို့ မေတ္တာရပ်ခံလိုပါတယ်။ စာမေးပွဲဖြေဆိုနေတဲ့အတွင်းမှာလည်း အခက်အခဲမရှိရအောင် ကျွန်တော်တို့ပညာရေးဝန်ထမ်းအားလုံးက အတတ်နိုင်ဆုံး ကူညီဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ ဒါကြောင့် အားလုံးအထူးချွန်ဆုံးဖြေဆိုနိုင်စေဖို့ ဆုတောင်းပေးပါတယ်"ဟု ၎င်းက ပြောသည်။

ယခုနှစ်စာမေးပွဲတွင် စာဖြေခန်းတစ်ခန်းလျှင် ဖြေဆိုသူဦးရေ ၃၀ သတ်မှတ်ထားပြီး လက်ထောက်ကြီးကြပ်ရေးမှူးနှစ်ဦးက ကြီးကြပ်မည်ဖြစ်သည်။ ထို့ပြင် ဖြေဆိုသူဦးရေ ၈၀၀ ရှိသော စာစစ်ဌာနတစ်ခုကို ကြီးကြပ်ရေးမှူးတစ်ဦး တာဝန်ချထားပြီး ၈၀၀ ထက်ကျော်လွန်ပါက တွဲဖက်ကြီးကြပ်ရေးမှူးတစ်ဦးကိုပါ အပိုချထားပေးကြောင်းသိရသည်။

ယမန်နှစ်ကကျင်းပခဲ့သည့် တက္ကသိုလ်ဝင်စာမေးပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ ဖြေဆိုသူဦးရေ ၉၁၆၈၈ ဦးရှိခဲ့ပြီး စာစစ်ဌာန ၁၆၅ ခု ဖွင့်လှစ်ဖြေဆိုခဲ့ရာ အောင်မြင်သူ ၃၂၅၅၁ ဦး ရှိခဲ့သည်။ မန္တလေးတိုင်းဒေသကြီးတွင် ယခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် ကျောင်းသား ကျောင်းသူများအနက် အိုးဘိုအကျဉ်းထောင်စာစစ်ဌာနမှ ၁၁ ဦး၊ မန္တလေး အထွေထွေရောဂါကုဆေးရုံကြီးစာစစ်ဌာနမှ သုံးဦးနှင့် ဆွံ့အနားမကြားကျောင်းသားကျောင်းသူ ကိုးဦးတို့ ဝင်ရောက်ဖြေဆိုကြမည်ဖြစ်ကြောင်း မတ် ၄ ရက် စာရင်းများအရ သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

---

**❍ ရောဝတီအသင်းမှ**

ရောဝတီအသင်း ဒုတိယဂိုးထပ်ရခဲ့ပြီး တိုက်စစ်မှူး မာတူနာက သွင်းယူခဲ့ခြင်းဖြစ်သည်။ ယင်းနောက်ပိုင်းတွင် ရောဝတီအသင်းက အနိုင်ရလဒ်ကို ထိန်းကစားသွားခဲ့သော်လည်း ဂိုးရနိုင်သည့်အခွင့်အရေးများထပ်ရခဲ့ပြီး အသုံးမချနိုင်ခဲ့၍သာ ဂိုးထပ်မရခြင်းဖြစ်သည်။

ပွဲစဉ် (၈)အပြီးတွင် ရန်ကုန်အသင်းက ၂၂ မှတ်ဖြင့် ထိပ်ဆုံးမှ ဦးဆောင်လျက်ရှိပြီး ရတနာပုံအသင်းက ၁၈ မှတ်ဖြင့် ဒုတိယ၊ ရှမ်းယူနိုက်တက်အသင်းက ၁၆ မှတ်ဖြင့် တတိယနေရာတွင် ရပ်တည်နေကာ ဇွဲကပင်အသင်းက ၁၃ မှတ်၊ ရောဝတီအသင်းက ၁၁ မှတ်၊ မကွေးအသင်းက ကိုးမှတ်၊ ရခိုင်အသင်းက ရှစ်မှတ်၊ ချင်းယူနိုက်တက်၊ ဟံသာဝတီနှင့် နေပြည်တော်အသင်းတို့က ခုနစ်မှတ်စီ၊ Southern အသင်းနှင့် GFA အသင်းတို့က ငါးမှတ်စီ ရရှိထားသည်။ **(ရွှေထက်ဇော်)**

# ကိုယ်တွေ့ အာဆီယံ

## အောင်အောင်(IR)

ASSOCIATION OF SOUTHEAST ASIAN NATIONS

အရှေ့တောင်အာရှနိုင်ငံများအသင်း (ASEAN) အတွင်းရေးမှူးများအဖွဲ့ရုံးတည်ရှိရာ ASEAN Secretariat တွင် လစ်လပ်နေသောအထက်တန်းရာထူးတစ်နေရာအတွက် ဝင်ရောက်လျှောက်ထားခဲ့ရာ နောက်ဆုံးအဆင့်စာရင်း (short-list) ဝင်ခဲ့သဖြင့် အတွင်းရေးမှူးများအဖွဲ့ရုံးတည်ရှိရာ အင်ဒိုနီးရှားနိုင်ငံ (Indonesia) မြို့တော် ဂျာကာတာ (Jakarta)သို့ အင်တာဗျူးဖြေဆိုရန်ပြီးခဲ့သည့် ဖေဖော်ဝါရီလတွင် ရောက်ရှိဖြစ်ခဲ့သည်။ အရှေ့တောင်အာရှနိုင်ငံများအသင်းကို အာဆီယံဟု လူသိများပါသည်။

ရန်ကုန်မှ ဂျာကာတာ အသွား၊ အပြန် လေယာဉ်လက်မှတ်၊ အင်တာဗျူးကာလ နှစ်ညအိပ်တည်းခိုနေထိုင်စရိတ်၊ လေဆိပ်မှ ဟိုတယ်၊ ဟိုတယ်မှ အင်တာဗျူးဖြေဆိုမည့် အာဆီယံရုံးဆီသို့ အသွားအပြန် သယ်ယူပို့ဆောင်မှုများကို အာဆီယံမှကျခံပေးရာ အခမဲ့နီးပါး အင်ဒိုနီးရှားသို့ အင်တာဗျူးသွားရောက်ဖြေဆိုရခြင်း ဖြစ်သည်။ ဆိုရလျှင် စာရေးသူအနေဖြင့် ပြည်ပ အင်တာဗျူးအတွေ့အကြုံသာမက မိမိနိုင်ငံအဖွဲ့ဝင်အဖြစ်ပါဝင်သည့် အာဆီယံရုံးချုပ် (တစ်နည်း) အာဆီယံ အတွင်းရေးမှူးများအဖွဲ့ရုံးနှင့် အင်ဒိုနီးရှားနိုင်ငံမြို့တော် ဂျာကာတာတို့သို့ လေ့လာလည်ပတ်ခွင့်သဘောရရှိခဲ့လေသည်။

ဂျာကာတာသို့ ရောက်ရှိချိန် နှစ်ညတာကာလဆိုသည်မှာ တိုတောင်းလှပါသည်။ ထို့အပြင် အင်တာဗျူးအတွက် ပြင်ဆင်နေရသည်ဖြစ်ရာ ဂျာကာတာမြို့တော်အတွင်း လေ့လာလည်ပတ်ချိန်များစွာ မရရှိခဲ့လှပေ။ အင်တာဗျူးပြီးဆုံးပြီးနောက် ရရှိသည့်နေ့တစ်ဝက်တာကာလအတွင်း အငှားယာဉ်တစ်စီးငှားရမ်းကာ ဂျာကာတာမြို့ရှိ ထင်ရှားသောနေရာအချို့သို့ လေ့လာရေးသွားရောက်ဖြစ်သည်။

**အင်ဒိုနီးရှားနိုင်ငံ (Indonesia)**

အင်ဒိုနီးရှားနိုင်ငံသည် အရှေ့တောင်အာရှဒေသတွင် တည်ရှိပြီး အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ) စတင်တည်ထောင်သည့် ဦးဆောင်အဖွဲ့ဝင်နိုင်ငံ ငါးနိုင်ငံအနက်မှ တစ်နိုင်ငံဖြစ်သည်။ အင်ဒိုနီးရှားနိုင်ငံသည် အကျယ်အဝန်းစတုရန်းကီလိုမီတာ ၁ ဒသမ ၉ သန်း(၇၂၄၃၀၈ စတုရန်းမိုင်) ကျယ်ဝန်းပြီး ကျွန်းစုပေါင်း ၆၀၀၀ ကျော်ဖြင့် ဖွဲ့စည်းတည်ရှိသည်။ လူဦးရေ ၂၄၃ သန်းကျော် မှီတင်းနေထိုင်ပြီး နိုင်ငံသားအများစုသည် အစ္စလာမ်ဘာသာကိုကိုးကွယ်ကြသည်။ အင်ဒိုနီးရှားနိုင်ငံသည် အာဆီယံဒေသတွင် လူဦးရေအများဆုံးနှင့် ဧရိယာနယ်နိမိတ်အကျယ်ဝန်းဆုံးနိုင်ငံ ဖြစ်သည်။ ထို့အပြင် အင်ဒိုနီးရှားနိုင်ငံသည် ကမ္ဘာ့အစ္စလာမ်ဘာသာဝင် အများဆုံးနေထိုင်ရာတိုင်းပြည်အဖြစ်လည်း လူသိများသည်။ အာဆီယံဒေသတွင် အင်ဒိုနီးရှားနိုင်ငံသည် လူမှုစီးပွားဖွံ့ဖြိုးမှု အလယ်အလတ်အခြေအနေရှိသည့်နိုင်ငံအဖြစ် သတ်မှတ်ခံရသည်။ ဆိုရလျှင် အင်ဒိုနီးရှားသည် ဖွံ့ဖြိုးတိုးတက်မှုနှင့် လူတစ်ဦးချင်းဝင်ငွေတွင် မြန်မာနိုင်ငံထက်သာလွန်ပြီး ထိုင်း၊ မလေးရှား၊ စင်ကာပူနိုင်ငံတို့ထက်မူ နိမ့်ကျလေသည်။

အင်ဒိုနီးရှားနိုင်ငံကို မြန်မာနိုင်ငံသားများ သိရှိကြသော်လည်း အင်ဒိုနီးရှားနိုင်ငံသို့ နေထိုင်လုပ်ကိုင်ရောက်ရှိ လည်ပတ်ဖူးသူ အင်မတန်နည်းပါသည်။ မြန်မာနိုင်ငံမှာ ငွေကြေးတတ်နိုင်သူအချို့ အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းသို့ အလည်အပတ်သွားကြသည်များရှိသော်လည်း အများစုမှာမူ ထိုင်းနှင့် စင်ကာပူနိုင်ငံတို့သို့ လည်ပတ်ခြင်း၊ ပညာသင်ခြင်းများ ပြုလုပ်ကြသည်။ သာမန် ငွေကြေးတတ်နိုင်သည့် ပြည်သူများအနေဖြင့် အင်ဒိုနီးရှားနိုင်ငံသို့ သွားရောက်လည်ပတ်မှု နည်းပါးသော်လည်း ယခုနောက်ပိုင်းတွင်မူ မြန်မာနိုင်ငံရေးသမားများနှင့် လေ့လာသူအချို့ အင်ဒိုနီးရှားနိုင်ငံသို့ အရောက်အပေါက်များလာသည်။ အင်ဒိုနီးရှားနိုင်ငံသို့ လေ့လာရေးသွားရောက်ခဲ့သော ထင်ရှားသည့် မြန်မာနိုင်ငံရေးသမားများအနက်မှတစ်ဦးမှာ ယခုနှစ် ဇန်နဝါရီလအတွင်း ရန်ကုန်မင်္ဂလာဒုံအပြည်ပြည်ဆိုင်ရာလေဆိပ်တွင် သေနတ်ဖြင့် အနီးကပ်ပစ်ခတ် လုပ်ကြံခြင်းခံလိုက်ရသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ရှေ့နေကြီးဦးကိုနီ ဖြစ်သည်။ အင်ဒိုနီးရှားနိုင်ငံသည် မြန်မာနိုင်ငံကဲ့သို့ စစ်တပ်ချုပ်ကိုင်မှုမှ အရပ်သားအစိုးရချုပ်ကိုင်မှုသို့ ကူးပြောင်းသည့် ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလ အတွေ့အကြုံများရှိထားသည်သာမက အင်ဒိုနီးရှားနိုင်ငံ၏ အချို့ဒေသများတွင် မြန်မာနိုင်ငံမှ ရခိုင်ပြည်နယ် အကျပ်အတည်းဆန်ဆန် လူမျိုးရေး၊ ဘာသာရေးပဋိပက္ခများ ဖြစ်ထွန်းပေါ်ပေါက်ခဲ့သည်ဖြစ်ရာ အင်ဒိုနီးရှားနိုင်ငံ၏ ပဋိပက္ခဖြေရှင်းရေးဆိုင်ရာအတွေ့အကြုံများမှာ မြန်မာတို့အတွက် အသုံးဝင်နိုင်ဖွယ်ရှိသည်။

ထို့အပြင် မြန်မာနိုင်ငံ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အရေးပါသော အခန်းကဏ္ဍတစ်ရပ်ဖြစ်သည့် နိုင်ငံရေးတွင် တပ်မတော်ပါဝင်မှုသည် ယခင်အင်ဒိုနီးရှားနိုင်ငံပုံစံ တုပကူးယူထားသည်ဟု ဝေဖန်မှုများလည်းရှိလေရာ နိုင်ငံရေးရှုထောင့်အရဆိုလျှင် အင်ဒိုနီးရှားကို နားလည်ခြင်းသည် မြန်မာတို့အတွက် များစွာအရေးကြီးလှပေသည်။ အင်ဒိုနီးရှားသည် ယခုအခါ မြန်မာနိုင်ငံ ရခိုင်အရေးကိစ္စတွင် လူသားချင်းစာနာမှု အကူအညီများပေးအပ်နေသည်ဖြစ်ရာ အနာဂတ်ကာလ မြန်မာနိုင်ငံတွင် ရခိုင်ကဲ့သို့ အရေးကိစ္စများ၌ အာဆီယံမိတ်ဖက်နိုင်ငံတစ်နိုင်ငံဖြစ်သော အင်ဒိုနီးရှားနိုင်ငံ၏အခန်းကဏ္ဍအား ပိုမိုတိုးမြင့်စွာ မြင်တွေ့လာရဖွယ်ရှိသည်။



**ဂျာကာတာမြို့တော် (Jakarta)**

ဂျာကာတာသည် အင်ဒိုနီးရှားနိုင်ငံ၏မြို့တော်ဖြစ်ပြီး လူဦးရေ ၁၀ သန်းကျော် မှီတင်းနေထိုင်သည်။ ဂျာကာတာမြို့တော်သည် အာဆီယံဌာနချုပ် (ASEAN Secretariat) တည်ရှိရာ မြို့တော်အဖြစ်ထင်ရှားပြီး မြန်မာတို့ပါဝင်သည့် အရှေ့တောင်အာရှနိုင်ငံများအသင်း၏ နိုင်ငံရေးဗဟိုချက်မလည်းဖြစ်ပေသည်။ ဂျာကာတာတွင် တရုတ်၊ ဂျပန်နှင့် အနောက်နိုင်ငံကုမ္ပဏီများ၊ ရုံးခန်းများ အများအပြားအခြေစိုက်ပြီး ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်လျက်ရှိသည်။ ဂျာကာတာသည် ယာဉ်ကြောပိတ်ဆို့မှုများအတွက် နာမည်ကြီးပြီး မြို့တော်အခြေခံအဆောက်အအုံများဖြစ်သည့် လမ်းပန်းဆက်သွယ်ရေး၊ ဘတ်စ်ကားဝန်ဆောင်မှုများမှာ အိမ်နီးချင်း ထိုင်း၊ မလေးရှားတို့နှင့် ယှဉ်လျှင် နောက်ကျကျန်နေခဲ့သည်ကို တွေ့ရသည်။ သို့သော် စာရေးသူအတွေ့အကြုံအရ မြန်မာနိုင်ငံထက်တော့ သာလွန်ပါသည်။ ဂျာကာတာတွင် ရောက်ရှိစဉ် မြို့တွင်းအနှံ့ရှိ ဗလီများမှ အဆောက်အအုံများထိပ်မှ အသံချဲ့စက်များဖြင့် ကျယ်လောင်စွာ ဝတ်ပြုဆုတောင်းခြင်း၊ အစ္စလာမ်ဘုရားစာများရွတ်ဆိုခြင်းများ ပြုလုပ်သည်ကို သတိပြုမိသည်။

ဂျာကာတာသို့ရောက်ရှိစဉ် လေဆိပ်မှ တည်းခိုနေထိုင်မည့် Hotel GranDhika Iskandarsyah သို့ အသွားလမ်းတွင် ဈေးဝယ်စင်တာတစ်ခု၌ အင်ဒိုနီးရှားငွေကြေးကိုလဲလှယ်ရာ အမေရိကန် တစ်ဒေါ်လာလျှင် အင်ဒိုနီးရှားငွေကြေး ရူပီးယား (Rupiah) ၁၃၂၀၀ လဲလှယ်ရရှိသည်။ ဒေါ်လာတစ်ရာလဲလှယ်ရာ လက်ထဲသို့ အင်ဒိုနီးရှားငွေ သန်းနှင့်ချီ၍ရောက်ရှိလာသည်။ ဂျာကာတာရှိ နာမည်ကြီး အင်ဒိုနီးရှားစားသောက်ဆိုင် SENAYAN တွင် ကားဆရာနှင့်အတူ ဝင်ရောက်စားသောက်ရာ ရူပီးယား ၃၃၀၀၀၀ ကျသင့်သည်။ အမဲစွပ်ပြုတ် (SOP BUNTUT)၊ မုန့်လက်ဆောင်းကဲ့သို့ အရသာရှိသော ဖျော်ရည် (ES CENDOL DURIAN) နှင့် အခြားစားဖွယ်ရာများ ပါဝင်သည်။ အငှားယာဉ်တစ်စီးငှား၍ ဂျာကာတာမြို့တွင်းလေ့လာရေး တစ်နာရီခွဲခန့် သွားရောက်ရာ အငှားယာဉ်ခ ရူပီးယား ၁၁၈,၈၄၀ ကျသင့်သည်။ ဂျာကာတာရှိ အထင်ကရနေရာများဖြစ်သော National Monument, Istiqlal Mosque, St. Mary of the Assumption Cathedral, Merdeka Palace တို့သို့ ရောက်ရှိလေ့လာဖြစ်သည်။ အချိန်မရသဖြင့် အဆောက်အအုံများအတွင်းသို့မူ ဝင်ရောက် မလေ့လာဖြစ်ခဲ့ပေ။ ၂၀၁၆ ဇန်နဝါရီလတွင် ဖြစ်ပွားခဲ့သော အသေအပျောက်ရှိခဲ့သည့် ဂျာကာတာတိုက်ခိုက်မှုတွင် နာမည်ကြီးခဲ့သော Sarinar Shopping Mall နှင့် Starbucks cafe တို့ကိုလည်း ကားပေါ်မှတစ်ဆင့် တွေ့မြင်ခွင့်ရရှိခဲ့သည်။ ဂျာကာတာတွင်ရှိစဉ် ကုန်တိုက်တစ်ခုမှ မိခင်ဖြစ်သူမှာသော အင်ဒိုနီးရှားပါတိတ်သုံးထည် (Indonesian Batik) ဝယ်ခဲ့သည်။ တန်ဖိုးကြီးပါတိတ်များ ဖြစ်သည်။ သုံးထည်အတွက် ၁၀၆ ဒေါ်လာ ကျသင့်သည်။ ရန်ကုန်သို့အပြန် ဂျာကာတာလေဆိပ်တွင် အဆိုပါ ပါတိတ်သုံးထည် မေ့ကျန်ခဲ့လေရာ ရန်ကုန်ရောက်မှ မေ့ကျန်ခဲ့သည်ကိုသိရှိပြီး အမေ့အားတောင်းပန်ရလေ၏။

**အရှေ့တောင်အာရှ နိုင်ငံများအသင်း(ASEAN)**

အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ) ကို ၁၉၆၇ ခုနှစ် ဩဂုတ်လ ၈ ရက်တွင် ထိုင်းနိုင်ငံ ဘန်ကောက်မြို့တော်တွင် စတင်တည်ထောင်ခဲ့ပြီး စတင်တည်ထောင်သည့် မူရင်းငါးနိုင်ငံမှာအင်ဒိုနီးရှား (Indonesia)၊ မလေးရှား (Malaysia)၊ စင်ကာပူ (Singapore)၊ ထိုင်း (Thailand)နှင့် ဖိလစ်ပိုင်နိုင်ငံ (Philippines) တို့ဖြစ်ကြသည်။ ဘရူနိုင်းနိုင်ငံ (Brunei Darussalam) သည် ၁၉၈၄ ခုနှစ် ဇန်နဝါရီလ ၇ ရက်တွင် လည်းကောင်း၊ ဗီယက်နမ်နိုင်ငံ (Vietnam) သည် ၁၉၉၅ ခုနှစ် ဇူလိုင်လ ၂၈ရက်တွင် လည်းကောင်း၊ လာအိုနိုင်ငံ (Lao PDR) နှင့် မြန်မာနိုင်ငံ (Myanmar) တို့သည် ၁၉၉၇ ခုနှစ် ဇူလိုင်လ ၂၃ ရက်တွင် လည်းကောင်း၊ ကမ္ဘောဒီးယားနိုင်ငံ (Cambodia) သည် ၁၉၉၉ ခုနှစ် ဧပြီလ ၃၀ ရက်တွင် လည်းကောင်း အာဆီယံအဖွဲ့ဝင်အဖြစ် ပါဝင်ခဲ့သည်ဖြစ်ရာ ယခုအခါ အာဆီယံအဖွဲ့အစည်းသည် အဖွဲ့ဝင်ပေါင်း ၁၀ နိုင်ငံရှိပြီ ဖြစ်သည်။ အာဆီယံ၏ အဓိကရည်ရွယ်ချက်မှာ အရှေ့တောင်အာရှဒေသအတွင်း ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန်ဖြစ်သည်။ စီးပွားရေး၊ လူမှုရေး၊ တည်ငြိမ်အေးချမ်းရေးကို အပြန်အလှန်အထောက်အကူပြုဖော်ဆောင်ရန် ဖြစ်သည်။ အာဆီယံအသိုက်အဝန်း (ASEAN Community) အတွင်း နိုင်ငံရေးညီညွတ်မှု၊ စီးပွားရေးပေါင်းစည်းမှု၊ လူမှုရေးသဟဇာတဖြစ်မှုတို့ကို ဖန်တီးဖော်ဆောင်ရန်လည်း ရည်ရွယ်လုပ်ဆောင်လျက်ရှိသည်။ အာဆီယံအသိုက်အဝန်းတွင် အဓိကမဏ္ဍိုင်ကြီးသုံးခုရှိပြီး ၎င်းတို့မှာ ASEAN Political-Security Community, ASEAN Economic Communityနှင့် ASEAN Socio-Cultural Community တို့ဖြစ်ကြသည်။ ၁၉၇၆ ခုနှစ်တွင် Treaty of Amity and Cooperation in Southeast Asia (TAC)အရ ချမှတ်ခဲ့သော အာဆီယံ၏အခြေခံစည်းမျဉ်းများအနက် လူသိများသော စည်းမျဉ်းတစ်ခုမှာ တစ်နိုင်ငံ၏ပြည်တွင်းရေးကို တစ်နိုင်ငံမှ ဝင်ရောက်စွက်ဖက်ခြင်းမပြုရန် ဖြစ်သည်။

**ကိုယ်တွေ့အာဆီယံ**

စာရေးသူ အာရှနိုင်ငံအများအပြားသို့ ရောက်ရှိခဲ့ဖူးသော်လည်း အင်ဒိုနီးရှားနိုင်ငံသို့မူ တစ်ခါမှမရောက်ရှိခဲ့ဖူးပေ။ စာရေးသူ နယူးယော့မြို့ရှိ ကမ္ဘာ့ကုလသမဂ္ဂဌာနချုပ် အဆောက်အအုံအတွင်း ဝင်ရောက်လည်ပတ်ခဲ့ဖူးပြီး ဘရပ်ဆဲလ်မြို့တော်ရှိ ဥရောပသမဂ္ဂဌာနချုပ်အတွင်း ဝင်ရောက်လေ့လာခဲ့ဖူးသော်လည်း မိမိနေထိုင်ရာ မြန်မာနိုင်ငံ အဖွဲ့ဝင်အဖြစ်ပါဝင်သည့် အာဆီယံဌာနချုပ်သို့မူ တစ်ကြိမ်တစ်ခါမှမရောက်ရှိ မလည်ပတ်ဖူးပေ။ ယခုမူ အကြောင်းတိုက်ဆိုင်စွာ အင်တာဗျူးကိစ္စပေါ်ပေါက်သဖြင့် အာဆီယံရုံးချုပ် (ASEAN Secretariat) သို့ သွားရောက်ရန်အကြောင်း ဖြစ်ပေါ်လာသည်။ ရန်ကုန်မှ ဂျာကာတာသို့ တိုက်ရိုက်လေကြောင်းမရှိသဖြင့် ဘန်ကောက်မှတစ်ဆင့် သွားရသည်။ ဘန်ကောက်မှ ဂျာကာတာသို့ လေကြောင်းဖြင့် ၃ နာရီခွဲခန့် ကြာမြင့်သည်။ အာဆီယံရုံးအတွင်း နာရီပိုင်းသာ ရောက်ရှိလေ့လာဖြစ်ခဲ့ရာ အာဆီယံအကြောင်း ဆောင်းပါးတစ်ပုဒ်ရေးဖွဲ့ရန် တိုတောင်းလှပါသည်။ သို့ဖြစ်၍ အထွေထွေဗဟုသုတအလို့ငှာ အင်ဒိုနီးရှား၊ ဂျာကာတာနှင့် အာဆီယံအကြောင်းများစုစည်းကာ ဆောင်းပါးတစ်ပုဒ်အဖြစ် တင်ပြရခြင်း ဖြစ်သည်။

အင်တာဗျူးကာလဖြစ်သဖြင့် အာဆီယံအဆောက်အအုံအတွင်း အသေးစိတ်လေ့လာရန် အချိန်မရရှိပါပေ။ အင်တာဗျူးဆိုသော်လည်းရေးဖြေ၊ နှုတ်ဖြေ နှစ်မျိုးပြုလုပ်ရသည်။ ရေးဖြေ၊ နှုတ်ဖြေ စောင့်ဆိုင်းစဉ်ကာလ အဆောက်အအုံညွှန့်ခန်းဆောင်တွင် အမှတ်တရဓာတ်ပုံများရိုက်၊ ရုံးတွင်းလုပ်ဆောင်မှုများ အကဲခတ်ရင်း အချိန်ဖြုန်းဖြစ်သည်။ ဘရပ်ဆဲလ်ရှိ ဥရောပသမဂ္ဂအဆောက်အအုံများနှင့်နှိုင်းယှဉ်ပါမူ အာဆီယံရုံးချုပ်အဆောက်အအုံမှာ များစွာသေးငယ်ပြီး သစ်လွင်မှုမရှိသည်ကို တွေ့ရှိရသည်။ ASEAN Secretariat ကို ၁၉၇၆ တွင် စတင်ဖွဲ့စည်းခဲ့ပြီး ဖွဲ့စည်းချိန်တွင် ဂျာကာတာရှိ အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီးဌာနအတွင်း အခြေစိုက်သော်လည်း ၁၉၈၁ ခုနှစ်တွင်မူ အာဆီယံရုံးအား လက်ရှိအဆောက်အအုံသို့ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့သည်။ စာရေးသူရောက်ရှိစဉ်ကာလ အာဆီယံရုံးဝင်းအတွင်း ကလေးသူငယ်၊ ကျောင်းသားကျောင်းသူများ အုပ်စုဖွဲ့လေ့လာရေး လာရောက်နေသည်ကိုလည်းတွေ့မြင်ခဲ့ရသည်။

အမှန်တော့ အာဆီယံသည် ဒေသအတွင်း အာဆီယံပြည်သူများအကြား ရေပန်းစား၊ လူသိများလှခြင်းမရှိပေ။ စာရေးသူနှင့် ထိတွေ့ခွင့်ရခဲ့သော အခြားအာဆီယံနိုင်ငံများမှ မိတ်ဆွေများနှင့် ၎င်းတို့နိုင်ငံရှိ ပြည်သူများ၏ အာဆီယံအဖွဲ့အစည်းအပေါ် အမြင်များကို ရသမျှအချိန်ကာလအတွင်း တီးခေါက်ကြည့်ရာ ပြည်သူများအတွင်း အာဆီယံမှာရေပန်းစားလှခြင်းမရှိသည်ကို လေ့လာတွေ့ရှိရသည်။ မြန်မာနိုင်ငံတွင်လည်း လူအများက အာဆီယံကို သိရှိကြသော်လည်း အာဆီယံဘာလုပ်နေသည်၊ ဘာလုပ်ချင်သည်ကိုသိရှိသူ လွန်စွာနည်းပါးလှသည်။ အာဆီယံမြို့တော်အမည်များ၊ အာဆီယံရုံးချုပ်တည်ရှိရာ ဂျာကာတာမြို့တော်ကိုပင် မသိရှိသူက အများစုဖြစ်သည်။ အာဆီယံဆိုလျှင် အလုပ်မဖြစ်သည့်အဖွဲ့အစည်း၊ အစည်းအဝေးများ၊ တွေ့ဆုံပွဲများ၊ ကြေညာချက်များဖြင့် အချိန်ကုန်နေသည့် အဖွဲ့အစည်း၊ ဒီမိုကရေစီ၊ လူ့အခွင့်အရေးဦးစားမပေးသည့် အဖွဲ့အစည်းအဖြစ် ကျယ်ကျယ်ပြန့်ပြန့်ရှုမြင်မှုများရှိသည်။ သို့သော် အာဆီယံ၏ ပြင်းပြသောနိုင်ငံရေး အာသီသပန်းတိုင်မှာမူ အာဆီယံကို ဥရောပသမဂ္ဂအဖွဲ့ကြီးကဲ့သို့ အဖွဲ့ဝင်နိုင်ငံများအကြား ကဏ္ဍပေါင်းစုံတွင် ကျယ်ပြန့်နွေးထွေးသော ဆက်ဆံရေး၊ ပေါင်းရုံးစုစည်းမှု၊ ချစ်ကြည်ရင်းနှီးမှုတို့ကို ဖော်ဆောင်လျက် အာဆီယံဒေသပြည်သူများကို ကိုယ်စားပြုသည့် တစ်ခုတည်းသော အာဆီယံအသံအဖြစ် ဖန်တီးလုပ်ဆောင်ရန် ဖြစ်သည်။ အာဆီယံအလုပ်ဖြစ်၊ မဖြစ်ဆက်လက် လေ့လာစောင့်ကြည့်ရန်သာရှိပါသည်။

အာဆီယံအကြောင်း ပိုမိုသိရှိလိုပါက http://asean.org/နှင့် http://asean. org/asean/asean-secretariat/တို့တွင် သွားရောက်လေ့လာနိုင်ပါသည်။ ။

# ဆန္ဒကို သိက္ခာနှင့် မလဲပါနဲ့

## မောင်မိုးယံ

**သားတို့ သမီးတို့ရေ----**

မကြာခင်မှာ သားတို့ သမီးတို့ရဲ့ ဘဝအပြောင်းအလဲ အဆုံးအဖြတ်စာမေးပွဲကြီးကို ဖြေဆိုကြရတော့မယ်။ ခေတ်စကားနဲ့ ပြောရရင်တော့ Heart ထိနေပြီပေါ့။ နှလုံးသားကို တုန်လှုပ်စေနိုင်တဲ့ အနာဂတ်ဘဝကို ပုံရိပ်ဖော်မယ့်စာမေးပွဲကြီးဟာ သားတို့သမီးတို့တင်မက မိဘညီအစ်ကိုမောင်နှမများကိုပါ စိတ်နှလုံးလှုပ်ရှားစေပါတယ်။ ဦးဦးကိုယ်တိုင် ဒီဘဝကို ဖြတ်သန်းခဲ့ရလေတော့ ရင်ဘတ်ချင်းတူပါတယ်။ ကိုယ်ချင်းလည်း စာပါတယ်။

ကိုယ်စိတ်နှလုံး သုံးပါးစလုံး ပင်ပန်းနေကြပါပြီ။ အနာဂတ်မှာ သားတို့ သမီးတို့ရဲ့ဘဝလုံခြုံမှု၊ အောင်မြင်ချမ်းသာမှုဟာ ဒီစာမေးပွဲကြီးက အဆုံးအဖြတ်ပေးတော့မှာမို့ အထိမခံ ရွှေပန်းကန်လို ရည်မှန်းချက်ကြီးရင်ကြီးသလို ပိုပြီး ကိုယ်စိတ်နှလုံးပင်ပန်းနေကြပါတယ်။ မအိပ်နိုင်၊ မစားနိုင်ဖြစ်ပြီး တုန်လှုပ်ချောက်ချားစရာကောင်းလောက်အောင် ကြောက်စရာလည်း ကောင်းတယ်လို့ အထင်ရှိနေသူတွေအတွက် ဒီစာမေးပွဲတစ္ဆေဟာ နီးလေခြောက်လေပါပဲ။

ဘာကြောင့်လဲ . . . ဘာလို့ ဒီလိုဖြစ်ရတာလဲ. . ဦးဦးက လွန်ခဲ့တဲ့ နှစ် ၄၀ လောက်က သားတို့သမီးတို့ ခံစားရသလိုမျိုး မေးခွန်းမတိုးမှာ၊ မေးခွန်းလှည့်စားမှာ၊ ကျက်ထားတဲ့စာနဲ့ မတိုက်မှာ၊ ကျက်ထားတာတွေ အခန်းထဲရောက်မှ မေ့ကုန်မှာ၊ ဘာသာစုံဂုဏ်ထူးမရမှာ၊ ဆရာဝန်လိုင်း၊ အင်ဂျင်နီယာလိုင်းမရမှာ စတဲ့ ဘဝနဲ့ဆန္ဒသဟဇာတမဖြစ်မှာကို တွေးပူခဲ့ရတာဟာ ဘဝအဆုံးအဖြတ်ပဲလို့ သတ်မှတ်ပေးခဲ့တဲ့ ပညာရေးစနစ်ကြောင့်ပဲဆိုတာ နားလည်စေချင်ပါတယ်။

စာမေးပွဲဖြေဆိုဖို့ အသင့်ဖြစ်နေပါလျက်နဲ့ ညညအိပ်နေရင်းတောင် စာတွေယောင်ပြီး ကျက်နေတာ၊ တစ်ရေးနိုးလန့်ပြီး သချ်ာတွေ ထတွက်နေတာဟာ မူမမှန်စိတ်၊ မူမှန်အတွေး မဟုတ်တော့ဘဲ အသိအမြင်မကြွယ်ဝသေးတဲ့ ကလေးတွေအပေါ်မှာ အနိုင်ကျင့်သလို၊ နှိပ်စက်သလိုဖြစ်နေတဲ့ စာမေးပွဲတစ္ဆေဟာ တုန်လှုပ်ချောက်ချားမှု၊ စားမဝင်အိပ်မပျော်မှု၊ မိမိကိုယ်မိမိ မယုံကြည်မှုနဲ့ စိတ်ဓာတ်ပျော့ညံ့မှုတွေကို Suicide ဆိုတဲ့ မိမိကိုယ်မိမိ သတ်သေတဲ့အထိ ချောက်ချားမှု၊ အရှုံးပေးမှုတွေကို ဖြစ်စေနိုင်တဲ့ အတားအဆီးကြီးသဖွယ်ဖြစ်နေတဲ့ ဆန်းစစ်မှုတစ်ခုဆိုတာ ကိုယ်တွေ့ကြုံခဲ့ရဖူးပါတယ်။

**သားတို့ သမီးတို့ရေ .**

တကယ်တော့ စာမေးပွဲဆိုတာ ဆန်းစစ်ခြင်းပါ။ ဘာကို ဆန်းစစ်တာလဲဆိုရင် မိမိသိထား ကျက်ထားတာ၊ မိမိရဲ့ IQ ဆိုတဲ့ Intelligence Quotient အသိဉာဏ်အချိုး၊ မိမိကြိုးစားသင်ယူထားမှု ဘယ်လောက်ရှိသလဲဆိုတဲ့ အခြေခံပညာမူလတန်းမှ အထက်တန်းအထိ သင်ယူသင်ကြားခဲ့တဲ့ ရလဒ်ကို ဆန်းစစ်ခြင်းသာဖြစ်ပါတယ်။ ဘဝတစ်ခုလုံးရဲ့ အောင်မြင်ခြင်း၊ ဆင်းရဲချမ်းသာခြင်းကို အဆုံးအဖြတ်ပေးတဲ့စာမေးပွဲမဟုတ်ဘူးဆိုတာ ခွဲခြားနားလည်စေချင်ပါတယ်။

ဘာလို့ ဒီလိုပြောရသလဲဆိုရင် ၁၀ တန်းစာမေးပွဲမှာ ခြောက်ဘာသာ၊ ငါးဘာသာဂုဏ်ထူးနဲ့အောင်ပြီး ဆရာဝန်၊ အင်ဂျင်နီယာလိုင်းတွေရောက်ကြပေမယ့် ဘဝလမ်းခုလတ် မှာ အကြောင်းအမျိုးမျိုးနဲ့ ကျဆုံးရသူတွေရှိကြသလို ဘာဂုဏ်ထူးမှ မရပေမယ့်လည်း သူ့ဘဝရဲ့အခြေအနေ ပေးမှုပေါ်မှာ ဆက်ပြီးကြိုးစားရုန်းကန်ကြလို့ ချမ်းသာ ကြီးပွားအောင်မြင်နေသူတွေလည်း များစွာရှိနေတယ် ဆိုတာဟာ ကံ၊ ဉာဏ်၊ ဝီရိယဆိုတဲ့ ရေရှည်ကြိုးပမ်းမှုရလဒ်တွေက အဆုံးအဖြတ်ပေးနိုင်လို့ပါပဲ။

ဒီလိုပြောလို့ ခြောက်ဘာသာ၊ ငါးဘာသာဂုဏ်ထူးရှင်တွေနဲ့ ဆရာဝန်၊ အင်ဂျင်နီယာတွေကို စော်ကားခြင်းမဟုတ်ပါ။ ဘဝမှာအောင်မြင်တယ်ဆိုတာဟာ မိမိကြိုးပမ်းမှုနဲ့ ဝါသနာကို အရင်းခံတဲ့ လေ့လာကြိုးစားမှုက အဓိကကျပါတယ်။ မိဘက ဆရာဝန်ဖြစ်စေချင်လို့ ဆရာဝန်လိုင်းယူခဲ့ရပေမယ့် တကယ်အလုပ်လုပ်နေတော့ ဘာသာမတူတဲ့ စီးပွားရေးလောကမှာ အောင်မြင်နေသူတွေဖြစ်နေကြပါတယ်။ ဒါဟာ တကယ်ကျတော့ မိမိအတွက်နဲ့ တိုင်းပြည်အတွက် နစ်နာတာပါပဲ။ မိမိဝါသနာပါရာ ဘာသာကို လေ့လာသင်ယူပြီး တတ်မြောက်တဲ့အခါ ကျွမ်းကျင်ပညာရှင်ဖြစ်ဖို့၊ ကျွမ်းကျင်တဲ့ပညာနဲ့ ပြည်သူနဲ့တိုင်းပြည်ကို အကျိုးပြုဖို့ဆိုရင် ငွေမကုန် လူမပန်းဘဲ တန်ဖိုးရှိတဲ့ ပညာရှင်တွေ၊ တိုင်းပြည်က အားထားရသူတွေ ဖြစ်လာမှာပါပဲ။

**သားတို့သမီးတို့ရေ . .**

တကယ်တမ်း နားလည်ရမှာက မိမိဖြေဆိုမယ့် စာမေးပွဲမှာ မေးတဲ့မေးခွန်းကို ကောင်းစွာဖြေဆိုနိုင်ဖို့က အဓိက အကျဆုံးပါ။ ဆန်းစစ်တယ်ဆိုတဲ့ အဓိပ္ပာယ်ကို အဖြေထုတ်ဖို့၊ ကောင်းစွာဖြေဆိုနိုင်ဖို့ မိမိကိုယ်မိမိ ယုံကြည်မှုတည်ဆောက်ရပါမယ်။ ကိုယ်ကျက်ထားတာကို ကောင်းမွန်စွာ ဖြေဆိုနိုင်ရမယ်။ ငါကောင်းစွာ ဖြေနိုင်ရမယ်ဆိုတဲ့ ယုံကြည်ချက်ရှိရမယ်။ နောက်အရေးကြီးတာက ကောင်းစွာဖြေဆိုနိုင်ဖို့ဆိုရင် ကျန်းမာနေဖို့ အရေးကြီးတယ်။ မဖျားမနာပါစေနဲ့၊ အစစသတိထားပါ။ လန်းလန်းဆန်းဆန်းနဲ့ စာမေးပွဲအခန်းထဲကို ရောက်ပြီး ဘာသာစုံ ဖြေဆိုနိုင်ဖို့ အရေးကြီးပါတယ်။ ပန်းတိုင်အနီးကပ်မှ မှောက်လျက်လဲတာမျိုး မဖြစ်ပါစေနဲ့လို့ သတိပေးချင်ပါတယ်။

ဘယ်သူမဆို အနာဂတ်ကို ကြီးစွာမျှော်မှန်းတတ်ကြပါတယ်။ အရေးကြီးတာက မိမိကိုဆန်းစစ်လိုက်တဲ့ စာမေးပွဲကို တစ်ပွဲထိုး၊ တစ်ချက်ကောင်း၊ နံကြားလက်ညှိုးထိုး မေးခွန်းတိုက်ရင် ပြီးရော ဖြေကြမှာလား။ ဒါဆို အမှတ်များများရ၊ လိုင်းကောင်းကောင်းရရင် ဘဝတိုက်ပွဲအောင်ပြီး အနာဂတ်မှာ ချမ်းသာအောင်မြင်သူလို့ ကိုယ့်ကိုယ်ကိုယ် ခံယူမှာလား။ ဒီခေတ်ပညာရေးစနစ်ရဲ့ ကျေးကျွန်မှာ သားသမီးနဲ့ ဆရာ ဆရာမ၊ မိဘတွေဟာ အယူလွဲ၊ အတွေးလွဲ၊ ဘဝအလွဲတွေနဲ့ အောင်မြင်မှုကို တပ်မက်နေကြတာလို့ ပြောရပါမယ်။

ဒီနေရာမှာ အမှတ်များများနဲ့အောင်ဖို့ ခြောက်ဘာသာ၊ ငါးဘာသာတွေရဖို့ အဓိက၊ ကျန်တာနောက်မှကြည့်ရှင်းမယ်။ ဆေးကျောင်းရောက်ဖို့ နည်းမျိုးစုံနဲ့ ကြိုးပမ်းနေတဲ့သူတွေ၊ နည်းမျိုးစုံနဲ့ အနီးစပ်ဆုံး မေးခွန်းရချင်သူတွေ၊ တစ်ပွဲထိုးနည်းနဲ့အောင်မြင်ဖို့ နည်းလမ်းရှာနေသူတွေကို သတိပေးလိုတာက ရိုးသားစွာနဲ့ ဖြေဆိုကြဖို့ပါ။ သားသမီးတွေ ဖြေဆိုနိုင်ဖို့ Tips တွေ၊ မေးခွန်းပေါက်ကြားမှုတွေ၊ နည်းမျိုးစုံနဲ့ရင်းပြီး အောင်မြင်မှုကို လိုချင်နေကြတဲ့ မိဘတွေ၊ ကျောင်းနဲ့အတန်းထဲက တပည့်တွေ အောင်မြင်ကျော်ကြားဖို့ ညံ့တဲ့သူလည်း မအောင်အောင် အောင်လုပ်ပေးဖို့ ကြိုးပမ်းနေတဲ့ ဆရာ ဆရာမတွေကို သတိပေးချင်တာက ဆန္ဒကို သိက္ခာနဲ့ ထိန်းကြဖို့ပါပဲ။

ပြောရရင် လက်ရှိပညာရေးစနစ်က နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ကျောင်းစာတော်ပြီး ဘဝကို အာမခံချက်မပေးနိုင်တဲ့ ပညာရေးစနစ်နဲ့ ကြိုးစားမှုတွေဟာ ရေရှည်မှာ ကျဆုံးနိုင်တယ်။ ဘက်စုံဖွံ့ဖြိုးမှုမရှိတဲ့ လူငယ်တစ်ယောက်၊ ပရဟိတစိတ်ဓာတ်မရှိတဲ့ လူငယ်တစ်ယောက်ဟာ စာသာတော်ပြီး လူမှုရေး၊ အမျိုးသားရေးစိတ်ဓာတ် ခေါင်းပါးရင် ဂုဏ်ထူးတွေ ထွက်နေလည်း လူ့တန်ဖိုးမမြင့်မားနိုင်ဘူးဆိုတဲ့ အဓိပ္ပာယ်ကို ပြောသွားပါတယ်။

ထိုအဆိုကို ကျွန်တော်လက်ခံပါတယ်။ မိမိရဲ့ ကြိုးပမ်းမှုဟာ ဘဝအာမခံချက်ရှိရန်လိုပါတယ်။ မိမိရဲ့ ကြိုးစားမှုဟာ ရိုးသားဂုဏ်ရှိဖို့ လိုအပ်ပါတယ်။ မိမိရဲ့ ထူးချွန်မှုဟာ ၁၀ တန်းစာမေးပွဲမဟုတ်ဘဲ တိုင်းပြည်အတွက် မိမိအတွက် လုံခြုံမှုပေးစွမ်းနိုင်မှု ဖြစ်ရန်လိုအပ်ပါတယ်။ ယခုဖြေဆိုမည့် စာမေးပွဲဟာ မြင့်မားသော အုတ်တံတိုင်းမဟုတ်၊ ခုန်ကျော်နိုင်လောက်သော ရေမြောင်းတစ်ခုလို သဘောထားဖို့လိုပါတယ်။ အခက်အခဲဆိုတာ နေရာတိုင်းမှာရှိပါတယ်။ သို့သော် ၁၀ တန်းစာမေးပွဲကို စိတ်ပင်ပန်းလူပင်ပန်းစွာ ရင်ဆိုင်နေရသော အခက်အခဲကြီးတစ်ခုဆိုသော စိတ်ကိုဖယ်ရှားပါ။ လွတ်လပ်ပေါ့ပါးစွာ ဖြေဆိုနိုင်ပါလိမ့်မယ်။

နိုင်ငံရပ်ခြား ပညာရေးစနစ်များတွင် ယခုလို ချောက်ချားစရာကောင်းသော ၁၀ တန်းစာမေးပွဲဟု ထင်နေကြသူ ကျောင်းသား ကျောင်းသူတွေ မရှိပါ။ အတန်းတင်စာမေးပွဲဆိုတာထက် အရည်အချင်းစစ်ခြင်းကို ပုံမှန်လုပ်သည့် သဘောမျိုးသာဖြစ်၍ ပင်ပန်းဆင်းရဲမှုမဖြစ်ပါ။ နောင်တစ်ချိန်မှာ ပိုကြိုးစားသူတွေက ခေါင်းဆောင်တွေဖြစ်ကြ၊ သူဌေးတွေဖြစ်ကြပါတယ်။ ဘဝကို ကိုယ်ဝါသနာပါရာ ရပ်တည်ခွင့်ရပြီး ကျော်ကြားမှုတွေရကြပါတယ်။ အဆိုတော်၊ ရုပ်ရှင်၊ ဂီတ၊ စာပေနဲ့လည်း ချမ်းသာပြီး Celebrity (ကျော်ကြားသူ) တွေဖြစ်ကြပါတယ်။

**သားတို့သမီးတို့ရေ . .**

မကြာခင်မှာ ဖြေဆိုတော့မယ့် အခြေခံပညာ အထက်တန်းစာမေးပွဲဟာ လူတစ်ယောက်ရဲ့ ဂုဏ်သိက္ခာနဲ့ ဘဝရဲ့အဆုံးအဖြတ်ပဲလို့ ဖြေဆိုဖူးသူတိုင်း ခံယူခဲ့ကြပေမယ့် တိုးတက်ပြောင်းလဲလာတဲ့ ခေတ်စနစ်တွေအရ ကျယ်ဝန်းတဲ့ပညာစုံနယ်ပယ်မှာ ဆရာဝန်၊ အင်ဂျင်နီယာဖြစ်မှ လူတစ်လုံး သူတစ်လုံး ဖြစ်မှာမဟုတ်သလို မိမိဝါသနာပါတဲ့ ဘာသာရပ်နဲ့ မိမိဘဝ၊ မိသားစုဘဝ၊ လူမျိုးနဲ့တိုင်းပြည်ကို စောင့်ရှောက်နိုင်တဲ့ဘဝကို ရရှိနိုင်ဖို့ အောင်မြင်စွာ၊ ကျန်းမာစွာ၊ သိက္ခာရှိစွာနဲ့ ဖြေဆိုကျော်ဖြတ်နိုင်ကြပါစေလို့ ဆန္ဒပြုအပ်ပါတယ်။

"ရိုးသားသော ယှဉ်ပြိုင်ခြင်းဖြင့် ဘဝတိုက်ပွဲတစ်ခုကို အနိုင်ယူလိုက်ပါ။ ဆန္ဒကို သိက္ခာနဲ့ မလဲပါနဲ့"

**ဘဝမှာအောင်မြင်တယ်ဆိုတာဟာ မိမိကြိုးပမ်းမှုနဲ့ ဝါသနာကိုအရင်းခံတဲ့ လေ့လာကြိုးစားမှုက အဓိကကျပါတယ်။ မိဘက ဆရာဝန်ဖြစ်စေချင်လို့ ဆရာဝန်လိုင်းယူခဲ့ရပေမယ့် တကယ်အလုပ်လုပ်နေတော့ ဘာသာမတူတဲ့ စီးပွားရေးလောကမှာ အောင်မြင်နေသူတွေ ဖြစ်နေကြပါတယ်။ ဒါဟာ တကယ်ကျတော့ မိမိအတွက်နဲ့ တိုင်းပြည်အတွက် နစ်နာတာပါပဲ။ မိမိဝါသနာပါရာ ဘာသာကို လေ့လာသင်ယူပြီး တတ်မြောက်တဲ့အခါ ကျွမ်းကျင်ပညာရှင်ဖြစ်ဖို့၊ ကျွမ်းကျင်တဲ့ပညာနဲ့ ပြည်သူနဲ့ တိုင်းပြည်ကို အကျိုးပြုဖို့ဆိုရင် ငွေမကုန် လူမပန်းဘဲ တန်ဖိုးရှိတဲ့ ပညာရှင်တွေ၊ တိုင်းပြည်က အားထားရသူတွေ ဖြစ်လာမှာပါပဲ။**



# မိတ္ထီလာတွင် ဒုတိယအကြိမ် ရှင်အပါး ၅၀၀ ရှင်လောင်းလှည့်ပွဲ စည်ကားသိုက်မြိုက်စွာကျင်းပ

**မိတ္ထီလာ မတ် ၅**

မိတ္ထီလာတွင် ဒေါ်ခင်ရှိန်မိသားစု၏ ကုသိုလ်ကောင်းမှုအဖြစ် ဒုတိယအကြိမ် ရှင်အပါး ၅၀၀ ရှင်လောင်းလှည့်လည်ပွဲကို မတ် ၄ ရက် ညနေ ၄ နာရီက စည်ကားသိုက်မြိုက်စွာကျင်းပခဲ့ကြောင်းသိရသည်။

"အမေငယ်ငယ်တုန်းက ကျေးရွာတွေဘက်မှာ အလုပ်ကိစ္စနဲ့ သွားရင်းလာရင်း ကလေးအသုဘတစ်ခုမှာ ရှင်လောင်းမသာချတဲ့ပုံစံတွေ့လို့ နားလည်တတ်ကျွမ်းတဲ့ သံဃာတော်တွေထံမေးမြန်းကြည့်ပြီး ဗုဒ္ဓဘာသာကလေးငယ်တွေ ရှင်မပြုရခင် ကွယ်လွန်ရင် နောင်ဘဝ အထုံပါအောင် ပြုလုပ်ပေးတာလို့သိခဲ့တယ်။ အဲဒီကစလို့ အရွယ်ရောက်ပြီးရှင်မပြုနိုင်တဲ့ကလေးငယ်တွေကို တတ်နိုင်သမျှ ကလေး ၃၀၊ ၄၀၊ ၅၀ နည်းနည်းစီ ရှင်ပြုပေးရာကနေ ဟိုဘက်နှစ်က ပထမအကြိမ် ရှင်အပါး ၅၀၀ ရှင်ပြုပွဲကို မလှိုင်မြို့နယ်ဘက်မှာသွားပြီးကုသိုလ်ယူခဲ့တယ်။ တချို့က မတတ်နိုင်လို့ ကလေးငယ်တွေကို ရှင်မပြုပေးနိုင်ဘူး။ တချို့က ငွေကြေးတတ်နိုင်ပေမယ့် အများနဲ့ စုပေါင်းရှင်ပြုလုပ်ပြီး စည်စည်ကားကားနဲ့ဖြစ်စေချင်တဲ့ မိဘတွေလည်းရှိတော့ အခုလို ဒုတိယအကြိမ် ရှင်အပါး ၅၀၀ ရှင်ပြုပွဲကို ပြုလုပ်ဖြစ်တာပါ။ မိတ္ထီလာ၊ ဝမ်းတွင်း၊ သာစည်၊ ပျော်ဘွယ် စတဲ့ နယ်တွေဘက်က ကလေးငယ် ၅၀၀ ကို စုပေါင်းရှင်ပြုပြီး ဝင်းခင်းနဲ့ ဆင်ခင်း၊ မြင်းခင်းရှင်လောင်းလှည့်လည်ပွဲ ကျင်းပတာပါ"ဟု ဒေါ်ခင်ရှိန်၏ သားဖြစ်သူ ကိုမျိုးသန်းနိုင်က ပြောသည်။

အဆိုပါ ရှင်အပါး ၅၀၀ ရှင်လောင်းလှည့်လည်ပွဲကို အောင်မင်္ဂလာခန်းမမှ ရန်ကုန်-မန္တလေးကားလမ်းမအတိုင်း ရွှေမြင်တင်ဘုရား၊ ရွှေမြင်တင်ဘုရားမှ တော်ဝင်နန်းလမ်းဆုံ၊ ၎င်းမှတစ်ဆင့် အောင်မင်္ဂလာခန်းမသို့ ဆင်တော် သုံးစီး၊ မြင်းကောင်ရေ ၃၀ ကျော်နှင့် မော်တော်ယာဉ်များဖြင့် လှည့်လည်ရာ ဒေသခံများက စိတ်ဝင်တစားစောင့်မျှော်ကြည့်ရှုကြကြောင်းသိရသည်။

ချမ်းသာ (မိတ္ထီလာ)

# ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း နှလုံးခွဲစိတ်ကုသမှုခံယူပြီး ကျန်းမာရေးအခြေအနေ ကောင်းမွန်လျက်ရှိ

**ရန်ကုန် မတ် ၅**

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ရန်ကင်းကလေးဆေးရုံကြီး၌ နှလုံးခွဲစိတ်ကုသခဲ့ရာ မွန်းလွဲပိုင်းတွင် အောင်မြင်စွာ ခွဲစိတ်ပြီးစီးခဲ့ကြောင်းနှင့် ဝန်ကြီးချုပ်၏ ကျန်းမာရေးအခြေအနေမှာ တည်ငြိမ်ကောင်းမွန်လျက်ရှိကာ ဆက်လက်ကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၏ မွေးရာပါ နှလုံးအဆို့ရှင်မလုံခြင်းနှင့်ဆိုင်သော သွေးကြောမကြီးမှာ ကြီးနေသဖြင့် ရန်ကင်းကလေးဆေးရုံကြီးမှ နှလုံးနှင့်သွေးကြောခွဲစိတ်ကုဌာန၏ အစီအစဉ်ဖြင့် မြန်မာဆရာဝန်များ၊ သူနာပြုများနှင့် ကျန်းမာရေးဝန်ထမ်းများက ယနေ့ နံနက် ၇ နာရီမှစတင်၍ နှလုံးခွဲစိတ်ကုသခဲ့ရာ မွန်းလွဲ ၁ နာရီခွဲတွင် အောင်မြင်စွာ ခွဲစိတ်ပြီးစီးခဲ့ခြင်းဖြစ်သည်။

အဆိုပါ ခွဲစိတ်ကုသမှု အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဦးဆောင်လမ်းညွှန်မှုဖြင့် အမြဲတမ်းအတွင်းဝန်၊ ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ရန်ကုန်တိုင်းဒေသကြီး ကုသရေးဦးစီးဌာနမှူး၊ ရန်ကင်းကလေးဆေးရုံအုပ်ကြီးတို့က ကော်မတီများအသီးသီးအဖွဲ့စည်း၍ စနစ်တကျ ကြိုတင်စီမံ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ခွဲစိတ်ကုသရာတွင် ဒေါက်တာမြင့်မြင့်ခိုင် (ဆေးရုံအုပ်ကြီး၊ ရန်ကင်းကလေးဆေးရုံကြီး)၊ ပါမောက္ခအောင်ရဲဦး (နှလုံးသွေးကြောခွဲစိတ် အထူးကုဆရာဝန်ကြီး၊ UK)၊ ပါမောက္ခ ဝင်းဝင်းကျော် (နှလုံးသွေးကြောခွဲစိတ် အထူးကု ဆရာဝန်ကြီး)၊ ပါမောက္ခ အောင်သူ (နှလုံးသွေးကြောခွဲစိတ် အထူးကုဆရာဝန်ကြီး)၊ ပါမောက္ခ အောင်ကြည်(မေ့ဆေးအထူးကုဆရာဝန်ကြီး)၊ ပါမောက္ခ အေးအေးအေး (နှလုံးမေ့ဆေးအထူးကုဆရာဝန်ကြီး)၊ ပါမောက္ခသီတာအောင် (အမျိုးသားသွေး ဌာန)၊ ပါမောက္ခ ဇော်သန်းထွန်း(သမားတော်ကြီး)၊ ပါမောက္ခ ကျော်ဇင်ဝေ (ကလေးအထူးကုဆရာဝန်ကြီး)၊ တွဲဖက်ပါမောက္ခ ခင်ယဉ်ယဉ်ထွေး (နှလုံးမေ့ဆေးအထူးကုဆရာဝန်ကြီး)၊ တွဲဖက်ပါမောက္ခ သန်းဦး (ဓာတ်မှန် အထူးကု ဆရာဝန်ကြီး)၊ ဒေါက်တာလဲ့လဲ့ထွန်း (အထူးကုဆရာဝန်ကြီး၊ ရောဂါဗေဒ)၊ ဒေါက်တာညီညီ (နှလုံးမေ့ဆေးအထူးကုဆရာဝန်ကြီး)၊ ဒေါက်တာ ဉာဏ်လင်းအောင် (Perfusionist ၊ နှလုံးမေ့ဆေးအထူးကုဆရာဝန်)၊ ဒေါက်တာ အောင်သိန်းထွဋ် (လက်ထောက်ဆရာဝန်၊ ကလေးနှလုံး)၊ ဒေါက်တာ သတိုးသိန်းဇံ(လက်ထောက်ဆရာဝန်၊ ကလေးနှလုံး)၊ဒေါက်တာသန်းထိုက်အောင် (နှလုံးအထူးကုသမားတော်ကြီး)တို့က အနီးကပ်ပါဝင်ဆောင်ရွက်ခဲ့ကြခြင်း ဖြစ်သည်။

နှလုံးခွဲစိတ်ကုသအဖွဲ့ကို ပါမောက္ခ အောင်ရဲဦး ဦးဆောင်၍ ပါမောက္ခ ဝင်းဝင်းကျော်နှင့် ပါမောက္ခ အောင်သူတို့ ပူးပေါင်းခွဲစိတ်ခဲ့ခြင်း ဖြစ်ကြောင်း၊ ပါမောက္ခ အောင်ရဲဦးသည် ဆေးတက္ကသိုလ်(၁) ရန်ကုန်မှ ဆေးပညာဘွဲ့ကို ၁၉၈၈ ခုနှစ်တွင် ရရှိခဲ့ပြီး ယခုအခါ အင်္ဂလန်နိုင်ငံ လီဗာပူးမြို့ရှိ Liverpool Heart and Chest Hospital တွင် ၂၀၁၄ ခုနှစ်မှ စတင်၍ Chief of Surgery နှင့် Professor အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိကြောင်း၊ ၎င်းသည် UK Aortic Forum (အင်္ဂလန်နိုင်ငံ နှလုံးသွေးကြောမကြီး ကျွမ်းကျင်ပညာရှင်များအဖွဲ့)၏ လက်ရှိဥက္ကဋ္ဌဖြစ်ပြီး ၂၀၁၃ ခုနှစ်မှစတင်၍ မြန်မာနိုင်ငံသို့ နှစ်စဉ်လာရောက်၍ ရန်ကင်းကလေးဆေးရုံကြီး၌ ခုနစ်ကြိမ်၊ နှလုံးနှင့် သွေးကြောဝေဒနာရှင် ၉၀ ကျော်ခန့်ကို ဦးဆောင်၍ ခွဲစိတ်ကုသပေးခဲ့သူဖြစ်ကြောင်း သိရသည်။

ခွဲစိတ်ကုသမှုတွင် နှလုံးမေ့ဆေးဆရာဝန်အဖွဲ့ကို ပါမောက္ခ အေးအေးအေး ဦးဆောင်၍ တွဲဖက်ပါမောက္ခ ခင်ယဉ်ယဉ်ထွေး၊ အထူးကုဆရာဝန် ဒေါက်တာ ဉာဏ်လင်းအောင်တို့ ပါဝင်ဆောင်ရွက်ခဲ့ပြီး ခွဲစိတ်ခန်းသူနာပြုအဖွဲ့ကို သူနာပြု ဆရာမကြီး ဒေါ်ထွေးခင် ဦးဆောင်သည့် သူနာပြုအဖွဲ့က ကူညီဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၏ နှလုံးခွဲစိတ်ကုသမှုကို မြန်မာနိုင်ငံ ရန်ကုန်မြို့တွင် မြန်မာဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများဖြင့် အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ခြင်းသည် ထူးခြားသော အောင်မြင်မှု မှတ်တိုင် တစ်ခုဖြစ်ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ သတင်းထုတ်ပြန်ထားရှိသည်။ **(သတင်းစဉ်)**



**ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းအား နှလုံးခွဲစိတ်ကုသပေးခဲ့သည့် ပါမောက္ခ ဆရာဝန်ကြီးများနှင့် အဖွဲ့ကို တွေ့ရစဉ်။**

# ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၏ နှလုံးခွဲစိတ်မှု ပြည်တွင်း၌ အောင်မြင်စွာ ခွဲစိတ်ကုသနိုင်ခဲ့

**ရန်ကုန် မတ် ၅**

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၏ နှလုံးခွဲစိတ်ကုသမှုကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ရန်ကင်းကလေးဆေးရုံကြီး၌ မြန်မာဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများက ခြောက်နာရီခွဲခန့်ကြာ ခွဲစိတ်မှုများပြုလုပ်ခဲ့ပြီးနောက် ထူးခြားသော အောင်မြင်မှု မှတ်တိုင်တစ်ခု စိုက်ထူနိုင်ခဲ့သည်။

ထိုသို့ အောင်မြင်စွာ ခွဲစိတ်ကုသမှုများ ပြုလုပ်ခဲ့သည့်အပေါ် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် အထူးကု ဆရာဝန်ကြီးများနှင့် သက်ဆိုင်ရာ တာဝန်ရှိသူတို့အား မြန်မာ့သတင်းစဉ်က သွားရောက်တွေ့ဆုံ မေးမြန်းခဲ့မှုများကို ဖော်ပြလိုက်ပါသည်။



**နော်ပန်းသဥ္ဇာမျိုး (ရန်ကုန်တိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး)**



**ဒေါက်တာမြင့်မြင့်ခိုင် (ရန်ကင်းကလေးဆေးရုံ၊ ဆေးရုံအုပ်ကြီး)**



**ပါမောက္ခ အောင်ရဲဦး (အင်္ဂလန်နိုင်ငံမှ နှလုံးသွေးကြော ခွဲစိတ်အထူးကု ဆရာဝန်ကြီး)**



**ပါမောက္ခ ဝင်းဝင်းကျော် (နှလုံး သွေးကြော ခွဲစိတ်အထူးကု ဆရာဝန်ကြီး)**

**ဒေါက်တာမြင့်မြင့်ခိုင် (ရန်ကင်းကလေးဆေးရုံ၊ ဆေးရုံအုပ်ကြီး)**

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ရဲ့ နှလုံးခွဲစိတ်ကုသမှုနဲ့ပတ်သက်ပြီး ရန်ကင်းဆေးရုံမှာ ခွဲစိတ်ဖို့ ဆုံးဖြတ်ပြီးတဲ့အချိန်မှာ ကျွန်မတို့အနေနဲ့ ခွဲစိတ်ကုသမှု အပိုင်းတွေ အဆင်ပြေစွာဆောင်ရွက်နိုင်ဖို့အတွက် ခွဲစိတ်ကုသမှု အဖွဲ့အပါအဝင် အစည်းအဝေးတွေလုပ်ခဲ့ပါတယ်။ မခွဲစိတ်မီအချိန်၊ ခွဲစိတ်နေစဉ်နဲ့ ခွဲစိတ်ပြီးနောက်ပိုင်း အချိန်တွေမှာ ဆေးရုံအနေနဲ့ လိုအပ်တဲ့ ဝန်ထမ်းအင်အား၊ စက်ပစ္စည်း၊ အောက်ဆီဂျင် စတာတွေ အပါအဝင် ဆေးရုံအုပ်ချုပ်မှုအပိုင်း စတဲ့လုပ်ဆောင်မှုတွေကို ရက်ပေါင်း ၂၀ လောက်ကြိုတင်ပြီး စီမံချက်ရေးဆွဲဆောင်ရွက်ခဲ့တာပါ။ ခွဲစိတ်ကုသတဲ့အခါမှာတော့ အင်္ဂလန်နိုင်ငံမှာ ပါမောက္ခအဖြစ် တာဝန်ထမ်းဆောင်နေတဲ့ ပါမောက္ခ အောင်ရဲဦးက ဦးဆောင်ပြီး ရန်ကင်းကလေးဆေးရုံကြီးမှာရှိတဲ့ ခွဲစိတ်ကုသတဲ့အဖွဲ့နဲ့ မြန်မာနိုင်ငံက ဆရာဝန်တွေ ပူးပေါင်းပြီး စီစဉ်ဆောင်ရွက်ခဲ့တာပါ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနဲ့ တာဝန်ရှိသူတွေက ဦးဆောင်ပြီးတော့ ဝိုင်းဝန်းကူညီ စီစဉ်ဆောင်ရွက်ပေးခဲ့တာ ဖြစ်တဲ့အတွက် ဝန်ကြီးချုပ်ကို ခွဲစိတ်ကုသတဲ့အခါမှာ အခက်အခဲမရှိဘဲ အားလုံးအဆင်ပြေချောမွေ့စွာနဲ့ အောင်မြင်စွာ ကုသပေးနိုင်ခဲ့ပါတယ်။ အခုလို အောင်မြင်စွာ ခွဲစိတ်နိုင်ခဲ့တဲ့အတွက် ကျွန်မတို့ မြန်မာနိုင်ငံမှာရှိတဲ့ ဆရာဝန်တွေနဲ့အတူ ကျန်းမာရေးဝန်ထမ်းတွေအတွက် တကယ့်ကိုအောင်မြင်တဲ့ နေ့တစ်နေ့အဖြစ် ဝမ်းသာဂုဏ်ယူမိပါတယ်။

**ပါမောက္ခ အောင်ရဲဦး ( အင်္ဂလန်နိုင်ငံမှ နှလုံးသွေးကြော ခွဲစိတ်အထူးကု ဆရာဝန်ကြီး)**

ဝန်ကြီးချုပ်ကို ခွဲစိတ်ကုသမှုတွေလုပ်ဖို့အတွက် ပြီးခဲ့တဲ့ သုံးလလောက်က ကျွန်တော့်ဆီကို ဝန်ကြီးချုပ်ရဲ့ ကျန်းမာရေးနဲ့ ပတ်သက်တဲ့ အချက်အလက်တွေကို ပို့ပေးတယ်။ အချက်အလက်တွေအရ အဆို့ရှင်က ယိုယွင်းပြီး သွေးကြောမကြီးကဖောင်းနေတော့ ခွဲစိတ်ဖို့လိုတယ်လို့ အကြံဉာဏ်ပေးခဲ့ပါတယ်။ ခွဲမယ်ဆိုရင် ဒီနားက နိုင်ငံတွေမှာပဲဖြစ်ဖြစ်၊ အင်္ဂလန်လာချင်လည်းလာပေ့ါ။ ကျွန်တော်က ဒီလာပြီးခွဲပေးနေတော့ ဒီမှာလည်းခွဲလို့ရတယ်လို့ ပြောခဲ့ပါတယ်။ အဲဒါကြောင့် ပါမောက္ခ ဝင်းဝင်းကျော်တို့နဲ့ တိုင်ပင်ပြီး ကြိုတင်ပြင်ဆင်ထားတယ်။ ဒါကြောင့် အခုလိုအောင်မြင်စွာနဲ့ ခွဲစိတ်ပေးနိုင်ခဲ့တာပါ။ ဝန်ကြီးချုပ်က အထူးကြပ်မတ်ဆောင်မှာ နောက်ထပ်တစ်ရက်၊ နှစ်ရက်လောက် နေရမယ်။ ပြီးရင် ဆေးရုံမှာ တစ်ပတ် ၊ ဆယ်ရက်လောက်နေပြီး အိမ်ပြန် လို့ရမှာပါ။ အိမ်ပြန်ပြီးရင်တော့ ပုံမှန်ပြန်ရောက်သွားဖို့ဆိုရင် ပုံမှန်အားဖြင့် လေးပတ်နဲ့ ခြောက်ပတ်၊ အလွန်ဆုံး ရှစ်ပတ်လောက်ကြာတတ်ပါတယ်။ ပြန်လည်ကျန်းမာပြီး ပုံမှန်ပြန်ဖြစ်လာမှာပါ။

**ပါမောက္ခ ဝင်းဝင်းကျော် (နှလုံး သွေးကြောခွဲစိတ် အထူးကု ဆရာဝန်ကြီး)**

ဝန်ကြီးချုပ်ကို ခွဲစိတ်ဖို့ ပါမောက္ခ အောင်ရဲဦးနဲ့ဆက်သွယ်တယ်။ ဝန်ကြီးချုပ်က မွေးရာပါ အဆို့ရှင် သုံးခုရှိတဲ့နေရာမှာ မွေးရာပါ အဆို့ရှင် နှစ်ခုပဲ ပါလာတာဆိုတော့ သွေးကြောမကြီးကလည်း ကြီးနေတာဆိုတော့ ရောဂါ ရှာဖွေတွေ့ရှိသွားတာပါ။ သူက ဟိုမှာလည်းခွဲလို့ရတယ်၊ ဒီမှာလည်းခွဲလို့ရတယ်ပြောတော့ ဝန်ကြီးချုပ်က ဒီမှာပဲ ခွဲမယ်ပြောလို့ လိုအပ်တဲ့ ကျန်းမာရေး စစ်ဆေးမှုတွေလုပ်ပြီး သုံးပတ်လောက်အချိန်ယူပြီး ပြင်ဆင်ခဲ့ပါတယ်။ အားလုံး အသင့်ဖြစ်ပြီဆိုတော့မှ ပါမောက္ခ အောင်ရဲဦးက လာရောက်ခွဲစိတ်ပေးခဲ့တာပါ။ ဝန်ကြီးချုပ်ရဲ့ ကျန်းမာရေးအခြေအနေ အားလုံးကောင်းပါတယ်။ ဝန်ကြီးချုပ်ကို လာရောက်ခွဲစိတ်ပေးတဲ့ နှလုံးသွေးကြောခွဲစိတ် အထူးကုဆရာဝန်ကြီး ပါမောက္ခ အောင်ရဲဦးက ရန်ကင်းဆေးရုံမှာ တစ်နှစ်ကို နှစ်ခါလောက် လာခွဲစိတ်ပေးတယ်။ ကျွန်မတို့ ရန်ကင်းကလေးဆေးရုံကြီးမှာဆိုရင် နှလုံးခွဲစိတ်မှုကို ၂၀၁၂ ခုနှစ် နိုဝင်ဘာ ၅ ရက်က စတင်ခဲ့ပြီး ယနေ့အထိ လူနာပေါင်း ၁၈၀၀ ခန့်ကို ခွဲစိတ်ကုသပေးနိုင်ခဲ့ပါတယ်။

**နော်ပန်းသဥ္ဇာမျိုး(ရန်ကုန်တိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး)**

ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက မွေးရာပါ နှလုံးအဆို့ရှင် မလုံတာနဲ့ဆိုင်တဲ့ သွေးကြောမကြီး ကြီးနေတဲ့အတွက် ခွဲစိတ်ရခြင်းဖြစ်ပါတယ်။ ဒီနေ့မနက် ၇ နာရီမှာပဲ ရန်ကုန်မြို့က ရန်ကင်းကလေးဆေးရုံကြီး နှလုံးနှင့်ခွဲစိတ်ဌာနရဲ့ အစီအစဉ်နဲ့ ခွဲစိတ်ကုသခဲ့ရာမှာ မွန်းလွဲ ၁ နာရီမှာပဲ အောင်မြင်စွာနဲ့ ခွဲစိတ် ပြီးစီးခဲ့ပါတယ်။ ဝန်ကြီးချုပ်ရဲ့ ကျန်းမာရေးအခြေအနေကတော့ တည်ငြိမ်ကောင်းမွန်လျက်ရှိပါတယ်။ အထူး ကြပ်မတ်ကုသဆောင်မှာ ကုသမှုကို ဆက်လက်ခံယူနေပါတယ်။ နှလုံးခွဲစိတ်ကုသမှု အဖွဲ့ကိုတော့ အင်္ဂလန်နိုင်ငံက ပါမောက္ခ အောင်ရဲဦး ဦးဆောင်ပြီး ပါမောက္ခ ဝင်းဝင်းကျော်နဲ့ ပါမောက္ခ အောင်သူတို့ ပူးပေါင်းခွဲစိတ်ခဲ့ကြပါတယ်။ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းရဲ့ နှလုံးခွဲစိတ်ကုသမှုကို မြန်မာနိုင်ငံ ရန်ကုန်မြို့မှာ မြန်မာဆရာဝန်၊ သူနာပြုတွေနဲ့ ကျန်းမာရေး ဝန်ထမ်းတွေက အောင်မြင်စွာ ဆောင်ရွက်ခဲ့ခြင်းပဲဖြစ်ပါတယ်။ ဒါဟာ ကျွန်မတို့နိုင်ငံရဲ့ ဆေးသမိုင်းမှတ်တမ်းမှာ အောင်မြင်မှု မှတ်တိုင်တစ်ခုဖြစ်ပါတယ်။

ခွဲစိတ်ကုသမှုကလည်း တကယ်အဆင့်မြင့်ပါတယ်။ အခုလို အောင်မြင်စွာ ခွဲစိတ်ကုသမှုကြောင့် ဝန်ကြီးချုပ်အနေနဲ့ အမြန်ဆုံးပြန်လည်ကောင်းမွန်လာမှာပါ။ အခုလို ဆေးကုသမှု ခံယူနိုင်ဖို့အတွက်ကိုလည်း ဝန်ကြီးချုပ်အနေနဲ့ သက်ဆိုင်ရာဝန်ကြီးတွေကိုလည်း ရှေ့ဆက်လုပ်ဆောင်ရမယ့် အပိုင်းတွေကို တိတိကျကျ ညွှန်ကြားထားပါတယ်။ သက်ဆိုင်ရာဝန်ကြီးတွေအနေနဲ့လည်း ဝန်ကြီးချုပ်ရဲ့ ညွှန်ကြားချက်တွေအတိုင်းပဲ ဆက်လက်ဆောင်ရွက်နေပါတယ်။

**တွေ့ဆုံမေးမြန်း-ဇော်ကြီး(ပဏီတ)၊ မင်းသစ်(သတင်းစဉ်)၊**
**ဓာတ်ပုံ-ဇော်ဇော်ကြီး**

# နိုင်ငံသားတိုင်း မူလတန်းပညာသင်ယူပြီးမြောက်နိုင်ရေး ကျောင်းသစ်ဖွင့်လှစ်ခြင်းနှင့် ကျောင်းအဆင့်တိုးမြှင့်ခြင်းများ ပိုမိုဆောင်ရွက်မည်

**နေပြည်တော် မတ် ၅**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးသည် ယမန်နေ့နံနက်ပိုင်းက ထားဝယ်တက္ကသိုလ်၌ ထားဝယ်မြို့ရှိ တက္ကသိုလ်၊ ကောလိပ်များနှင့် အခြေခံပညာကျောင်းများမှ ပါမောက္ခချုပ်၊ ပါမောက္ခ၊ ကျောင်းအုပ်များ၊ ဆရာ ဆရာမများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးက နိုင်ငံသားတိုင်း မူလတန်းပညာသင်ယူပြီးမြောက်နိုင်စေရေးနှင့် အလယ်တန်းနှင့် အထက်တန်းပညာ ဆက်လက်သင်ယူနိုင်ရေးအတွက် အခြေခံပညာကျောင်းများအသစ်ဖွင့်လှစ်ခြင်းနှင့် ကျောင်းအဆင့်တိုးမြှင့်ပေးခြင်းတို့ကို သွားလာရေးခက်ခဲသောဒေသများတွင် ဦးစားပေးတိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဆရာ ဆရာမများအနေဖြင့် ကျောင်းသားများကို စာမေးပွဲအောင်မြင်စေရန်သာမက အမှန်တကယ် တတ်မြောက်မှုရှိစေရန် သင်ကြားသင်ယူပေးစေလိုပါကြောင်း၊ ကျောင်းသား ကျောင်းသူများအချင်းချင်း ပူးပေါင်းဆောင်ရွက်တတ်သော အလေ့အကျင့်ကောင်းများရရှိစေမည့် သင်ကြားသင်ယူနည်းစနစ်များဖြင့် သင်ကြားပေးခြင်း၊ ဂီတ၊ အနုပညာ၊ ပန်းချီ၊ အားကစား၊ လူမှုရေးလုပ်ငန်းများ ဆောင်ရွက်တတ်စေရန်လည်း တွန်းအားပေးဆောင်ရွက်ကြစေလိုပါကြောင်း။

တက္ကသိုလ်များအနေဖြင့် ဒေသ၏လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်သောဒေသနှင့် လိုက်လျောညီထွေဖြစ်မည့် သုတေသနလုပ်ငန်းများကိုဆောင်ရွက်ကြရန် လိုအပ်ပါကြောင်းနှင့် အရည်အသွေးမြင့်မား၍ ယှဉ်ပြိုင်နိုင်စွမ်းရှိသော ဘွဲ့ရလူငယ်မောင်မယ်များပေါ်ထွက်လာစေရန် ပြုစုပျိုးထောင်ပေးရန် လိုအပ်ပါကြောင်း၊ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကကျသော အရည်အသွေးမြင့်မားသည့် ကျွမ်းကျင်လုပ်သားများ ပေါ်ထွက်လာစေရေးအတွက် နည်းပညာ၊ သက်မွေးပညာရပ်သင်ကျောင်းများကို တိုးမြှင့်ဖွင့်လှစ်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးသည် ယနေ့တွင် တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်နှင့် တွေ့ဆုံ၍ ပညာရေးဖွံ့ဖြိုးတိုးတက်စေရန် ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များကို ဆွေးနွေးညှိနှိုင်းကြပြီး ထားဝယ်မြို့ရှိ ထားဝယ်တက္ကသိုလ်၊ နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်၊ ပညာရေးကောလိပ်၊ အစိုးရနည်းပညာ အထက်တန်းကျောင်းနှင့် အထက(၁)ထားဝယ်တို့သို့ သွားရောက်ကာ ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ သင်ကြားရေးဆိုင်ရာ လိုအပ်ချက်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**





**ချင်းတွင်းမြစ်အတွင်း၌ မြန်မာ့ရိုးရာလှေလှော်ပြိုင်ပွဲ ကျင်းပစဉ်။** (ဓာတ်ပုံ-သက်ဟန်)

**ရှေ့ဖုံးမှ**

ပါဝင်ယှဉ်ပြိုင်ခဲ့ကြရာ အမျိုးသားလှေလှော်အသင်းမှ ပထမဆုကို ကလေးဝမြို့နယ် ဇီးဒေါင့်ကျေးရွာ ပေါ့ပါးလှေအသင်းက ရွှေမုဋ္ဌောတံခွန်စိုက် ဒိုင်းဆုကြီးနှင့် ငွေသားဆု၊ ဒုတိယဆုကို မင်းကင်းမြို့နယ် ခုံသာကျေးရွာ ဇော်မင်းသားလှေအသင်း၊ တတိယဆုကို ကလေးဝမြို့နယ် တုန်းနန်းကျေးရွာ ပျံလွှားလှေအသင်းတို့က လည်းကောင်း၊ အမျိုးသမီးလှေလှော်အသင်းမှ ပထမဆုကို ကလေးဝမြို့နယ် ကိုင်းကျေးရွာ ဒိုးကျည်မလှေအသင်းက ရွှေမုဋ္ဌောတံခွန်စိုက် ဒိုင်းဆုကြီးနှင့် ငွေသားဆု၊ ဒုတိယဆုကို ကလေးဝမြို့နယ် ဇီးဒေါင့်ကျေးရွာ ရွှေဇီးမာန်လှေအသင်း၊ တတိယဆုကို ကလေးဝမြို့နယ် တုန်းနန်းကျေးရွာ ပျံလွှားလှေအသင်းတို့က လည်းကောင်း အသီးသီးဆုများ ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့ကြကြောင်း သိရသည်။

ရွှေမုဋ္ဌောစေတီတော်သည် သီရိမ္ဗာသောကမင်းကြီး၏ မုဋ္ဌောကိုးဆူဂူကိုးလုံးတွင် တစ်ဆူအပါအဝင်ဖြစ်ပြီး ယခုနှစ်တွင် ရွှေမုဋ္ဌောစေတီတော်ကို လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူခြင်း အထိမ်းအမှတ်အဖြစ် ယခင်နှစ်ပေါင်း ၄၀ ကျော်ကာလကကျင်းပခဲ့သည့် မြန်မာ့ရိုးရာလှေလှော်ပြိုင်ပွဲကို ပြန်လည်ထည့်သွင်းကျင်းပခြင်းဖြစ်ကြောင်း ရွှေမုဋ္ဌောဘုရားဂေါပကအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

လှေလှော်ပြိုင်ပွဲကို စတင်ကျင်းပနိုင်ရန်အတွက် ကလေးခရိုင်အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ မြန်မာ့ရိုးရာလှေလှော်ပြိုင်ပွဲကျင်းပရေးကော်မတီနာယက ဦးကိုကိုနိုင်၊ ကလေးခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်ဇော်မိုးနှင့် မြို့မိ မြို့ဖ မြန်မာ့ရိုးရာလှေလှော်ပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးပေါက်ဖော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ဘုရားပွဲကြီးနေ့တွင် သံဃာတော် ၁၀၈ ပါးကို ဆွမ်းဆန်စိမ်း လောင်းလှူပွဲနှင့် ဧည့်ပရိသတ်များအား စတုဒိသာထမင်းကျွေးမွေးခြင်း၊ ပွဲတော်ရက်အတွင်း မန္တလေးအငြိမ့်နှင့် ဇာတ်ပွဲများ၊ ဈေးရောင်းပွဲနှင့် အခြားအားကစားပွဲများနှင့် ကြည့်ချင်ပွဲများကိုပါ ထည့်သွင်း ကျင်းပခဲ့ကြောင်း သိရသည်။

**(ချင်းတွင်းသား)**

## မြစ်ကမ်းပါးပြိုကျမှုကြောင့် ယာယီရွှေ့ပြောင်းထားသော နေအိမ်များကို မြေနေရာဝယ်ယူချထားပေး

**တွံတေး မတ် ၅**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုရန်ပုံငွေဖြင့် တွံတေးမြို့နယ် ရွှေလှေချောင်(တွံ)ကျေးရွာအုပ်စု ရွှေလှေချောင်ကျေးရွာတွင် ကမ်းပါးပြိုကျမှုကြောင့် ယာယီရွှေ့ပြောင်းထားသော နေအိမ်များကို မြေနေရာဝယ်ယူ၍ နေရာချထားပေးခြင်းအခမ်းအနားကို တွံတေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တော်ဝင်စန္ဒကူးခန်းမ၌ မတ် ၁ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

အဆိုပါပေးအပ်ပွဲအခမ်းအနားသို့ အမှတ်(၂) တိုင်းဒေသကြီးကိုယ်စားလှယ် ဦးနေနိုင်ဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးခိုင်ထွန်း၊ မြို့နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးလှိုင်ဦး၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ယာယီရွှေ့ပြောင်း အိမ်ထောင်စုဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ မြို့မိ မြို့ဖများတက်ရောက်ကြပြီး အမှတ်(၂)တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးနေနိုင်ဦးက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ မြို့နယ်အုပ်ချုပ်ရေးမှူးက မြစ်ကမ်းပါးပြိုကျမှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ မြေဝယ်ယူထားသော မြေဧရိယာ ၁ ဒသမ ၇၃ ဧကအတွက် မြေကွက်တန်ဖိုး ငွေကျပ် ၃၈၀ ဒသမ ၆ သိန်းအား မြေရောင်းသူ ဦးကျော်ဝင်းထံပေးအပ်ခဲ့သည်။

ရွှေလှေချောင်ကျေးရွာတွင် တိုးမြစ်ရေစွယ်ထိုးမှုကြောင့် ၂၀၁၆ ခုနှစ် ဇူလိုင် ၂၃ ရက်မှစတင်၍ ငါးကြိမ်ဖြစ်ပွားခဲ့ရာ အလျားပေ ၁၂၀၀ ကျော်၊ အနံပေ ၃၀၀ ကျော်ပြိုကျခဲ့ပြီး အိမ်ထောင်စု ၃၀၊ လူဦးရေ ကျား ၆၇ ဦး၊ မ ၆၅ ဦး စုစုပေါင်း ၁၃၂ ဦးကို ယာယီရွှေ့ပြောင်းပေးခဲ့ရသည်။ ယခုအခါ တိုင်းဒေသကြီးအစိုးရအဖွဲ့ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေဖြင့် မြေဧက ၁ ဒသမ ၇၃ ဧကပေါ်တွင် နေအိမ်များ မဲနှိုက်နေရာချထားပေးသည့်အတွက် မိသားစုများ အဆင်ပြေသွားပြီဖြစ်ကြောင်း သိရသည်။

ရွှေလှေချောင်ကျေးရွာမှ ကမ်းပါးပြိုကျမှုတွင် ပါဝင်သောကျေးရွာသားတစ်ဦးက “ ကျွန်တော်တို့ မြစ်ကမ်းပါးပြိုတာမကြုံဖူးပါဘူး။ အခုက ငါးကြိမ်လောက်ပြိုကျမှုဖြစ်ပွားတာ ကမ်းတော်တော်များများပြိုကျသွားတယ်။ လုပ်စားနေတဲ့ခြံမြေတွေ၊ အိမ်တွေမရှိတော့ဘူး။ အခုနေစရာမြေကွက်လေး ပြန်ရတော့ အလွန်ဝမ်းသာပါတယ်။ ဆောင်ရွက်ပေးတဲ့သူအားလုံးကိုလည်း ကျေးဇူးတင်ပါတယ်”ဟု ဦးအောင်မြင့်ကပြောသည်။ **မျိုးလှိုင်(တွံတေး)**



ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် (၉)ရပ်ကွက် သူရ(၂)လမ်း၌ မတ် ၅ ရက် ည ၇ နာရီခန့်တွင် မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ပြီး ည ၇ နာရီ ၅၅ မိနစ်တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။ မီးလောင်မှုကြောင့် နေအိမ်ငါးလုံးနှင့် တိုက်ခန်းနှစ်ခန်း မီးလောင်ဆုံးရှုံးသွားကြောင်း ကနဦးသတင်းအရ သိရသည်။

ဓာတ်ပုံ-ဌေးအောင်(ကြေးမုံ)

**စာအုပ်စာပေ လူ့မိတ်ဆွေ**

## ၂၀၁၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ညောင်တုန်းမြို့နယ်မှ ကျောင်းသား ကျောင်းသူ ယခင်နှစ်ကထက်ဖြေဆိုသူများပြား

**ညောင်တုန်း မတ် ၅**

၂၀၁၇ ခုနှစ် မတ်လ ၈ ရက်တွင် စတင်ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲတွင် ညောင်တုန်းမြို့နယ်စာစစ်ဌာနများ၌ ဝင်ရောက်ဖြေဆိုကြမည့် ကျောင်းတွင်းဖြေနှင့် ပြင်ပဖြေ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၃၂၄၂ ဦး ဝင်ရောက်ဖြေဆိုမည်ဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

ညောင်တုန်းမြို့နယ်တွင် စာစစ်ဌာနခြောက်ခု ဖွင့်လှစ်ထားပြီး တက္ကသိုလ်ဝင်စာမေးပွဲကို ဘာသာရပ်အတွဲ(၁)တွင် ၁၁၆၈ ဦး၊ အတွဲ(၂)တွင် ၁၃၄၅ ဦး၊ အတွဲ(၇)တွင် ၁၀၄ ဦးနှင့် စုစုပေါင်း ၂၆၁၇ ဦး ဝင်ရောက်ဖြေဆိုကြမည်ဖြစ်သည်။ ပြင်ပဖြေ ကျောင်းသား ကျောင်းသူပေါင်း ၆၂၅ ဦး ဝင်ရောက်ဖြေဆိုကြမည်ဖြစ်သည်။ ယခုနှစ်တွင် အထက (မဲဇလီ)ကို စာစစ်ဌာနအသစ်ဖွင့်လှစ်ကာ ရပ်ဝေးကျောင်းသား ကျောင်းသူများ သွားလာအဆင်ပြေစေရေးအတွက် မြန်မာနိုင်ငံ စာစစ်ဦးစီးဌာနမှ စာစစ်ဌာနသစ်အဖြစ် ဖြေဆိုခွင့်ပြုထားကြောင်း သိရသည်။

မြန်မာနိုင်ငံ စာစစ်ဦးစီးဌာနမှထုတ်ပြန်ထားသည့် သတ်မှတ်ရက်များမှစ၍ ကျောင်းသား ကျောင်းသူများအား စာဖြေဆိုခွင့် ဝင်ခွင့်ကတ်ပြားများလည်း ထုတ်ယူနိုင်ကြောင်း အသိပေးကြေညာခြင်းများ ပြုလုပ်ပေးထားသည်။ ထို့ပြင် ၂၀၁၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအတွက် ကြီးကြပ်ရေးမှူး၊ လ/ထကြီးကြပ်ရေးမှူး၊ ဆရာ ဆရာမများ ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့် စာဖြေသူများလိုက်နာရန် စည်းကမ်းချက်များရှင်းလင်းဆွေးနွေးခြင်းများနှင့် ကျောင်းသား ကျောင်းသူများ အေးချမ်းစွာစာဖြေဆိုနိုင်ရေးအတွက် မြို့နယ်ပညာရေးတာဝန်ခံ ဒေါ်သင်းသင်းနွယ်နှင့် ဦးမြင့်အောင် (ဒုတိယမြို့နယ်ပညာရေးမှူး)တို့က ဦးဆောင်ကာ ကျောင်းဝင်းလုံခြုံရေး၊ မီးဘေးစီမံချက်များရေးဆွဲပြီး ဌာနဆိုင်ရာများနှင့် ပူးပေါင်းကာ တက္ကသိုလ်ဝင်စာမေးပွဲကို ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**ထွန်းကျော်(ညောင်တုန်း)**

# (၁၄၈)ကြိမ်မြောက် သမိုင်းဝင်အင်းတော်ကြီး ရွှေမဉ္ဇူရေလယ်ဘုရား ဗုဒ္ဓပူဇနိယပွဲတော် ဖွင့်ပွဲကျင်းပ

**မိုးကောင်း မတ် ၅**

ကချင်ပြည်နယ် မိုးညှင်းခရိုင် အင်းတော်ကြီးဒေသရှိ သမိုင်းဝင် အင်းတော်ကြီး ရွှေမဉ္ဇူရေလယ်ဘုရား (၁၄၈)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် ဖွင့်ပွဲအခမ်းအနားကို မတ် ၅ ရက် နံနက် ၈ နာရီခွဲတွင် ပြည်နယ် ဘဏ္ဍာ၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဌာန ဝန်ကြီး ဦးဝေလင်းက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။



အဆိုပါ အခမ်းအနားတွင် ဝန်ကြီး က အင်းတော်ကြီး ရွှေမဉ္ဇူရေလယ် ဘုရား၏ အခွန်လွတ်ဂရန်ကို ဂေါပက အဖွဲ့နှင့် တာဝန်ရှိသူများအား ပေးအပ်ခဲ့သည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် အင်းတော်ကြီးကန်အတွင်း ငါးလွှတ်ပွဲ အခမ်းအနားပြုလုပ်ကာ ငါးများ လွှတ်ခဲ့ပြီး မွန်းတည့် ၁၂ နာရီတွင် အခမ်းအနားပြီးဆုံးခဲ့ကြောင်း သိရ သည်။

အခမ်းအနားသို့ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ၊ မိုးညှင်း ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်လဝက ဦးစီးမှူးနှင့် ဧည့်သည်တော်များ တက်ရောက်ခဲ့ပြီး ပွဲတော်ကို ယနေ့ မှစ၍ တပေါင်းလပြည့်နေ့အထိ ရှစ်ရက်ကျင်းပမည်ဖြစ်ကြောင်း သိရ သည်။

**ဝင်းနိုင်(ကချင်မြေ)**

# အသက်(၆၀)နှင့်အထက် အငြိမ်းစားများအား ဂါရဝပြု

**ပုသိမ် မတ် ၅**

ဧရာဝတီတိုင်းဒေသကြီး ကျော်ဖောင်ဒေးရှင်း အထွေထွေအုပ်ချုပ်ရေးဝန်ထမ်း ဟောင်းများက အသက်(၆၀)နှင့်အထက် အငြိမ်းစားအမှုထမ်း၊ အရာထမ်း ၆၆ ဦးတို့အား ဂါရဝပြုပွဲကို မတ် ၄ ရက် နံနက် ၉ နာရီက ပုသိမ်မြို့ အမှတ်(၃) နယ်မြေ ရှင်ပင်ဘုန်းပွင့်လမ်း မြောင်းမြ ပရိယတ္တိစာသင်တိုက် ဆွမ်းစားဆောင် သုံးထပ်တိုက်ဓမ္မာရုံ၌ ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး ကျော်ဖောင်ဒေးရှင်း နာယက တိုင်းအုပ်ချုပ်ရေးမှူး(ငြိမ်း) ဦးအေးကျော်က အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနတွင် အသက်(၆၀)နှင့်အထက်အမှုထမ်းခဲ့ကြသော အရာထမ်း၊ အမှုထမ်းများ၏ ကျန်းမာရေး၊ လူမှုရေးကိစ္စအထွေထွေ ကူညီစောင့်ရှောက်ရန် အငြိမ်းစားများစုပေါင်းဖွဲ့စည်းထားသော ကျော်ဖောင်ဒေးရှင်းကို ဖွဲ့စည်း ဆောင်ရွက်ခဲ့ကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ၂၆ မြို့နယ်မှ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အငြိမ်းစားဝန်ထမ်းဟောင်းများ၏ သာရေး၊ နာရေး၊ လူမှုရေး၊ သဘာဝဘေးဆိုင်ရာကိစ္စတို့ကို အထွေထွေကူညီဖေးမ ဆောင်ရွက်ခဲ့ကြောင်း ပြောသည်။

ထို့နောက် အသက်(၆၀)နှင့်အထက် အငြိမ်းစား ၆၆ ဦးတို့အား ကျော်ဖောင်ဒေးရှင်းနာယကနှင့် တိုင်းဒေသကြီး အထွေထွေဦးစီးဌာန တိုင်းအုပ်ချုပ်ရေးမှူး ဦးသန်းဆွေဝင်း၊ အလှူရှင်များ၊ ဖောင်ဒေးရှင်းအသင်းဝင် များက လှူဖွယ်ဝတ္ထုပစ္စည်းစုံလင်စွာဖြင့် ဂါရဝပြုပေးအပ်ခဲ့ကြသည်။

**(ပုသိမ်လှကြည်)**

# မုန်တိုင်းသဏ္ဍာန်တူ ဇာတ်တိုက်လေ့ကျင့်

**မကွေး မတ် ၅**

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် ဘုတ်ကုန်းကျေးရွာတွင် မုန်တိုင်း သဏ္ဍာန်တူ ဇာတ်တိုက်လေ့ကျင့်ခန်းကို မတ် ၃ ရက် နံနက် ၉ နာရီက ပြုလုပ် ခဲ့သည်။

"မုန်တိုင်းသဏ္ဍာန်တူ ဇာတ်တိုက်လေ့ကျင့်ခန်းကို မကွေးတိုင်းဒေသကြီး ဦးစီးမှူးရုံး ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနရဲ့ ကြီးကြပ်မှုနဲ့ မြို့နယ်သဘာဝဘေးစီမံခန့်ခွဲမှုအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်ခဲ့ပြီး ဘေးအန္တရာယ် ကျရောက်ပါက ကျေးရွာလူထုအနေနဲ့ အခုပြုလုပ်တဲ့ လေ့ကျင့်ခန်းမှ အားနည်းချက်တွေကို ပြုပြင်ဆောင်ရွက်နိုင်စေဖို့နဲ့ ကျရောက်လာမယ့် ဘေးအန္တရာယ်တွေကို တုံ့ပြန်ဆောင်ရွက်တတ်တဲ့ အလေ့အကျင့်တွေ ရရှိစေဖို့ ရည်ရွယ်ပြုလုပ်ခြင်း ဖြစ်ပါတယ်"ဟု ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာ ချထားရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးမြင့်စိုးက မုန်တိုင်းသဏ္ဍာန်တူ ဇာတ်တိုက်လေ့ကျင့်ခန်း အသိပညာပေးအခမ်းအနားတွင် ပြောသည်။



အဆိုပါမုန်တိုင်းသဏ္ဍာန်တူ ဇာတ်တိုက်လေ့ကျင့်ခန်းသို့ ဒေသခံပြည်သူ ၄၅၀ ခန့် တက်ရောက်ကြပြီး ဟောပြောပွဲအပြီးတွင် ကယ်ဆယ်ရေးနှင့်ပြန်လည် နေရာချထားရေးဦးစီးဌာနရုံး ဝန်ထမ်းများက ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးကာ မြို့နယ်သဘာဝဘေးစီမံခန့်ခွဲမှုအဖွဲ့များနှင့်အတူ ကျေးရွာ ပြည်သူများက မုန်တိုင်းသဏ္ဍာန်တူ ဇာတ်တိုက်လေ့ကျင့်ခန်းများကို ပူးပေါင်း ပါဝင်ဆောင်ရွက်ခဲ့ကြသည်။

မကွေးတိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီး ဌာနအနေဖြင့် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီကို ၂၀၁၆ ခုနှစ်တွင် ဖွဲ့စည်း၍ တိုင်းဒေသကြီးအတွင်း သဘာဝဘေးအန္တရာယ်များဖြစ်သည့် မီးဘေး အကြိမ် ၂၀၊ ကမ်းပါးပြို၍ ကြိုတင်ပြောင်းရွှေ့မှုဘေး ၃၇ ကြိမ်၊ လေပြင်း တိုက်ခတ်မှုဘေး ၆၃ ကြိမ်၊ ရေကြီးနစ်မြုပ်မှု ၇၃ နေရာ ဖြစ်ပွားခဲ့မှု၊ သေဆုံးသူ နှစ်ဦး၊ ရေနစ်သေဆုံးသူ ၁၂ ဦး၊ မိုးကြိုးပစ်သေဆုံးသူ လေးဦး၊ လျှင်ကြောင့် သေဆုံးသူ သုံးဦးအပါအဝင် သေဆုံးသူ ၂၁ ဦးတို့အတွက် အသီးသီး ထောက်ပံ့ပေးအပ်ခဲ့ပြီး စုစုပေါင်းထောက်ပံ့တန်ဖိုး ငွေကျပ် ၅၁၀၈၇၉၂၆၈ ဖြစ်ကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

# မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်

**မော်လမြိုင် မတ် ၅**

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်နှင့် မွန်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီး၏ လမ်းညွှန်ချက်အရ မွန်ပြည်နယ် မီးသတ်ဦးစီးမှူး ဒုတိယ ညွှန်ကြားရေးမှူး ဦးသောင်းထိုက်က အနီးကပ်ကြီးကြပ်၍ မော်လမြိုင်ခရိုင် မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြား ရေးမှူး ဦးရဲအောင် ဦးဆောင်သော သန္နေမီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်စည်ပင်သာယာရေးအ ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မော်လမြိုင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်မြင့် ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များ၊ ဈေးသူ ဈေးသားများပူးပေါင်း၍ မတ် ၄ ရက် နံနက်က မွန်ပြည်နယ် မော်လမြိုင်မြို့နယ် အမှတ်(၁)စည်ပင်သာယာ ဈေးကြီးနှင့် မြိုင်ရတနာ လေးထပ်ဈေးကြီးတို့တွင် မီးငြိမ်းသတ်ရေးစနစ်များ တပ်ဆင်ဆောင်ရွက်ထားရှိမှုတို့ကို လိုက်လံစစ်ဆေးခြင်း၊ မီးလောင်မှုဖြစ်ပွား လာပါက အချိန်တိုအတွင်း ထိရောက်လျင်မြန်စွာ ငြိမ်းသတ်ဆောင်ရွက်နိုင် ရေးအတွက် မီးငြိမ်းသတ်ရေးဇာတ်တိုက်လေ့ကျင့်မှုနှင့် မီးငြိမ်းသတ်ရေးအတွက် ရေအဆက်မပြတ်ရယူနိုင်ရန် သံလွင်မြစ်မှ အပေါ့စားမီးသတ်စက်များဖြင့် တိုက်ရိုက်ရေပေးပို့မှုလေ့ကျင့်ခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

# အမှတ်(၁၅)လုံခြုံရေးတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ဝင်များ စုပေါင်းသွေးလှူ

**မော်လမြိုင် မတ် ၅**

မော်လမြိုင်မြို့ အထွေထွေရောဂါကုဆေးရုံကြီး သွေးလှူဘဏ်၌ မတ် ၂ ရက် က အမှတ်(၂)လုံခြုံရေး ရဲကွပ်ကဲမှုအဖွဲ့မှူးရုံး ကွပ်ကဲမှုအောက်ရှိ အမှတ်(၁၅) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ခွဲမှူး ယာယီဒုတိယရဲမှူးကြီး လှိုင်မင်းထွန်း ဦးစီး၍ ရဲတပ်ဖွဲ့ဝင် ၃၇ ဦးတို့က (၂၁)ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲပြုလုပ်ခဲ့ပြီး သွေးလှူဒါန်းခဲ့ကြသည့်တပ်ဖွဲ့ဝင်များကို အားဆေးနှင့် အားဖြည့်အစားအစာများ ထောက်ပံ့ပေးအပ်သည်။

အလားတူ အမှတ်(၁၅) လုံခြုံရေးတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ဝင်များသည် အကြိမ် (၂၀)မြောက် သွေးလှူဒါန်းပွဲအဖြစ် ဇန်နဝါရီလ ပထမပတ်တွင် တပ်ဖွဲ့ဝင် ၄၉ ဦး စုပေါင်းသွေးလှူဒါန်းခဲ့သည်။

တပ်ဖွဲ့ဝင်များ၏သွေးဖြင့် ပြည်သူ့အသက်ကို ကယ်တင်နိုင်ရေးအတွက် ပြည်သူ့အကျိုးပြုသွေးလှူဒါန်းခြင်းဖြစ်ကြောင်းနှင့် အရေးပေါ်သွေးလိုအပ်ပါက လုံခြုံရေးရဲတပ်ဖွဲ့ခွဲသို့ဆက်သွယ်၍ သွေးလက်ခံရယူနိုင်ကြောင်း သိရ သည်။

**ကျော်သန်း(မော်လမြိုင်)**

# အသက်မွေးဝမ်းကျောင်းပညာရပ်ဆိုင်ရာသင်တန်းကျောင်း ရွှေပြည်သာမြို့နယ်၌ ဖွင့်လှစ်သင်ကြား

**ရန်ကုန် မတ် ၅**

လူငယ်၊ လူရွယ်များ အသက်မွေးဝမ်းကျောင်း ပညာသင်အခွင့်အရေး၊ လူငယ်၊ လူရွယ်များ ဘဝ ရှင်သန်တိုးတက်နိုင်ရေး၊ ကိုယ့်အားကိုယ်ကိုး၍ အသက်မွေးဝမ်းကျောင်းပညာရပ်ပေါ် မူတည်၍ ဝင်ငွေရရှိနိုင်ရေးအတွက် လိုအပ်သော ကျွမ်းကျင် မှုနည်းပညာများရရှိစေရန် ရည်ရွယ်ချက်ဖြင့် ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် (၁/၃၆)ရပ်ကွက် နေမျိုးအနော်ရထာလမ်းသွယ် အမှတ်(၂၆၇-၂၆၈)၌ FXB Myanmar အသက် မွေးဝမ်းကျောင်း ပညာရပ်ဆိုင်ရာ သင်တန်းကျောင်း ၌ အသက်မွေးဝမ်းကျောင်းအတတ်ပညာများကို အခမဲ့ FXB (အက်ဖ်အိတ်စ်ဘီ-မြန်မာ)က ဦးဆောင်၍ စနစ်တကျဖွင့်လှစ်သင်ကြားပေးလျက် ရှိကြောင်း သိရသည်။

အဆိုပါသင်တန်းတွင် အခြေခံစက်ချုပ် သင်တန်း၊ ရက်ကန်းသင်တန်း၊ လက်သမား ကျွမ်းကျင်မှု သင်တန်း၊ သတ္တုထည် ပညာရပ်ဆိုင်ရာ ကျွမ်းကျင်မှုသင်တန်းများ သင်ကြားပေးမည်ဖြစ်ကာ သင်တန်းကာလ လေးလ၊ ခြောက်လ၊ တစ်နှစ် သတ်မှတ်၍ သင်တန်းအပတ်စဉ်များအား တစ်နှစ်လျှင် သုံးကြိမ် တန်းခွဲသစ်များ ဖွင့်လှစ်ပေး လျက်ရှိပြီး နေ့လယ်စာ ထမင်းကျွေး၍ ခရီးစရိတ် ထောက်ပံ့မှုပေးပြီး သင်ကြားလျက်ရှိရာ အလုပ် အကိုင်အခွင့်အလမ်းရရှိလိုသူ လူငယ်များအနေဖြင့် ဖုန်း-၀၉၄၂၁၁၆၁၉၂၇၊ ၀၉-၅၀၅၃၂၀၁၊ ၀၉-၉၇၆၄၃၉၂၇၇ တို့ကိုဆက်သွယ်ပြီး စာရင်းပေး သွင်းနိုင်သည်ဟု FXB Myanmar အသက်မွေး ဝမ်းကျောင်း ပညာရပ်ဆိုင်ရာ သင်တန်းကျောင်းမှ နှိုးဆော်ထားကြောင်း သိရသည်။

**(၆၈၄)**

# ကလေးငယ်များ စာပေလေ့လာဖတ်ရှုနိုင်ရေး ညောင်ဦးမြို့၌ စာဖတ်ဝိုင်းများစီစဉ်ဆောင်ရွက်ပေး

**ညောင်ဦး မတ် ၅**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့၊ မြို့ပေါ်ရပ်ကွက်များရှိ ကလေးငယ်များအား စာပေကိုချစ်မြတ်နိုးပြီး စာဖတ်သည့်အလေ့အကျင့်ကောင်း များပေါ်ထွန်းလာစေရန်နှင့် ဉာဏ်ရည်ဉာဏ်သွေးကောင်းမွန်သော လူရည်ချွန် ကောင်းများ ဖြစ်လာစေရန်ရည်ရွယ်၍ ညောင်ဦးမြို့ အမှတ်(၄) ရပ်ကွက် ကြွေကန်စေ့ဘုရား ဓမ္မာရုံတွင် ကလေးငယ်များ စာပေလေ့လာဖတ်ရှုနိုင်ရေး အတွက် ကလေးစာဖတ်ဝိုင်းစီစဉ်ဆောင်ရွက်ထားရှိပေးထားပြီး အဆိုပါ ကလေး စာဖတ်ဝိုင်းဖွင့်ပွဲကို မတ် ၃ ရက် နံနက်ပိုင်းက ကျင်းပခဲ့သည်။

ညောင်ဦးမြို့ အမှတ်(၄)ရပ်ကွက် ကြွေကန်စေ့ဘုရားဓမ္မာရုံတွင် ကလေး စာဖတ်ဝိုင်းစီစဉ်ဆောင်ရွက်ထားရှိနိုင်ရေးအတွက် လိုအပ်သည့် ကလေးစာပေ စာအုပ်များကို ညောင်ဦးမြို့ P-2 စာအုပ်အရောင်းဆိုင်နှင့် KT ဖုန်း အပိုပစ္စည်းအရောင်းဆိုင်တို့မှ ပံ့ပိုးကူညီလှူဒါန်းပေးထားပြီး ကနဦးကလေးငယ် များ စာပေဖတ်ရှုနိုင်ရေး ကလေးစာပေများဖြစ်သည့် ပုံပြင်၊ ရုပ်ပြနှင့် ဉာဏ်စမ်း ပဟေဠိစာအုပ်မျိုးစုံ ၂၅၀ ခန့် လှူဒါန်းထားရှိပေးထားကြောင်း သိရသည်။

အလှူရှင်များအနေဖြင့် ကလေးစာဖတ်ဝိုင်းထားရှိမှု အောင်မြင်ပါက ကလေးငယ်များအား စာပေဖတ်ရှုနိုင်ရုံသာမက ပန်းချီသင်တန်း၊ ကရာတေး သင်တန်းနှင့် ကိုယ်ခံပညာရပ်ဖြစ်သည့် သိုင်းပညာသင်တန်းများကိုပါ ဆက်လက် ဖွင့်လှစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် ကလေးစာဖတ်ဝိုင်းအား ကလေးငယ်များအားလပ်ချိန်တွင် လာရောက်ဖတ်ရှုနိုင်ရေး ပိတ်ရက်မရှိ နံနက် ၉ နာရီမှ ညနေ ၆ နာရီအထိ ဖွင့်လှစ်ထားရှိပေးသွားမည်ဖြစ်ကြောင်း စာအုပ် အလှူရှင် ညောင်ဦးမြို့ P-2 စာအုပ် အရောင်းဆိုင်ပိုင်ရှင် ဦးကြည်ဆွေလတ်၏ ပြောပြချက်အရ သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**



# နွေဦးကာလ ဘုရားဖူးရာသီတွင် မြင်းမထိသဘာဝလိုဏ်ဂူတော်ဘုရားများသို့ လာရောက်ဖူးမြော်မှုများပြား

**ကလော မတ် ၅**

နွေဦးရာသီတွင် ဘုရားဖူးခရီးထွက်သူများပြားလျက်ရှိသည်။ ရာသီဥတုသာယာပြီး ကျောင်းပိတ်ရက်များဖြစ်သည့်အတွက် ဒေသအနှံ့ ဘုရားဖူးခရီးထွက်လေ့ရှိသည်။ တောင်ပေါ်ဒေသသို့ ဘုရားဖူးထွက်သူများမှာ ကလောမြို့နယ် မြင်းမထိရွာ ဥက္ကာလုံမွေ့ရှင်တော်သဘာဝလိုဏ်ဂူဘုရားများရှိရာ မြင်းမထိဂူသို့ သွားရောက်ဖူးမြော်မှုများပြားလျက်ရှိသည်။

မြင်းမထိဂူမှာ ရှမ်းပြည်တောင်ပိုင်း ကလောမြို့နယ်တွင်တည်ရှိသော ရှေးဟောင်းဂူဖြစ်ပြီး စိတ်ဝင်စားဖွယ် ရာဇဝင်များနှင့် ဂူတစ်ခုပင်ဖြစ်သည်။ ဂူမှာဝင်ပေါက်၊ ထွက်ပေါက်များရှိပြီး ပတ်ပတ်လည်တည်ရှိနေရာ ထူးခြားလှသည်။ သဘာဝကျောက်စက်ပန်းဆွဲများရှိကာ ကျောက်စက်ပန်းဆွဲများမှ ရေများကျလျက်ရှိသည်။ လိုဏ်ဂူမှာ အလျား ၁၀၂၈ ပေရှိပြီး လိုဏ်ဂူအတွင်း ရုပ်ပွားတော်များနှင့် ဥက္ကာလုံမွေ့ရှင်တော်ဘုရားတည်ရှိသည်။ ရှေးဟောင်းရုပ်ပွားတော်များအနက် ရှေးနှစ်ပေါင်းများစွာကတည်းက တည်ထားကိုးကွယ်ခဲ့သော ရှေးဟောင်းရုပ်ပွားတော်များလည်း ပါဝင်သည်။

ဥက္ကာလုံမွေ့ရှင်တော်စေတီမှာ ရှေးဟောင်းစေတီဖြစ်ကာ မူရင်းအလျှုရှင်မှာ သီရိဓမ္မာသောကမင်းဖြစ်ပြီး ပုဂံခေတ်တွင် အနော်ရထာမင်းကြီးက ထီးတော်တင်လှူခဲ့ရာ ပုဂံမင်းဆက်အလောင်းစည်သူမင်းကြီးက ပြန်လည်မွမ်းမံ၍ထီးတော်တင်လှူခဲ့သည့်အတွက် ထီးတော်သုံးဆင့်ဖူးမြင်ရသော ထူးခြားသည့်စေတီပင်ဖြစ်သည်။ မြင်းမထိလိုဏ်ဂူအတွင်း ဝင်လိုက်သည်နှင့် ရသေ့ဖိုဝင်ဂူ၊ ရာစုနှစ်အလိုက် ရှေးဟောင်းဘုရားများ၊ နတ်သမီးသနပ်ခါးကျောက်ပျဉ်ခေါ် ကျောက်စက်ပန်းဆွဲ၊ ရှေးဟောင်းသမိုင်းဝင် လက်ဆောင်ခံစေတီ၊ ဥက္ကာလုံမွေ့ရှင်စေတီ၊ နတ်သမီးရေကန်၊ ရေပေါ်နဂါးရုံဓာတ်တော်ရှင်လာဘမုနိဘုရား၊ ဂူအလယ်ရှိ ကျောက်မဟာဗောဓိပင်၊ မြတ်စွာဘုရား ဒေသစာရီကြွချီတော်မူပုံ ဆင်းတုတော်များ၊ ကျောက်ဖားနှင့် ဗုဒ္ဓရုပ်ပွားတော်များ၊ ရွှေဟင်္သာနှင့် ဆင်ဖြူတော်ပုံ ကျောက်စက်ပန်းဆွဲများ၊ နှစ်ကျိပ်ရှစ်ဆူဘုရားများနှင့် အခြားထူးခြားသော ရုပ်ပွားတော်များ၊ ကျောက်စက်ပန်းဆွဲများကို တွေ့မြင်ဖူးမြော်နိုင်သည်။

လက်ရှိကာလ နွေဦးရာသီတွင် ဘုရားဖူးခရီးထွက်သူများပြားပြီး တောင်ပေါ်ဒေသသို့ ဘုရားဖူးသွားရောက်သူများမှာ မြင်းမထိဂူရှိ သဘာဝလိုဏ်ဂူဘုရားများကို အဓိကထား ဖူးမြော်ကြသည်။ မြင်းမထိဂူမှာ ဂူများစွာထဲတွင် ထူးခြားပြီး ဝင်ပေါက်၊ ထွက်ပေါက်များဖြင့် ပတ်လည်တည်ရှိနေသောဂူပင်ဖြစ်သည်။ ဂူအတွင်းသို့ ဘုရားဖူးသွားရောက်ပါက ဘုရားသမိုင်းရှင်းပြခြင်းနှင့် ကျောက်လိုဏ်ဂူအတွင်းမှ ရုပ်ပွားတော်များ၊ စေတီများသမိုင်းကို ရှင်းပြလေ့ရှိကြောင်း သိရသည်။

**တိမ်တမန်**





# လယ်ယာစွန့်ပစ်ပစ္စည်းများဖြင့် EM ဘိုကာရှီ မြေဆွေးပုံပြုလုပ်သုံးစွဲနည်း ပညာပေး

**မိုင်းဖြတ် မတ် ၅**

လယ်ယာစွန့်ပစ်ပစ္စည်းများ အကျိုးရှိစွာ အသုံးပြုတတ်စေရန်နှင့် အော်ဂဲနစ်မြေသြဇာသုံးစွဲခြင်းမှရရှိမည့် အကျိုးကျေးဇူးများ သိရှိလိုက်နာဆောင်ရွက်နိုင်ရန် လယ်ယာစွန့်ပစ်ပစ္စည်းများဖြင့် EMဘိုကာရှီ မြေဆွေးပုံပြုလုပ်သုံးစွဲနည်းကို မတ် ၃ ရက် နံနက်ပိုင်းက မိုင်းဖြတ်မြို့နယ် နမ့်ကုန်းကျေးရွာအုပ်စုရှိ တောင်သူဦးသန်းဝင်း၏ နွေစပါးစိုက်လယ်မြေ၌ ပြုလုပ်ခဲ့သည်။

အဆိုပါ လက်တွေ့သရုပ်ပြပညာပေးရာတွင် တာချီလိတ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးလှဝင်းက EM ဘိုကာရှီမြေဆွေးပုံပြုလုပ်သုံးစွဲရခြင်းနှင့် ရရှိစေမည့် မြေဆီသြဇာကောင်းမွန်စေသည့် အကျိုးကျေးဇူးများကို လည်းကောင်း၊ ခရိုင်မြေအသုံးချရေးတာဝန်ခံ ဒေါ်မြဉမ္မာက အီးအမ်တင်လဲရည် အချိုးကျဖျော်စပ်ပုံ၊ မြေဆွေးပုံ အရွယ်အစားအလိုက်ထည့်သွင်းရမည့် နှုန်းထားနှင့် မြေဆွေးပုံပြုလုပ်နည်းအဆင့်ဆင့်ကိုလည်းကောင်း လက်တွေ့ရှင်းလင်းပြသကာ မိုင်းဖြတ်မြို့နယ်ဦးစီးမှူး ဦးသန်းထွဋ်လွင်နှင့် တာဝန်ရှိသူများက အီးအမ်ဘိုကာရှီမြေဆွေးပုံပြုလုပ်နည်းများကို လက်တွေ့ဆောင်ရွက်ပြသပြီး တက်ရောက်လာသည့် တောင်သူ ၃၀ ကျော်အား အီးအမ်နှင့် တင်လဲရည်များ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**

# ကျေးလက်ဒေသများတွင် ရှင်ပြုအလှူပွဲများ ကျင်းပသော်လည်း ဆိုင်းပွဲငှားရမ်းမှုနည်းပါး

**ရေတာရှည် မတ် ၅**

နှစ်စဉ် တပို့တွဲ၊ တပေါင်း၊ တန်ခူးလများသည် မြန်မာမှုရိုးရာ ရဟန်းခံ၊ ရှင်ပြုအလှူပွဲများ ကျင်းပလေ့ရှိရာ စည်ဖြောသံ၊ ဆိုင်းဝိုင်းသံများ နေရာအနှံ့အပြားတွင် ကြားနေကြရသော်လည်း ယခုနှစ်အလှူပွဲရာသီချိန်၌ ဆန်၊ စပါးဈေးကွက်မကောင်းခြင်း၊ သီးနှံများအထွက်နှုန်းကျဆင်းခြင်းတို့ကြောင့် စီးပွားရေးအရ ဆိုင်းပွဲများငှားရမ်းမှု ကျဆင်းသွားခဲ့ရသည်ကို တွေ့ရသည်။

“အလှူလှူရင်လည်း စည်သံ၊ ဖြောသံ၊ ဆိုင်းသံဝိုင်းသံပါရင် အလှူလည်းစည်ကားတယ်။ အားလုံးလည်းပျော်ရွှင်ကြတာပေါ့ဗျာ။ အရင်မိုးရာသီက စပါးဈေးတွေမကောင်းတာ၊ ပဲထွက်နှုန်းတွေကျတဲ့အပြင် ကုန်ဈေးနှုန်းတွေကတက်တော့ အလှူပွဲတွေမှာ ဆိုင်းမငှားနိုင်ကြတော့ဘူးပေါ့” ဟု ရှင်ပြုပွဲအလှူရှင်တစ်ဦးက ပြောသည်။

ဆိုင်းတစ်ပွဲလျှင် ကျပ်ခြောက်သိန်းနှင့်အထက်ရှိပြီး မင်းသမီးငှားရမ်းခြင်း၊ သယ်ယူစရိတ်များပေါင်းပါက ဆယ်သိန်းဝန်းကျင်ကုန်ကျနိုင်ကျသည့်အတွက် အလှူရှင်များအနေဖြင့် တစ်ဦးချင်းထက် စုပေါင်းငှားရမ်းခြင်းနှင့် ပတ်သက်၍ “တစ်ဦးတည်းကျတော့ မတတ်နိုင်တာရှိတယ်။ အလှူထဲမှာ ပေါင်းလှူတဲ့အလှူရှင်တွေကို မင်းတို့တော့ ဘယ်လောက်ထည့်၊ သူကတော့ ဘယ်လောက်ထည့်၊ တတ်နိုင်သလောက် ဝိုင်းပြီးထည့်ဝင်ငွေနဲ့ ငှားရမ်းကြရတာလည်း ရှိတယ်”ဟု ၎င်းက ဆက်လက်ပြောပြသည်။

အနုပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုကြသူတို့အနေဖြင့် လုပ်ငန်းအဆင်ပြေကောင်းမွန်ခြင်းမှာ တောင်သူများ၏ အကျိုးဖြစ်ထွန်းမှုအပေါ်တွင် တည်မှီလျက်ရှိပြီး တောင်သူများ ဝင်ငွေလျော့ကျခြင်းကြောင့် အဆင်မပြေမှုများလည်း ရှိနေကြောင်းသိရသည်။

**ကိုလွင်(ဆွာ)**

❐

# သီးနှံများထိခိုက်ပျက်စီးမှုအတွက် ထောက်ပံ့ငွေပေးအပ်

**ဟိုပန် မတ် ၅**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနမှ သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးသွားသော သီးနှံများအတွက် ထောက်ပံ့ငွေပေးအပ်ပွဲကို မတ် ၄ ရက် နံနက်ပိုင်းက “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်ခရိုင် ဟိုပန်မြို့ မော်ဟွေ့ကျေးရွာ ဘုန်းတော်ကြီးကျောင်းတွင် ပြုလုပ်ခဲ့ရာ ၂၀၁၆ ခုနှစ် ဩဂုတ်လတွင် နမ့်တိန်ချောင်းရေကြီးမှုကြောင့် နစ်မြုပ်သွားခဲ့သော မော်ဟွေ့ကျေးရွာ၊ ဟင်းနားကျေးရွာ၊ နမ့်လျှံရပ်ကွက် မန်မိုင်ရပ်ကွက်နှင့် မန်ကောင်းရပ်ကွက်တို့မှ လယ်ယာမြေဧက ၈၉၆ ဧကအတွက် တစ်ဧကလျှင် ငွေကျပ် ၆၀၀၀ နှုန်းဖြင့် ငွေကျပ် ၅၃၇၆၀၀၀ ကို ၂၀၁၆ ခုနှစ် စက်တင်ဘာလတွင် ပထမအကြိမ် ပေးအပ်ခဲ့ပြီးဖြစ်ရာ ယခုဒုတိယအကြိမ်တွင် လယ်ယာမြေဧက ၈၅၄ ဧကအတွက် တစ်ဧကလျှင် ငွေကျပ် ၁၀၀၀၀ နှုန်းဖြင့် ငွေကျပ် ၈၅၄၀၀၀၀ ကို တာဝန်ရှိသူများက တောင်သူများလက်ဝယ်အရောက်ပေးအပ်ခဲ့ကြောင်း သိရသည်။

**(ခရိုင်ပြန်/ဆက်)**

# သိန္နီ ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း၌ လိုင်စင်မဲ့ယာဉ်နှင့်အကောက်ခွန်မဲ့ပစ္စည်းများ သိမ်းဆည်းရမိ

**သိန္နီ မတ် ၅**

ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း၌ ပူးပေါင်းစစ်ဆေးရေးအဖွဲ့ဝင်များသည် သတင်းအရ မတ် ၄ ရက် နံနက် ၁၁ နာရီမှစတင်ကာ ပြည်ထောင်စုလမ်းမကြီး မန္တလေး-မူဆယ်သွား ယာဉ်ကြီးယာဉ်ငယ်များအား တားဆီးစစ်ဆေးရှာဖွေခဲ့ရာ ယာဉ်အမှတ် DD/---- AD Van ယာဉ်ငယ်ပေါ်၌ အဝတ်အထည်များ၊ ယာဉ်အမှတ်4J/---- ဂျူပီတာခရီးသည်တင်ယာဉ်ပေါ်၌ အေးခဲအမဲသားများ၊ ယာဉ်အမှတ် 9E/----Mark II ယာဉ်ငယ်ပေါ်၌ အဝတ်အထည်နှင့်ဖုန်းများ၊ ယာဉ်အမှတ် DD/----- AD Van ယာဉ်ငယ်ပေါ်၌ အဝတ်အထည်များ၊ ယာဉ်အမှတ် 4I/----- Hiace ယာဉ်ငယ်ပေါ်တွင် ရေခဲသေတ္တာအသေး၊ မီးခံသေတ္တာ၊ ကားဘက်မှန်နှင့် အဝတ်အထည်များ၊ယာဉ်အမှတ် 5F/---- Mitsubishi Grandis လိုင်စင်မဲ့ယာဉ်ငယ်ပေါ်၌ ပိုးသတ်ဆေးများနှင့်ဓာတ်မြေသြဇာများ၊ ယာဉ်အမှတ် 7J/---- Toyota Wish ယာဉ်ငယ်ပေါ်၌ အဝတ်အထည်နှင့်လူသုံးကုန်ပစ္စည်းများ၊ ယာဉ်အမှတ် 2J/---- Toyota Alphard ယာဉ်ငယ်ပေါ်၌ အဝတ်အထည်၊ ကွန်ပျူတာဆက်စပ်ပစ္စည်းများနှင့် ကလေးကစားစရာများ၊ ယာဉ်အမှတ်5I/---- Toyota Wish(Taxi)လိုင်စင်မဲ့ယာဉ်ငယ်ပေါ်၌ ဂဝံ (ခေါ်) အင်ကြင်းကျောက်ဟုယူဆရသည့် ကျောက်များ၊ ယာဉ်အမှတ် EE/---- Toyota Crown (ရွှေပြည်အေး) ယာဉ်ငယ်ပေါ်တွင် အဝတ်အထည်များသိမ်းဆည်းရမိခဲ့သည်။



သိမ်းဆည်းရမိသည့်အကောက်ခွန်မဲ့ပစ္စည်းများအား လားရှိုးမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးသို့ တန်ဖိုးစိစစ်ခြင်းများဆောင်ရွက်ရန် ပို့ဆောင်ခဲ့ကြောင်း သိရသည်။

**ချစ်လှ(ပြန်/ဆက်)**

# မြင်းခြံ၌ နွေရာသီပန်းချီ သင်တန်းဖွင့်

**မြင်းခြံ မတ် ၅**

နွေရာသီ ကျောင်းပိတ်ရက်တွင် ကျောင်းသား ကျောင်းသူများ ပန်းချီအခြေခံပညာများ တတ်မြောက်စေရန်ရည်ရွယ်ပြီး “ဘိုချို” စာကြည့်တိုက်မှ နွေရာသီပန်းချီအခြေခံသင်တန်းကို မြင်းခြံမြို့နယ် ပညာရောင်ခြည်ရိပ်သာတွင် မတ် ၄ ရက် နံနက် ၈ နာရီတွင် ဖွင့်လှစ်ခဲ့သည်။

အဆိုပါသင်တန်းသို့ သင်တန်းသား ၁၆၀ တက်ရောက်ကြပြီး အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့များတွင် နံနက် ၈ နာရီ မှ ၁၀ နာရီထိ တစ်နေ့လျှင် နှစ်နာရီ သင်ကြားပေးမည်ဖြစ်ပြီး ဧပြီ ၄ ရက်တွင် သင်တန်းပြီးဆုံးမည်ဖြစ်ကြောင်း သိရသည်။

**ဇော်မင်းနိုင်(မြင်းခြံ )**

မီးဘေးရှောင် မလောင်ခင်တား

# အဓိကကုန်သွယ်မှုလမ်းကြောင်း ရေပူနှင့်မရမ်းချောင် စစ်ဆေးရေးဂိတ်စခန်းတွင် စစ်ဆေး၊ နေ့စဉ် ကုန်တင်ယာဉ်ထောင်ကျော် ဖြတ်သန်းသယ်ပို့နေ

**မန္တလေး မတ် ၅**

တရားမဝင် ကုန်စည်များ ကူးသန်းရောင်းဝယ်နေမှုများကို အဓိကကုန်စည်သယ်ပို့ရေးလမ်းကြောင်း နှစ်ခုဖြစ်သည့် မြန်မာနိုင်ငံအထက်ပိုင်း မန္တလေး-မူဆယ်လမ်းပေါ်ရှိ ရေပူစစ်ဆေးရေးဂိတ်စခန်းနှင့် မြန်မာနိုင်ငံ အောက်ပိုင်းရှိ ရန်ကုန်-မြဝတီလမ်းကြောင်းပေါ်ရှိ မရမ်းချောင် စစ်ဆေးရေးစခန်းတို့တွင် တားဆီးစစ်ဆေးအရေးယူလျက်ရှိပြီး အဆိုပါ လမ်းကြောင်းတစ်လျှောက် ဖြတ်သန်းသယ်ပို့နေသည့် ကုန်တင်ယာဉ်အစီးရေ နေ့စဉ် ထောင်ကျော်ရှိနေကြောင်း သိရသည်။

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူအမြဲတမ်းစစ်ဆေးရေးဂိတ်နှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးဂိတ်စခန်းတို့အား မတ် ၁ ရက်တွင် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် စတင်ဖွင့်လှစ်ခဲ့ပြီး တားဆီးအရေးယူမှုများကို ဆောင်ရွက်လျက်ရှိကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

အဆိုပါ ဂိတ်စခန်းနှစ်ခုတွင် စစ်ဆေးဆောင်ရွက်ချက်များအရ မတ် ၁ ရက်နှင့် ၂ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၁၃၄၈ စီး၊ သွင်းကုန် ၁၄၂၆ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၂၆၇ စီး၊ သွင်းကုန် ၃၇၂ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိကြောင်း သိရသည်။

အလားတူ မတ် ၃ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၆၃၆ စီး၊ သွင်းကုန် အစီး ၇၃၀၊ ရန်ကုန်- မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၂၇ စီး၊ သွင်းကုန် ၂၁၅ စီး၊ မတ် ၄ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၆၅၅ စီး၊ သွင်းကုန် ၇၀၁ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၄၃ စီး၊ သွင်းကုန် ၂၆၇ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိကြောင်း သိရသည်။

အဆိုပါယာဉ်များအား တားဆီးစစ်ဆေးမှုများအရ မတ် ၁ ရက်နှင့် ၂ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တရားမဝင်ကုန်စည်တားဆီးမှု လေးမှု(ခန့်မှန်းတန်ဖိုး ကျပ် ၂၅၆ ဒသမ ၉၁၆ သန်း)နှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု နှစ်မှု (ခန့်မှန်းတန်ဖိုးကျပ် ၂ ဒသမ ၅ သန်းခန့်) စုစုပေါင်း ခန့်မှန်းတန်ဖိုး ကျပ် ၂၅၉ ဒသမ ၄၁၆ သန်းခန့်ရှိကြောင်း သိရသည်။

အလားတူ မတ် ၃ ရက်တွင် ရေပူစစ်ဆေးရေးစခန်းမှ တားဆီးမှု တစ်မှု (ခန့်မှန်းတန်ဖိုး ၄ ဒသမ ၁၅ သန်းခန့်)၊ မရမ်းချောင် စစ်ဆေးရေးစခန်းမှ တားဆီးမှု တစ်မှု (ခန့်မှန်းတန်ဖိုး သုည ဒသမ ၉၂ သန်းခန့်) စုစုပေါင်း ခန့်မှန်းတန်ဖိုး ၅ ဒသမ ၀၇ သန်းခန့် သိမ်းဆည်းရမိခဲ့သည်။ မတ် ၄ ရက်တွင် ရေပူစစ်ဆေးရေးစခန်းမှ တားဆီးမှု ကိုးမှု (ခန့်မှန်းတန်ဖိုး ၃၃ သန်းခန့်)၊ မရမ်းချောင် စစ်ဆေးရေးစခန်းမှ တားဆီးမှု နှစ်မှု (ခန့်မှန်း တန်ဖိုး ၁၅ ဒသမ ၀၄၅ သန်း)ခန့် စုစုပေါင်း ခန့်မှန်းတန်ဖိုး ၄၈ ဒသမ ၀၄၅ သန်းခန့် သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

ယင်းသို့ သိမ်းဆည်းရမိမှုများတွင် ထူးခြားသိမ်းဆည်းရမိမှုများအနေဖြင့် မန္တလေးမှ မူဆယ်သို့ထွက်ခွာလာသော တိုယိုတာလင့်ခရူဇာယာဉ်နှင့် တိုယိုတာဆစ် အမျိုးအစားယာဉ်တို့မှ ကျောက်စိမ်းဟု ယူဆရသော ကျောက်များသယ်ဆောင်လာမှုကို မတ် ၁ ရက်က သိမ်းဆည်းရမိခဲ့ပြီး ခန့်မှန်းတန်ဖိုးကျပ်သန်း ၂၀၀ ကျော်ရှိ ကျောက်များ(၄၄၀၃ ကီလိုဂရမ်)နှင့် အဆိုပါ လိုင်စင်မဲ့ယာဉ်များကို သိမ်းဆည်းရမိခဲ့သည်။ ယင်းအပြင် မူဆယ်မှ မန္တလေးသို့ ဝင်ရောက်လာသော YUTONG အမျိုးအစား လိုင်စင်မဲ့ Express ယာဉ်တစ်စီးကို မတ် ၂ ရက်က သိမ်းဆည်းရမိခဲ့ပြီး မတ် ၄ ရက်တွင် မြဝတီမှ ရန်ကုန်သို့ သယ်ဆောင်လာသည့် တရားဝင် စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာတင်ပြနိုင်ခြင်း မရှိသည့် ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ တန်ဖိုး ကျပ် ၁၄ ဒသမ ၈၀၅ သန်းခန့်ကို သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။ **(ဝဝ၁)**




တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ။

# မူဆယ်မှ မန္တလေးသို့ ဝင်ရောက်လာသည့် အထောက်အထားမဲ့ Express ယာဉ်တစ်စီး သိမ်းဆည်းရမိ

**မန္တလေး မတ် ၅**

မန္တလေးတိုင်းဒေသကြီး အကောက်ခွန်ဦးစီးဌာနမှူးရုံးအနေဖြင့် တရားမဝင် ကုန်စည်များကို တားဆီးစစ်ဆေးလျက်ရှိရာ မူဆယ်မြို့မှ မန္တလေးမြို့သို့ ဝင်ရောက်လာသော တရားဝင် စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော Express ယာဉ် တစ်စီးကို သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

ပြီးခဲ့သည့် မတ် ၂ ရက်က မူဆယ်မြို့မှ မန္တလေးမြို့သို့ ဝင်ရောက်လာသော အထောက်အထားမဲ့ YUTONG အမျိုးအစား Express ယာဉ်တစ်စီး၊ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၀ သန်းခန့်ရှိ) ယာဉ်ကို မန္တလေးတိုင်းဒေသကြီးအတွင်း (၁၆) မိုင် ကျောက်ချောစစ်ဆေးရေးစခန်း တာဝန်ကျ အကောက်ခွန်စစ်ဆေးရေးအဖွဲ့က စစ်ဆေးသိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။



အဆိုပါ မန္တလေးတိုင်းဒေသကြီး အကောက်ခွန်ဦးစီးဌာနမှူးရုံးမှ မတ် ၂ ရက်နှင့် ၃ ရက်အတွင်း တရားမဝင်ကုန်စည်များ တားဆီးမှု ရှစ်မှု ရှိခဲ့ပြီး ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၄ ဒသမ ၇၅ သန်းကို သိမ်းဆည်းနိုင်ခဲ့ကြောင်း သိရသည်။

အကောက်ခွန်ဦးစီးဌာန စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့လျက်ရှိသော ကုန်ပစ္စည်းများကို စစ်ဆေးမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ ၂၀၁၇ ခုနှစ် မတ် ၃ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု တစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၄ ဒသမ ၁၅ သန်းခန့်၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု တစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် သုည ဒသမ ၉၂ သန်း ခန့် စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၅ ဒသမ ၀၇ သန်းခန့် သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။ **(ဝဝ၁)**

❑

# သတင်းနှင့်စာနယ်ဇင်းဝန်ထမ်းဟောင်းများအသင်း အာစရိယပူဇော်ပွဲနှင့် သက်ကြီးပူဇော်ပွဲ ကျပ်သိန်း ၂၀ လှူဒါန်း

**ရန်ကုန် မတ် ၅**

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း သတင်းနှင့် စာနယ်ဇင်းဝန်ထမ်းဟောင်းများအသင်း အာစရိယပူဇော်ပွဲ၊ အသင်းဝင် အသက် (၈၀) နှင့်အထက် ဝန်ထမ်းဟောင်းများ သက်ကြီးပူဇော်ပွဲအတွက် ဆောင်းပါးရှင် ဦးကျော်ညွန့်ရည်နှင့် ဇနီး ဒေါ်ဝါဝါကျော်(ကျော်ညွန့်ရည်စာပေ)တို့က အလှူငွေကျပ် သိန်း ၂၀ ကို မတ် ၅ ရက် နံနက်ပိုင်းတွင် မြန်မာ့ဂုဏ်ရည်လမ်း မင်္ဂလာတောင်ညွန့်နေအိမ်၌ ပေးအပ်လှူဒါန်းရာ သတင်းနှင့်စာနယ်ဇင်း ဝန်ထမ်းဟောင်းများအသင်းဥက္ကဋ္ဌ စာတည်းမှူးချုပ်(ငြိမ်း) ဦးမြင့်ဆွေနှင့် အမှုဆောင်များက လက်ခံရယူခဲ့ကြောင်း သိရသည်။ **(ကြေးမုံ)**





# ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ ရပ်ကွက်အုပ်ချုပ်ရေးမှူးများအား တစ်လုံးတစ်ခဲတည်းချီးမြှင့်ငွေ ပေးအပ်

**ရန်ကုန် မတ် ၅**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၌ ၂၀၁၂ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ သက်တမ်းပြည့်တာဝန်ထမ်းဆောင်ခဲ့ကြသော ရပ်ကွက်အုပ်ချုပ်ရေးမှူးများအား တစ်လုံးတစ်ခဲတည်းချီးမြှင့်ငွေပေးအပ်ပွဲအခမ်းအနားကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ မတ် ၅ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့ရာ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင်များ၊ အခြားဌာနဆိုင်ရာများ၊NGOအဖွဲ့အစည်းများ၊ သက်တမ်းပြည့်တာဝန်ထမ်းဆောင်ခဲ့ကြသောရပ်ကွက်(၁၆) ရပ်ကွက်မှ အုပ်ချုပ်ရေးမှူး ၁၆ ဦးနှင့် ၎င်းတို့၏မိသားစုဝင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

အဆိုပါအခမ်းအနားတွင် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှမြင့်က အဖွင့်အမှာစကား ပြောကြားခဲ့ပြီး တစ်လုံးတစ်ခဲတည်းချီးမြှင့်ငွေ ခံစားခွင့်ရှိသော ရပ်ကွက်အုပ်ချုပ်ရေးမှူးများအား တစ်လုံးတစ်ခဲတည်းချီးမြှင့်ငွေ တစ်ဦးလျှင် ငွေကျပ်၂၄၅၀၀၀ နှုန်းဖြင့် ၁၆ ဦးအတွက် စုစုပေါင်းချီးမြှင့်ငွေ ကျပ် ၃၉၂၀၀၀၀ ကို မြို့နယ်အုပ်ချုပ်ရေးမှူး၊ ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဝင်များက အုပ်ချုပ်ရေးမှူးတစ်ဦးချင်းစီအား ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-စိုးဝင်း(MLA)**

# အီဗရာဟီမိုဗစ် ပွဲချိန်ပြည့်အနားရောက်နေသလိုခံစားရဟု ဘုန်းမောက်နောက်ခံလူ တိုင်ရိုနီမင်းစ်ပြောကြား

ဘုန်းမောက်နောက်ခံလူ တိုင်ရိုနီမင်းစ်က မန်ယူတိုက်စစ်မှူး အီဗရာဟီမိုဗစ်၏ မျက်နှာကို ခြေထောက်ဖြင့် တမင်ရည်ရွယ်ချက်ရှိရှိဖြင့် နင်းခဲ့ခြင်းမဟုတ်ဟု ငြင်းဆိုခဲ့သော်လည်း ပွဲချိန်ပြည့် အီဗရာဟီမိုဗစ် သူ့အနားရောက်နေသလို ခံစားခဲ့ရသည်ဆိုသည်ကိုမူ ဝန်ခံပြောကြားလိုက်သည်။

တိုင်ရိုနီမင်းစ်က" ဘောလုံးက ကျွန်တော်တို့နားဖြတ်ဝင်လာတဲ့အခါမှာ သူ့တံတောင်ရောက်လာခဲ့တယ်လို့ထင်ပါတယ်။ ကျွန်တော့်စိတ်ထဲ သူတစ်ပွဲလုံး ကျွန်တော့်အနားရှိနေတယ်လို့တောင် ခံစားရပါတယ်။ ပြီးတော့ တစ်ချိန်လုံးလက်ရည်တူ တိုက်ပွဲဆင်နွဲနေရသလိုပါပဲ"ဟု ပွဲအပြီးတွင် ပြောကြားခဲ့သည်။

အီဗရာဟီမိုဗစ် ကွင်းထဲတွင်လဲကျနေစဉ်အတွင်း တိုင်ရိုနီမင်းစ်က မိုဗစ်၏ မျက်နှာကို ခြေဖြင့်နင်းခဲ့မိသဖြင့် မန်ယူအသင်းခေါင်းဆောင်ရွန်းနီက ဒေါသထွက်သည့်အမူအရာဖြင့် တုံ့ပြန်ခဲ့သလို "ဇလာတန်ရဲ့ ခေါင်းကို တိုင်ရိုနီမင်းစ်နင်းခဲ့တာကို ဒိုင်က မြင်တွေ့ခဲ့ခြင်းမရှိပါဘူး။ ကျွန်တော်က အဲဒီနားမှာ ရှိနေခဲ့တာပါ။ ကစားသမားတစ်ဦးက အခြားသူတစ်ဦးရဲ့ ခေါင်းကို နင်းတယ်ဆိုရင် ကွင်းထဲမှာ ဆက်ရှိနေစရာ အကြောင်းကို မရှိပါဘူး" ဟု သူ၏ အယူအဆကို ပြောကြားခဲ့သည်။

ယင်းနောက် မန်ယူအသင်းအလွတ်တည်ကန်ဘောကန်ခွင့်ရချိန်တွင် အီဗရာဟီမိုဗစ်က တိုင်ရိုနီမင်းစ်၏ မျက်နှာကို တံတောင်ဖြင့်တွက်ခဲ့ရာ ပွဲချိန်အတွင်း အနီကတ်ပြသ ထုတ်ပယ်မခံရသော်လည်း သုံးပွဲပယ်ပြစ်ဒဏ်ကျခံရန်ရှိနေပြီဖြစ်သည်။ အဆိုပါ ဖြစ်စဉ်နှစ်ရပ်လုံးကို ဒိုင်လူကြီးမြင်တွေ့မှုမရှိခဲ့ခြင်းကလည်း ကစားသမားနှစ်ဦးစလုံးအတွက် ကံကောင်းမှုကို ဖြစ်စေခဲ့သည်။ သို့သော် ဗီဒီယိုအနှေးပြကွက်များတွင် အီဗရာဟီမိုဗစ်က လက်စားချေသည့် သဘောဖြင့် တိုင်ရိုနီမင်းစ်ကို တုံ့ပြန်ခဲ့သည့် အနေအထားပေါ်လွင်သဖြင့် ပွဲပယ်ပြစ်ဒဏ်ချမှတ်ခံရရန် ရှိနေပြီဖြစ်သည်။

မန်ယူနောက်ခံလူဟောင်း ဂယ်ရီနဗီးလ်နှင့် လီဗာပူးနောက်ခံလူ ကာရေဂါတို့ကမူ တိုင်ရိုနီမင်းစ်မှာ ကစားသမားတစ်ဦးတွင်ရှိသင့်သည့် ကျင့်ဝတ်ကို ချိုးဖျက်ခဲ့သဖြင့် မိုဗစ်ကို ပြစ်ဒဏ်ချမည်ဆိုပါက တိုင်ရိုနီမင်းစ်ကိုလည်း ပြစ်ဒဏ်ချသင့်သည်ဟု ထင်မြင်ချက်ပေးခဲ့ကြသည်။ မန်ယူနှင့် ဘုန်းမောက်အသင်းတို့ ပရီမီယာလိဂ်ပွဲစဉ်မှာ ပွဲကြမ်းတစ်ပွဲဖြစ်ခဲ့သလို အီဗရာဟီမိုဗစ်နှင့် တိုင်ရိုနီမင်းစ်တို့ ဖြစ်ပွားခဲ့သည့် အခြေအနေက မီဒီယာများကြား အာရုံစိုက်စရာကိစ္စတစ်ရပ်ဖြစ်ခဲ့သည်။





## ဟူဂိုလိုရစ်ကို ခေါ်ယူရန် ရီးယဲလ်ပစ်မှတ်ထားလာပြန်

ရီးယဲလ်မက်ဒရစ်အသင်းဥက္ကဋ္ဌကြီး ပီရက်ဇ်က ချယ်လ်ဆီးဂိုးသမားကော်တွိုက်စ်ကို ဦးစားပေးအနေဖြင့် ခေါ်ယူချင်နေပြီး မန်ယူဂိုးသမား ဒီဂီယာ၊ အေစီမီလန်ဂိုးသမား ဒိုနာရူးမားတို့ကို ချိတ်ဆက်နေသော်လည်း ယခုအခါ စပါးဂိုးသမား ဟူဂိုလိုရစ်ကိုပါ ပစ်မှတ်တစ်ခုအဖြစ် ထည့်သွင်းစဉ်းစားလာပြီဖြစ်ကြောင်း သိရသည်။

ရီးယဲလ်မက်ဒရစ်အသင်းက လက်ရှိဂိုးသမား ကီလာနာဗက်စ်၏ လက်စွမ်းကို စိတ်တိုင်းကျမှုမရှိဘဲ ပြီးခဲ့သည့်နှစ်ကတည်းက ထိပ်တန်းဂိုးသမားတစ်ဦးနှင့် အစားထိုးရန် တောက်လျှောက်စီစဉ်ခဲ့သေးသည်။ သို့သော် ယမန်နှစ်က ချန်ပီယံလိဂ်တွင် ရီးယဲလ်မက်ဒရစ် ဗိုလ်စွဲခဲ့ခြင်းကြောင့် ဂိုးသမားအသစ်ရှာဖွေမှုကို ယာယီရပ်တန့်ခဲ့ခြင်းဖြစ်သည်။ သို့သော် အဆုံးအဖြတ်ပွဲများတွင် နာဗက်စ်၏ လက်စွမ်းတည်ငြိမ်မှုအားနည်းမှုကြောင့် အမှတ်ဆုံးရှုံးမှုများပြားလာရာ ယခုနှစ်နွေရာသီအပြောင်းအရွှေ့ဈေးကွက်တွင် ဂိုးသမားသစ်တစ်ဦးကို မဖြစ်မနေခေါ်ယူရန် ပြင်ဆင်လာခြင်းဖြစ်သည်။

ကော်တွိုက်စ်သည် အက်သလက်တီကိုမက်ဒရစ်အသင်းကစားခဲ့သည့် လေးနှစ်တာကာလအတွင်း အောင်မြင်မှုရရှိခဲ့ပြီး စပိန်ယဉ်ကျေးမှုကို ကြိုက်နှစ်သက်သူဖြစ်ရာ ရီးယဲလ်အသင်းက ၎င်းကိုပထမဦးစားပေးအနေဖြင့် ခေါ်ယူရန်ချဉ်းကပ်နေခြင်းဖြစ်သည်။ အစောပိုင်းက ရီးယဲလ်၏ ဦးစားပေးပစ်မှတ်မှာ ဒီဂီယာဖြစ်သော်လည်း မန်ယူကို မော်ရင်ဟိုရောက်ရှိလာပြီး နောက်ပိုင်း ရီးယဲလ်မက်ဒရစ်အသင်းနှင့် မော်ရင်ဟိုကြား ဆက်ဆံရေး မပြေလည်မှုကြောင့် ဒီဂီယာကို ခေါ်ယူရန် ရီးယဲလ်၏ ကြိုးပမ်းမှုအရှိန်ကို လျှော့ချသွားခဲ့သည်။

ဒိုနာရူးမားသည်လည်း အသက်(၁၈)နှစ်သာရှိသေးသဖြင့် ဖိအားများလွန်းသည့် ရီးယဲလ်ကစားသမားအဖြစ် အမြဲပွဲထွက်ခွင့်ပေးရန် လုံလောက်သည့် အတွေ့အကြုံနှင့် အသက်အရွယ် မရှိသေးပေ။ ဟူဂိုလိုရစ်မှာမူ ဂိုးသမားတစ်ဦး၏ ပြီးပြည့်စုံသည့် အသက်အရွယ်ရောက်ရှိနေသလို လိုင်ယွန်၊ စပါးနှင့် ပြင်သစ်လက်ရွေးစင်အသင်းကြီးတို့အတွက် ပွဲပေါင်းမြောက်မြားစွာကစားနေရသူဖြစ်သဖြင့် အတွေ့အကြုံလည်း ကြွယ်ဝသူတစ်ဦးအဖြစ် သတ်မှတ်နိုင်သည်။ ❒



## ယခုနှစ်ဘောလုံးရာသီ အာဆင်နယ် ချန်ပီယံလိဂ်ဝင်ခွင့်ရရန်မဖြစ်နိုင်သောကြောင့် ဆန်းချက်ဇ်ထွက်ခွာသင့်ပြီဟု ဂန္ထဝင်ကစားသမားဟောင်း အီယန်ရိုက်တိုက်တွန်း

အာဆင်နယ်အသင်းဟာ လီဗာပူးအသင်းကို အဝေးကွင်းမှာ သုံးဂိုး-တစ်ဂိုးနဲ့ အရေးနိမ့်ပြီးနောက် အမှတ်ပေးဇယား အဆင့်(၅)နေရာ အထိရောက်ရှိသွားပြီဖြစ်သလို ရာသီကုန် ချန်ပီယံလိဂ်ဝင်ခွင့်ရဖို့တောင် မလွယ်တော့တဲ့ အနေအထားဖြစ်သွားတာကြောင့် ဆန်းချက်ဇ်လည်း အာဆင်နယ်ကနေ ထွက်ခွာသင့်ပြီလို့ အာဆင်နယ်ဂန္ထဝင်ကစားသမားဟောင်း အီယန်ရိုက်က တိုက်တွန်းလိုက်ပါတယ်။ အဲဒီပွဲမှာ ဆန်းချက်ဇ်က ပွဲထွက်လူစာရင်းက ချန်လှပ်ခံခဲ့ရပြီး ဒုတိယပိုင်းရောက်မှသာ လူစားလဲကစားသမားအဖြစ် ဝင်ရောက်ကစားခဲ့ရပါတယ်။ ဆန်းချက်ဇ် ဝင်လာပြီးနောက် အာဆင်နယ်အသင်းက ချေပဂိုးတစ်ဂိုးပြန်သွင်းနိုင်ပေမယ့် ပွဲအပြီးမှာတော့ သုံးဂိုး-တစ်ဂိုးဆိုတဲ့ ရလဒ်နဲ့အရေးနိမ့်ခဲ့ပါတယ်။

ဒါကြောင့် ဒီအခြေအနေအတိုင်းဆို အာဆင်နယ်လည်း ချန်ပီယံလိဂ်ဝင်ခွင့်လွဲချော်မှာဖြစ်သလို ဆန်းချက်ဇ်လည်း ရာသီကုန်အသင်းပြောင်းဖို့ ပြင်ဆင်သင့်ပြီလို့ အီယန်ရိုက်က သူ့အမြင်ကို ပြောပါတယ်။ မန်ယူနောက်ခံလူဟောင်း ရီယိုဖာဒီနန်ကတော့ ဆန်းချက်ဇ်အနေနဲ့ ပထမဆုံးဘယ်အသင်းပြောင်းချင်တယ်ဆိုတာ သူ့ရဲ့အေးဂျင့်ဖြစ်သူကို အကြောင်းကြားရမှာဖြစ်တယ်လို့ ထောက်ပြပါတယ်။ ဆန်းချက်ဇ်ကို စီးရီးအေကလပ်အသင်းတွေဖြစ်တဲ့ အင်တာမီလန်၊ ဂျူဗင်တပ်တို့က အလိုရှိနေပြီး အာဆင်နယ်နဲ့လည်း စာချုပ်သက်တမ်း တစ်ရာသီကျော်သာ ကျန်ရှိတော့တာကြောင့် လာမယ့်နွေရာသီ အပြောင်းအရွှေ့ကာလတွင် ဆန်းချက်ဇ်လည်း အာဆင်နယ်ကနေ ခွာဖို့ရှိနေပါ တယ်။

ဒါ့အပြင် အာဆင်နယ်အသင်းအနေနဲ့ လီဗာပူးဘက်ကို ဦးဆောင်ဂိုးတွေ ပေးထားရတာတောင် ဆန်းချက်ဇ်က အရန်ခုံပေါ်မှာ ပျော်ရွှင်နေတဲ့ ပုံစံနဲ့ရှိနေခဲ့လို့ ဒီအတွက်လည်း သို့လော သို့လော ထင်မြင်ချက်တွေ ထွက်လာပါသေးတယ်။ အာဆင်နယ်ပရိသတ်အများစုကတော့ ဆန်းချက်ဇ်ကို ပွဲထွက်လူစာရင်းက ချန်လှပ်ခဲ့တဲ့ ဝင်းဂါးကို ဒေါသထွက်နေကြပြီး ဆန်းချက်ဇ်လို ထိပ်တန်းကစားသမား အာဆင်နယ်ကထွက်ခွာသွားအောင်လုပ်ဆောင်ခဲ့တာလို့ စွပ်စွဲခဲ့ကြပြန်ပါတယ်။ ဝင်းဂါးကတော့ နောင်တရမယ်ဆိုလည်း ဆန်းချက်ဇ်ကို ပွဲထွက်စာရင်းကနေ ချန်လှပ်ခဲ့တာအတွက် မဟုတ်ဘဲ အာဆင်နယ်ရဲ့ အရှုံးရလဒ်အတွက်သာ ဖြစ်မယ်လို့ တုံ့ပြန်လိုက်ပါတယ်။ အာဆင်နယ်ဟာ နောက်ဆုံးကစားခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်ငါးပွဲမှာ သုံးပွဲအထိ ရှုံးပွဲကြုံရပြီဖြစ်သလို အဝေးကွင်းမှာ အသင်းကြီးတွေနဲ့ ရင်ဆိုင်တိုင်း ဂိုးပြတ်ရှုံးနိမ့်မှုကိုလည်း ယခုထိ မပြင်ဆင်နိုင်သေးတဲ့ အနေအထားဖြစ်နေတာကြောင့် ရလဒ်တွေ တောက်လျှောက်ကျဆင်းနေပါတယ်။ ဒီအခြေအနေကို မပြင်ဆင်နိုင်ရင် ရာသီကုန် ချန်ပီယံလိဂ်ဝင်ခွင့်လွဲချော်မှုနဲ့အတူ နာမည်ကျော်ကစားသမားတွေကို ဆက်ထိန်းဖို့လည်း မလွယ်ကူတဲ့ အနေအထားရောက်ရှိသွားပါပြီ။

## ရီးယဲလ်မက်ဒရစ်အသင်း ချန်ပီယံလိဂ်ဖလားကို နှစ်ကြိမ်ဆက်ရရှိသည့် ပထမဦးဆုံးအသင်းဖြစ်လာစေရန် ဂါရတ်ဘေးလ် ကူညီလိမ့်မည်



ရီးယဲလ်မက်ဒရစ်အသင်းအနေဖြင့် ချန်ပီယံလိဂ်သမိုင်းတွင် လက်ရှိချန်ပီယံဘွဲ့ကို ကာကွယ်နိုင်သည့် ပထမဦးဆုံးအသင်းဖြစ်လာစေရန် ဂါရတ်ဘေးလ်ကူညီပေးနိုင်လိမ့်မည်ဖြစ်ကြောင်း ရီးယဲလ်မက်ဒရစ်ကစားသမားဟောင်း ဆယ်လ်ဒါဒို၏ ပြောကြားချက်ကို ကိုးကား၍ ဂိုးလ်ဒေ့ါကွန်းကဖော်ပြသည်။ ဂါရတ်ဘေးလ်မှာ ခံစစ်မှ တိုက်စစ်သို့ ချက်ချင်းပြောင်းလဲပုံဖော်ရာတွင် သူ၏လျင်မြန်မှုနှင့်အသင်းကို ထိထိရောက်ရောက် ပံ့ပိုးပေးနိုင်သည့် ကစားသမားတစ်ဦးဖြစ်ကြောင်းလည်း ဆိုလ်ဒါဒိုက ချီးမွမ်းစကားဆိုခဲ့သည်။

ထို့ပြင် ယခုနှစ်ရာသီ ရီးယဲလ်အတွက် ဂါရတ်ဘေးလ် ဝင်ရောက်ကစားသည့် ၂၈ ပွဲတွင် ရှုံးပွဲလုံးဝမရှိခဲ့ဘဲ သူထုတ်ပယ်ခံရသည့် လက်စ်ပါးမက်စ်အသင်းနှင့်ပွဲစဉ်တွင်လည်း သရေရလဒ်ထွက်ပေါ်ခဲ့သည်။ ဂါရတ်ဘေးလ် ဒဏ်ရာရရှိနေသည့်ကာလအတွင်း ရီးယဲလ်မက်ဒရစ်ရှုံးပွဲမရှိ စံချိန်တစ်ရပ် ကျိုးပျက်သွားခဲ့သည်။

**မေလဲ့သင်း**
**စုစည်းရေးသားသည်**

## ရှိတ်စပီးယားကို လက်စတာ အမြဲတမ်းနည်းပြအဖြစ် ခန့်အပ်ရန် မသင့်လျော်

လက်စတာအသင်းကို နှစ်ပွဲဆက်တိုက်အနိုင်ရလဒ်ဖန်တီးပေးထားသည့် ယာယီနည်းပြ ခရိတ်ခ်ရှိတ်စပီးယားကို အမြဲတမ်းနည်းပြအဖြစ်ခန့်အပ်ရန် အဆင်မပြေဘဲ ၎င်းထက် အတွေ့အကြုံရင့်ကျက်သူတစ်ဦးကိုသာ လက်စတာအသင်းရွေးချယ်မည်ဖြစ်ကြောင်း အာဆင်နယ်နောက်ခံလူဟောင်း မာတင်ကီယွန်က သုံးသပ်သည်။ လက်စတာအသင်းကို ပရီမီယာလိဂ် ချန်ပီယံဖြစ်စေခဲ့သည့် နည်းပြရာနီရေရီ ထုတ်ပယ်ခံရပြီးနောက် ရှိတ်စပီးယားက ယာယီနည်းပြအဖြစ် တာဝန်ယူနေခြင်းဖြစ်သည်။

ကီယွန်ကရလဒ်ကောင်းများကြောင့် ရှိတ်စပီးယားအနေဖြင့် အမြဲတမ်းနည်းပြ ဖြစ်လိုသည့်ဆန္ဒများ ရုတ်တရက်ဝင်ရောက်လာမည်ဖြစ်သော်လည်း တကယ်တမ်းတာဝန်ယူလျှင် အဆင်ပြေမည် မဟုတ်ကြောင်း သုံးသပ်ခဲ့သည်။ ရှိတ်စပီးယားသည် လက်စတာအသင်း လက်ထောက်နည်းပြအဖြစ် ရှစ်နှစ်တာဝန်ယူဆောင်ရွက်ခဲ့သူဖြစ်ပြီး လက်စတာအသင်းကို ပရီမီယာလိဂ်တန်းတက်စေခဲ့သည့် နီဂယ်လ်ပီယာဆန်၊ ရာနီရေရီတို့နှင့် လက်တွဲအလုပ်လုပ်ခဲ့သူဖြစ်သည်။ ရှိတ်စပီးယားကလည်း သူ၏ ရည်မှန်းချက်မှာ လက်စတာအသင်းတန်းဆင်းဇုန်အတွင်းက လွတ်မြောက်ရန် ယခုကိုင်တွယ်သည့် ပွဲစဉ်နှစ်ပွဲကို အနိုင်ရရှိရေးပင်ဖြစ်ပြီး ရည်မှန်းချက်အတိုင်းဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ပြီး ထို့ထက်ပို၍ အများကြီးမျှော်လင့်ထားခြင်းမရှိကြောင်း တုံ့ပြန်ခဲ့သည်။



# ၂၀၁၇ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပြဋ္ဌာန်း

(ယမန်နေ့မှ အဆက်)

(ဆ) နိုင်ငံတော်အတွင်း ဆောက်လုပ်ပြီးရောင်းချသည့် အဆောက်အအုံ ဆောက်လုပ်ရောင်းချခြင်းမှ ရောင်းရငွေအပေါ်တွင် သုံးရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန်ကျသင့်စေရမည်။ အဆောက်အအုံ ဆောက်လုပ်ရောင်းချသူသည် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေနှင့် ကုန်သွယ်လုပ်ငန်းခွန် စည်းမျဉ်းများပါတာဝန်ကို လိုက်နာရမည်ဖြစ်ပြီး အခွင့်အရေးများအားလုံးကိုလည်း ခံစားခွင့်ရှိစေရမည်။

(ဇ) ရွှေထည်လက်ဝတ်ရတနာများရောင်းချခြင်းမှ ရောင်းရငွေအပေါ်တွင် တစ်ရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန်ကျသင့်စေရမည်။

၁၅။ (က) ပြည်တွင်း ပြည်ပ အဖွဲ့အစည်းများက လှူဒါန်းငွေ၊ ထောက်ပံ့ငွေ၊ ချေးငွေဖြင့်ဆောင်ရွက်သည့် လုပ်ငန်းများနှင့်စပ်လျဉ်းသည့် ကုန်သွယ်လုပ်ငန်းခွန်ကိစ္စအတွက် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ပြုနိုင်သည်။

(ခ) ကုန်သွယ်လုပ်ငန်းခွန်ဥပဒေအရ သမဝါယမကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍများအတွက် အောက်ဖော်ပြပါရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေထက်မပိုလျှင် ကုန်သွယ်လုပ်ငန်းခွန် စည်းကြပ်ခြင်းမပြုရ-

(၁) ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့် ကုန်စည်များကို ပြည်တွင်း၌ ထုတ်လုပ်ရောင်းချခြင်းအတွက် ဘဏ္ဍာနှစ်တစ်နှစ်အတွင်း ထုတ်လုပ်ရောင်းရငွေ စုစုပေါင်း ကျပ်သိန်း ၅၀၀ တိတိ၊

(၂) ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းအတွက် ဘဏ္ဍာနှစ်တစ်နှစ်အတွင်း ဝန်ဆောင်မှုရငွေ စုစုပေါင်း ကျပ်သိန်း ၅၀၀ တိတိ၊

(၃) ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းအတွက် ဘဏ္ဍာနှစ်တစ်နှစ်အတွင်း ရောင်းရငွေစုစုပေါင်း ကျပ်သိန်း ၅၀၀ တိတိ၊

(၄) အကောက်ခွန်လုပ်ထုံးလုပ်နည်း စံသတ်မှတ်ချက်များနှင့်အညီ အလျင်အမြန်ပေးပို့ထုတ်ယူလိုသည့် ကုန်စည်များအပေါ် အခွန်အခများ ကင်းလွတ်ခွင့် ပြုနိုင်သည့် အကောက်ခွန်ဦးစီးဌာန၏ အနိမ့်ဆုံးတန်ဖိုးသတ်မှတ်ချက် (Deminimis Value Threshold)။

၁၆။ မည်သူမဆို ဤဥပဒေအရ ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့် ကုန်စည်တစ်မျိုးမျိုးကို ထုတ်လုပ်ရောင်းချခြင်း၊ ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့် ဝန်ဆောင်မှုတစ်ရပ်ရပ်ကို ဆောင်ရွက်ခြင်း၊ ကုန်သွယ်မှုလုပ်ငန်းဆောင်ရွက်ခြင်းတို့မှ နိုင်ငံခြားငွေရရှိလျှင် အဆိုပါနိုင်ငံခြားငွေဖြင့် ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေအပေါ် ကုန်သွယ်လုပ်ငန်းခွန်ကို ဤဥပဒေပါ သက်ဆိုင်ရာ အခွန်နှုန်းများအတိုင်းတွက်ချက်၍ ကုန်သွယ်လုပ်ငန်းခွန် စည်းမျဉ်းများနှင့်အညီ ကျပ်ငွေဖြင့် ပေးဆောင်ရမည်။

၁၇။ (က) ပြည်ပသို့တင်ပို့ရောင်းချသည့် လျှပ်စစ်ဓာတ်အားအပေါ် ရှစ်ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ ရေနံစိမ်းများအပေါ် ငါးရာခိုင်နှုန်းဖြင့်လည်းကောင်း ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည်။

(ခ) ပုဒ်မခွဲ (က)ပါ ကုန်စည်များမှအပ ကျန်ကုန်စည်များကို ပြည်ပသို့ တင်ပို့ရောင်းချခြင်းအတွက် ရောင်းရငွေအပေါ်တွင် သုညရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည်။ ပြည်ပသို့ တင်ပို့ရောင်းချခြင်းအတွက် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်မှ ကုန်စည်ကို ဝယ်ယူစဉ် သို့မဟုတ် ထုတ်လုပ်စဉ်က ပေးဆောင်ခဲ့သည့် ကုန်သွယ်လုပ်ငန်းခွန်ကို စည်းမျဉ်းများနှင့်အညီ ခုနှိမ်နိုင်သည်။ ကုန်သွယ်လုပ်ငန်းခွန် စည်းမျဉ်းများတွင် မည်သို့ဆိုစေကာမူ ပြည်ပပို့ကုန်များနှင့်စပ်လျဉ်း၍ ပြည်ပသို့တင်ပို့ရောင်းချခြင်းအတွက် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်သည် ကုန်စည်ကိုဝယ်ယူစဉ် သို့မဟုတ် ထုတ်လုပ်စဉ်ကပေးဆောင်ခဲ့သည့် ကုန်သွယ်လုပ်ငန်းခွန်အောက် လျော့နည်းနေပါက ပြန်အမ်းငွေတောင်းခံနိုင်သည်။ သို့ရာတွင် ကိုယ်တိုင်သုံးစွဲရန်အလို့ငှာ ပြည်တွင်း၌ဝယ်ယူပြီး ပြည်ပသို့ ယူဆောင်သွားသည့် ကုန်စည်များနှင့် မသက်ဆိုင်စေရ။

(ဂ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များသည် မစည်းကြပ်ထိုက်သည့် ရောင်းရငွေ၊ ဝန်ဆောင်မှုရငွေပမာဏသတ်မှတ်ခြင်းနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၁၈။ ဤဥပဒေ၏ အခန်း(၆)တွင် ဖော်ပြပါရှိသော စကားရပ်များ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်သည် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေတွင် ဖော်ပြထားသည့်အတိုင်း ဖြစ်စေရမည်။

## အခန်း (၇)
## ဝင်ငွေခွန်

၁၉။ (က) လစာမှ နှစ်တစ်နှစ်အတွင်း ဝင်ငွေကျပ် ၄၈ သိန်းအထိ ရရှိသူဖြစ်လျှင် မည်သူ့ကိုမှ ဝင်ငွေခွန်စည်းကြပ်ခြင်းမပြုရ။ ထိုသို့စည်းကြပ်ခြင်း မပြုသဖြင့် ကင်းလွတ်ခွင့်ရသည့် လစာဝင်ငွေဆိုင်ရာ သက်သေခံ အထောက်အထားကို တောင်းခံလာပါက သတ်မှတ်ချက်များနှင့်အညီ ပြည်တွင်းအခွန်များဦးစီးဌာနက ထုတ်ပေးရမည်။

(ခ) သို့ရာတွင် လစာမှ နှစ်တစ်နှစ်အတွင်း ဝင်ငွေကျပ် ၄၈ သိန်းအထက် ရရှိသူဖြစ်လျှင်ရရှိသည့် လစာဝင်ငွေစုစုပေါင်းအပေါ်တွင် ဝင်ငွေခွန် ထမ်းဆောင်ရမည်။

(ဂ) လစာမှ နှစ်တစ်နှစ်အတွင်း ဝင်ငွေကျပ် ၄၈ သိန်း အထက်ရရှိသူဖြစ်လျှင် သို့မဟုတ် အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်း၊ စီးပွားရေးလုပ်ငန်းနှင့်အခြားရလမ်းများမှ ဝင်ငွေဖြစ်လျှင် မည်သူ့ကိုမဆို စုစုပေါင်းဝင်ငွေမှ ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ အရ သက်သာခွင့်များ ခုနှိမ်ပြီးနောက် ကျန်ဝင်ငွေအပေါ် ဝင်ငွေအလွှာအလိုက် စည်းကြပ်ရမည့် ဝင်ငွေခွန်နှုန်းထားများကို အောက်ပါအတိုင်းသတ်မှတ်သည်-

| အမှတ်စဉ် | ဝင်ငွေခွန်စည်းကြပ်ရန်ဝင်ငွေအလွှာ | | စည်းကြပ်ရန် ဝင်ငွေခွန်နှုန်း |
|---|---|---|---|
| | မှ | ထိ | |
| | ကျပ် | ကျပ် | |
| (၁) | ၁ | ၂,၀၀၀,၀၀၀ | ၀ ရာခိုင်နှုန်း |
| (၂) | ၂,၀၀၀,၀၀၁ | ၅,၀၀၀,၀၀၀ | ၅ ရာခိုင်နှုန်း |
| (၃) | ၅,၀၀၀,၀၀၁ | ၁၀,၀၀၀,၀၀၀ | ၁၀ ရာခိုင်နှုန်း |
| (၄) | ၁၀,၀၀၀,၀၀၁ | ၂၀,၀၀၀,၀၀၀ | ၁၅ ရာခိုင်နှုန်း |
| (၅) | ၂၀,၀၀၀,၀၀၁ | ၃၀,၀၀၀,၀၀၀ | ၂၀ ရာခိုင်နှုန်း |
| (၆) | ၃၀,၀၀၀,၀၀၁ နှင့်အထက် | | ၂၅ ရာခိုင်နှုန်း |

(ဃ) ဝင်ငွေခွန်ဥပဒေတွင် မည်သို့ပြဋ္ဌာန်းပါရှိစေကာမူ မည်သူမဆိုမြေငှားရမ်းခြင်း၊ အဆောက်အအုံငှားရမ်းခြင်း၊ အခန်းငှားရမ်းခြင်းတို့မှ ရရှိသော စုစုပေါင်းငှားရမ်းခ ရငွေအပေါ် ပုဒ်မ ၆ အရ သက်သာခွင့်များ နုတ်ပယ်ပြီး ကျန်ငွေအပေါ် တစ်ဆယ်ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန် သီးခြားစည်းကြပ်ရမည်။ အခြားဝင်ငွေများနှင့်ပူးပေါင်း၍ ထပ်မံစည်းကြပ်ခြင်းမပြုရ။ နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ထုတ်ပေးသည့် ခွင့်ပြုမိန့်ဖြင့် ဆောင်ရွက်သော လုပ်ငန်းများ၊ ကုမ္ပဏီများ၊ သမဝါယမအသင်းများ ဖြစ်ပါက အခွန်ထမ်းအမျိုးအစားအလိုက် သီးခြားသတ်မှတ်ပေးထားသော ဝင်ငွေခွန်နှုန်းများအတိုင်း ထမ်းဆောင်ရမည်။

(င) ဤပုဒ်မပါ ဝင်ငွေခွန်နှုန်းများသည် ဝင်ငွေရရှိသူတစ်ဦးဦး သို့မဟုတ် ဝင်ငွေအမျိုးအစား တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ သီးခြားဝင်ငွေခွန်နှုန်း သတ်မှတ်ထားသည့် အခွန်ထမ်းများနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၂၀။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ်(၁)နှင့် (၂)တို့အရ အခြေခံသက်သာခွင့် ခွင့်ပြုငွေသည် ဝင်ငွေအမျိုးအစားတစ်ခုစီ၏ ၂၀ ရာခိုင်နှုန်းနှင့်ညီမျှသောငွေဖြစ်ရမည်။ သို့ရာတွင် တစ်နှစ်အတွက် အခြေခံသက်သာခွင့် ခွင့်ပြုငွေစုစုပေါင်းသည် ကျပ်သိန်း ၁၀၀ ထက် မပိုစေရ။

၂၁။ ဝင်ငွေခွန် ဥပဒေ ပုဒ်မ ၆၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁) နှင့် (၂) တို့တွင် အတူနေမိဘအတွက် ခွင့်ပြုငွေကို ဖြည့်စွက်လျက် အောက်ပါသက်သာခွင့် ခွင့်ပြုငွေကို ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆၊ ပုဒ်မခွဲ (ဂ)၊ ပုဒ်မခွဲငယ် (၂) ပါ တစ်ဦးချင်းပုဂ္ဂိုလ်၏ စုစုပေါင်းဝင်ငွေမှ နုတ်ပယ်၍ ကျန်ငွေအပေါ်တွင် ဝင်ငွေခွန် စည်းကြပ်ရမည်-

(က) အတူနေ မိဘတစ်ဦးလျှင် ကျပ် ၁၀ သိန်းစီ၊
(ခ) အိမ်ထောင်ဖက်တစ်ဦးအတွက်သာလျှင် ကျပ် ၁၀ သိန်း၊
(ဂ) သားသမီးတစ်ဦးလျှင် ကျပ် ၄ သိန်းစီ။

၂၂။ ဝင်ငွေခွန်ဥပဒေပုဒ်မ ၆နှင့် ၆-က တို့အရ သက်သာခွင့်များမနုတ်မီ ပြည်ပ နေနိုင်ငံသား၏ ကင်းလွတ်ခွင့်ရရှိသည့် ဝင်ငွေခေါင်းစဉ်မှတစ်ပါး နိုင်ငံခြားငွေ ဖြင့် ပြည်ပတွင်ရရှိသည့် စုစုပေါင်းဝင်ငွေအပေါ် တစ်ဆယ်ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။

၂၃။ (က) အောက်ဖော်ပြပါ အခွန်ထမ်းအမျိုးအစားများနှင့်ပတ်သက်၍ ဝင်ငွေခွန်ဥပဒေပုဒ်မ ၆အရ သက်သာခွင့်များမနုတ်ပယ်မီ စုစုပေါင်းအသားတင်အမြတ်ဝင်ငွေအပေါ် ၂၅ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်-

(၁) မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေအရဖြစ်စေ၊ ၁၉၅၀ ပြည့်နှစ် အထူးကုမ္ပဏီ အက်ဥပဒေအရဖြစ်စေ မြန်မာနိုင်ငံ၌မှတ်ပုံတင်၍ ဖွဲ့စည်းတည်ထောင်ထားသည့် ကုမ္ပဏီ။
(၂) ပြည်ပနေနိုင်ငံခြားသား၏ လစာခေါင်းစဉ်မှတစ်ပါးအခြားဝင်ငွေ။
(၃) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ထုတ်ပေးသည့် ခွင့်ပြုမိန့်ဖြင့် ဆောင်ရွက်သောလုပ်ငန်း။
(၄) နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ။

(ခ) အခြေခံသမဝါယမအသင်းမှအပဖြစ်သော သမဝါယမအသင်းများ၏ အသားတင်အမြတ်ဝင်ငွေမှ ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ အရ သက်သာခွင့်များ နုတ်ပယ်ပြီး ကျန်ဝင်ငွေအပေါ် ၂၅ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။

၂၄။ ပြည်ပနေနိုင်ငံခြားသားဖြစ်လျှင် ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ နှင့် ၆-ကတို့အရ သက်သာခွင့်များ နုတ်ပယ်ခြင်းမပြုရ။ ယင်း၏ စုစုပေါင်းဝင်ငွေအပေါ် လစာခေါင်းစဉ်မှဝင်ငွေဖြစ်ပါက ဤဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဂ)ပါ အခွန်နှုန်းများအတိုင်း ဝင်ငွေခွန်စည်းကြပ်ရမည်။

၂၅။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆နှင့် ၆-က တို့အရ သက်သာခွင့်များမနုတ်မီ စည်းကြပ်မှုမှ လွတ်ကင်းနေသော ဝင်ငွေအပေါ် ၃၀ ရာခိုင်နှုန်းဖြင့် ဝင်ငွေ ခွန်စည်းကြပ်ရမည်။ သို့ရာတွင် နိုင်ငံသားမည်သူမဆို အခြေပစ္စည်း တစ်ရပ်ရပ်ကိုဝယ်ယူခြင်း၊ တည်ဆောက်ခြင်း၊ ရယူခြင်းနှင့် လုပ်ငန်းအသစ် တည်ထောင်ခြင်း၊ လုပ်ငန်းထပ်မံတိုးချဲ့ဆောင်ရွက်ခြင်းတို့အတွက် အသုံးပြုသည့် ဝင်ငွေမှဝင်ငွေရလမ်းတင်ပြနိုင်သည့် ဝင်ငွေရှိပါက ယင်းဝင်ငွေအားနုတ်ပယ်ပြီး ကျန်စည်းကြပ်မှုမှ လွတ်ကင်းနေသော ဝင်ငွေအပေါ်တွင်လည်းကောင်း၊ ဝင်ငွေရလမ်းတင်ပြနိုင်ခြင်း မရှိပါက အသုံးပြုသည့် ဝင်ငွေအပေါ်တွင်လည်းကောင်း အောက်ဖော်ပြပါ အခွန်နှုန်းထားအတိုင်း ဝင်ငွေခွန်စည်းကြပ်ရမည်။ အသုံးပြုသည့် ဝင်ငွေအားလုံးအပေါ် ဝင်ငွေရလမ်း အတိအကျတင်ပြနိုင်ပါက ဝင်ငွေခွန် ထမ်းဆောင်ရန်မလိုပါ။ ဤပုဒ်မအရ အခွန်စည်းကြပ်ခြင်းသည် တရားမဝင်ရရှိသည့် ပစ္စည်းများ ပိုင်ဆိုင်ခြင်း၊ ရောင်းဝယ်ခြင်းတို့နှင့်လည်းကောင်း၊ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေအရ အရေးယူသည့် ကိစ္စရပ်များနှင့်လည်းကောင်း သက်ဆိုင်ခြင်း မရှိစေရ-

| စဉ် | ဝင်ငွေ(ကျပ်) | ဝင်ငွေခွန်နှုန်း |
|---|---|---|
| (က) | ၁-၃၀,၀၀၀,၀၀၀ | ၁၅% |
| (ခ) | ၃၀,၀၀၀,၀၀၁ - ၁၀၀,၀၀၀,၀၀၀ | ၂၀% |
| (ဂ) | ၁၀၀,၀၀၀,၀၀၁ နှင့်အထက် | ၃၀% |

၂၆။ သမဝါယမအသင်းဥပဒေအရ မှတ်ပုံတင်ဖွဲ့စည်းထားသည့် အခြေခံသမဝါယမအသင်းများ၏ အသားတင်အမြတ်ဝင်ငွေမှ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ အရ သက်သာခွင့်များနုတ်ပယ်ပြီး ကျန်ဝင်ငွေအပေါ် ဤဥပဒေ ပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဂ)ပါ ဝင်ငွေခွန်နှုန်းများဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။

၂၇။ အခြေပစ္စည်းတစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ ရောင်းချခြင်း၊ လဲလှယ်ခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းမှ မြတ်စွန်းငွေရရှိလျှင် ထိုသို့မြတ်စွန်းသည့် ကျပ်ငွေ သို့မဟုတ် နိုင်ငံခြားငွေအပေါ် ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ နှင့် ပုဒ်မ ၆-က တို့အရ သက်သာခွင့်များမနုတ်မီ-

(က) မြန်မာနိုင်ငံ၏ ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍတွင် ပါဝင်လုပ်ကိုင်သည့် ကုမ္ပဏီဖြစ်ပါက အောက်တွင်မြတ်စွန်းငွေနှင့် ယှဉ်တွဲဖော်ပြထားသော အခွန်နှုန်းများအတိုင်းရရှိသည့် ငွေကြေးအမျိုးအစားဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်-

| မြတ်စွန်းငွေ | ပေးဆောင်ရမည့်ဝင်ငွေခွန်နှုန်း |
|---|---|
| (၁) ညီမျှကျပ် သန်းပေါင်း(၁၀၀၀၀၀)အထိ | ၄၀% |
| (၂) ညီမျှကျပ် သန်းပေါင်း(၁၀၀၀၀၁) မှ (၁၅၀၀၀၀) အထိ | ၄၅% |
| (၃) ညီမျှကျပ် သန်းပေါင်း(၁၅၀၀၀၁)နှင့်အထက် | ၅၀% |

(ခ) မြန်မာနိုင်ငံ၏ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍတွင် ပါဝင်လုပ်ကိုင်သော ကုမ္ပဏီမှအပဖြစ်သည့် ပုဂ္ဂိုလ်စုများ သို့မဟုတ် တစ်ဦးချင်းပုဂ္ဂိုလ်ဖြစ်ပါက မြတ်စွန်းသည့် ကျပ်ငွေ သို့မဟုတ် နိုင်ငံခြားငွေအပေါ် တစ်ဆယ်ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။ ပြည်ပနေ နိုင်ငံခြားသားဖြစ်ပါက ကျသင့်အခွန်ကိုရရှိသည့် ငွေကြေးအမျိုး အစားဖြင့် ပေးဆောင်ရမည်။

၂၈။ နှစ်တစ်နှစ်အတွင်း အခြေပစ္စည်းတစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ရောင်းချခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းပြုလုပ်သည့် အခြေပစ္စည်း၏တန်ဖိုးစုစုပေါင်းသည် ကျပ်သိန်း ၁၀၀ ထက်မပိုလျှင် အခြေပစ္စည်းမှမြတ်စွန်းငွေ ပေါ်ပေါက်စေကာမူ ဝင်ငွေခွန်စည်းကြပ်ခြင်းမပြုရ။

၂၉။ အသစ်ထူထောင်သော စက်မှုလက်မှုကို အခြေခံသည့် အသေးစား၊ အလတ်စားလုပ်ငန်းများအတွက် လုပ်ငန်းစတင်သော နှစ်အပါအဝင် တစ်ဆက်တည်း သုံးနှစ်ကာလအတွင်း တစ်နှစ်စုစုပေါင်း အသားတင်အမြတ်ဝင်ငွေ ကျပ်သိန်း ၁၀၀ ထိ ဝင်ငွေခွန်ကင်းလွတ်ခွင့်ပြုသည်။ ဖော်ပြပါဝင်ငွေထက်ပိုမိုရရှိပါက ပိုမိုရရှိသည့် ဝင်ငွေအပေါ်တွင်သာ ဝင်ငွေခွန်စည်းကြပ်ရမည်။

၃၀။ အခြေပစ္စည်းမှမြတ်စွန်းငွေခေါင်းစဉ်မှအပ ကျန်ဝင်ငွေ ခေါင်းစဉ်များအတွက် နိုင်ငံခြားငွေဖြင့် ဝင်ငွေရရှိလျှင် ယင်းဝင်ငွေအပေါ်တွင် ဝင်ငွေခွန်စည်းမျဉ်းများ စည်းမျဉ်း ၈ ပါ ပြဋ္ဌာန်းချက်နှင့်အညီ တွက်ချက်၍ ပြည်တွင်းနေနိုင်ငံသားနှင့် ပြည်တွင်းနေ နိုင်ငံခြားသားဖြစ်ပါက ကျပ်ငွေဖြင့်လည်းကောင်း၊ ပြည်ပနေနိုင်ငံခြားသားဖြစ်ပါက ရရှိသည့် ငွေကြေးအမျိုးအစားဖြင့်လည်းကောင်း ဝင်ငွေခွန်ပေးဆောင်ရမည်။

၃၁။(က) အောက်ဖော်ပြပါ ဝင်ငွေတစ်ရပ်ရပ် သို့မဟုတ် ဝင်ငွေအမျိုးအစား တစ်ရပ်ရပ်အပေါ် ဝင်ငွေခွန်ကင်းလွတ်ခွင့်ပြုသည်-

(၁) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများ ဥပဒေအရ ဖမ်းဆီးရမှုအပေါ် ဆုငွေချီးမြှင့်ခြင်းအစီအစဉ်အရ ဝင်ငွေနှစ်အတွင်း ဆုငွေကို တစ်ကြိမ်တည်းရရှိခြင်းဖြစ်စေ၊ အကြိမ်ကြိမ်ရရှိခြင်းဖြစ်စေ ရရှိသည့် စုစုပေါင်းဝင်ငွေ၏ ကျပ်သိန်း ၁၀၀ အထိ၊

(၂) တရားမဝင်ပစ္စည်းများ ဖမ်းဆီးရမှုအပေါ် ဆုငွေချီးမြှင့်ခြင်းအစီအစဉ်အရ ဝင်ငွေနှစ်အတွင်း ဆုငွေကို တစ်ကြိမ်တည်းရရှိခြင်းဖြစ်စေ၊ အကြိမ်ကြိမ်ရရှိခြင်းဖြစ်စေ ရရှိသည့် စုစုပေါင်းဝင်ငွေ၏ ကျပ်သိန်း ၁၀၀ အထိ၊

(၃) နိုင်ငံတော်မှချီးမြှင့်သော ဘွဲ့ထူးဂုဏ်ထူး တံဆိပ်များနှင့်အတူ ရရှိသည့် ချီးမြှင့်ငွေများ၊

(ဆက်လက်ဖော်ပြပါမည်)

ကြေးမုံ
မတ် ၆၊ ၂၀၁၇

## စာမေးပွဲကာလ လုံခြုံရေးနှင့် မီးဘေး ကာကွယ်ရေးလုပ်ငန်းညှိနှိုင်းစည်းဝေး

**ပြည်ကြီးတံခွန် မတ် ၅**

တက္ကသိုလ်ဝင် စာမေးပွဲကာလ လုံခြုံရေးနှင့် မြို့နယ်အတွင်းမီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ်ရှိ အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ မတ် ၃ ရက် နံနက် ၁၁ နာရီက ကျင်းပခဲ့သည်။

ရှေးဦးစွာ ပြည်ကြီးတံခွန်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဘုန်းထက်နိုင်မြင့်က အမှာစကားပြောကြားရာတွင် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများ အဆင်ပြေစိတ်ချမ်းမြေ့စွာ ဖြေဆိုနိုင်ရေး၊ သက်ဆိုင်ရာ ဌာနများအနေဖြင့် လုံခြုံရေး ကြီးကြပ်ဆောင်ရွက်ရန် အခြေအနေများ၊ ပူပြင်းခြောက်သွေ့သော နွေရာသီရောက်ရှိလာ၍ မီးဘေးအန္တရာယ် ကာကွယ်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည့်အခြေအနေများကို ရှင်းလင်းပြောကြားသည်။ အဆိုပါရှင်းလင်းမှုများနှင့် ပတ်သက်၍ သက်ဆိုင်ရာ ကဏ္ဍအလိုက် တာဝန်ရှိသူများ ပြန်လည်ဆွေးနွေးပြောကြားသည်။

ညှိနှိုင်းအစည်းအဝေးသို့ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ မြို့နယ်အတွင်းရှိ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ကြက်ခြေနီ၊ မီးသတ်တပ်ဖွဲ့ဝင်များ တက်ရောက်ခဲ့ကြောင်းသိရသည်။ **သန်းဇော်မင်း(ပြန်/ဆက်)**

## လေပြင်းဘေးကြိုတင်ကာကွယ်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**စဉ့်ကိုင် မတ် ၅**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ လေပြင်းဘေးကြိုတင်ကာကွယ်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မတ် ၄ ရက် နံနက် ၉ နာရီက ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားကို မန္တလေးတိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ညွှန်ကြားရေးမှူးဦးသန်းထွဋ်ဆွေက အဖွင့်မှာစကားပြောကြားပြီး မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းဆွေက လေပြင်းဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် ချမ်းမြသုခ(မန္တလေး)ဒုဥက္ကဋ္ဌ ဦးအောင်မြင့်က ပါဝင်ကူညီဆောင်ရွက်မည့် လုပ်ငန်းများကို ရှင်းလင်းခဲ့ပြီး တက်ရောက်လာကြသော ရပ်ကွက်၊ ကျေးရွာများမှ အုပ်ချုပ်ရေးမှူးများက သိရှိလိုသည်များကို မေးမြန်းခဲ့သည်။

စဉ့်ကိုင်မြို့နယ် လေပြင်း ကြိုတင်ကာကွယ်ရေးအတွက် လိုအပ်သောစာရင်းများကိုကောက်ယူခြင်း၊ ဆောင်ရွက်မည့် အစီအစဉ်များချမှတ်ခြင်းတို့ကို လွှတ်တော်ကိုယ်စားလှယ်များ၊ ကယ်ဆယ်ရေးဌာနနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုအဖွဲ့အစည်းများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များ ပူးပေါင်း၍ မတ်လဒုတိယပတ်တွင် အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အစည်းအဝးသို့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ မန္တလေးတိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသန်းထွဋ်ဆွေ၊ ဒုတိယညွှန်ကြားရေးမှူး ဦးနေမျိုးထွန်း၊ ချမ်းမြသုခ(မန္တလေး) ဒု-ဥက္ကဋ္ဌ ဦးအောင်မြင့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းဆွေနှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင်များ၊ မြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်၊ ကျေးရွာအုပ်စုမှ အုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများ၊ မြန်မာနိုင်ငံ (RESCYE) အသက်ကယ်ဆယ်ရေးအဖွဲ့ဝင်များ၊ စဉ့်ကိုင်မြို့နယ် လူမှုအဖွဲ့အစည်းများမှ အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။ **ဖိုးအောင်(စဉ့်ကိုင်)**





## ရှေးဦးမီးငြိမ်းသတ်ရေးပစ္စည်းနှင့် အသက်ရှူကိရိယာများ အသုံးပြုနည်း သရုပ်ပြ

**မုံရွာ မတ် ၅**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ခရိုင်၊ မြို့နယ်နှင့် နယ်မြေမီးသတ်စခန်းများတွင် သွားရောက်တာဝန်ထမ်းဆောင်ကြမည့် ဒုတိယမီးသတ်ဦးစီးမှူးများအား ရှာဖွေကယ်ဆယ်ရေးသုံးပစ္စည်း၊ ရှေးဦးမီးငြိမ်းသတ်ရေးပစ္စည်းနှင့် အသက်ရှူကိရိယာများ အသုံးပြုခြင်း သရုပ်ပြပွဲကို စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ တိုင်းဒေသကြီးမီးသတ်ဦးစီးဌာနရုံး၌ မတ် ၃ ရက် နံနက် ၁၀ နာရီက ပြုလုပ်ခဲ့ကြောင်း သိရသည်။

မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ရာတွင် အချိန်နှင့်တစ်ပြေးညီ လျင်မြန်ထိရောက်စွာဆောင်ရွက်နိုင်ရန်အတွက် စစ်ကိုင်းတိုင်းဒေသကြီး မီးသတ်တပ်ဖွဲ့တွင် လက်ရှိအသုံးပြုလျက်ရှိသော အဆင့်မြင့်မီးသတ်ကိရိယာများ၊ အထောက်အကူပြုပစ္စည်းများကို ထိရောက်စွာအသုံးပြုနိုင်စေရန်အတွက် လက်တွေ့သရုပ်ပြပွဲကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

"တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ ခရိုင်၊ မြို့နယ်နဲ့ နယ်မြေမီးသတ်စခန်းတွေမှာ သွားရောက်တာဝန်ထမ်းဆောင်ကြမယ့် ဒုတိယဦးစီးမှူးတွေကို ဒေသဆိုင်ရာ အချက်အလက်တွေ၊ မီးသတ်ဦးစီးဌာနရဲ့ ရည်မှန်းချက် တာဝန်တွေ၊ ရည်ရွယ်ချက်တွေ၊ လုပ်ငန်းစဉ်တွေကို နှစ်ရက်ကြာသင်ကြားပေးပြီး အခု အဆင့်မြင့်မီးသတ် ပစ္စည်းတွေရဲ့ စွမ်းအားတွေ၊ လုပ်ဆောင်ချက်တွေ၊ အသုံးပြုနိုင်တဲ့နေရာတွေ၊ နည်းလမ်းတွေကို လက်တွေ့ သရုပ်ပြသပေးတာပါ။ လိုအပ်လို့ အသုံးပြုမယ်ဆိုရင် အလွယ်တကူအသုံးပြု နိုင်စေဖို့အတွက် အခုလို သရုပ်ပြပွဲလုပ်ပေးတာပါ" ဟု စစ်ကိုင်းတိုင်းဒေသကြီးမီးသတ်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးဦးမင်းစမ်းအေးက ပြောသည်။

ရှာဖွေကယ်ဆယ်ရေးသုံးပစ္စည်းများ၊ ရှေးဦးမီးငြိမ်းသတ်ရေးပစ္စည်းများနှင့် အသက်ရှူ ကိရိယာများအသုံးပြုခြင်း သရုပ်ပြပွဲတွင် လေဖိအားသုံး တွန်းကန်စက် (Hydraulic Spreader)၊ လေဖိအားသုံးဖြတ်တောက်စက် (Hydraulic Cutter)၊ လေဖိအားသုံးလေအိတ် (Air Bag)၊ လေဖိအားသုံး တွန်းကန်ဒေါက်တို့၏ စက်အစိတ်အပိုင်းများ အလုပ်လုပ်ပုံ၊ အသုံးပြုပုံများ၊ ဝန်ခံအားတို့ကို ဒုတိယဦးစီးမှူး ၂၈ ဦးတို့အား တိုင်းဒေသကြီး မီးသတ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက လက်တွေ့ သရုပ်ပြခဲ့ကြသည်။ **ဝင်းဦး(ဧယျာတိုင်း)**

## ဆေးဝါးအတု၊ စံမညီဆေးဝါးနှင့် ဘေးဥပဒ်ဖြစ်စေနိုင်သည့် ပစ္စည်းများဖြင့် ဖော်စပ်ထုတ်လုပ်ထားသော ဆေးဝါးများ ရောင်းချမှုရှိ–မရှိစစ်ဆေး

**ပုလဲ မတ် ၅**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့ပေါ်ရှိ ဆေးဆိုင်များတွင် ဆေးဝါးအတု၊ စံမညီဆေးဝါးနှင့် ဘေးဥပဒ်ဖြစ်စေနိုင်သည့် ပစ္စည်းများဖြင့် ဖော်စပ်ထုတ်လုပ်ထားသော ဆေးဝါးများရောင်းချမှု ရှိ-မရှိ သက်ဆိုင်ရာတာဝန်ရှိသူများက မတ် ၃ ရက် နံနက် ၁၀ နာရီ ခွဲခန့်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ယင်းသို့စစ်ဆေးရာတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(မုံရွာ) တာဝန်ခံ ဒေါက်တာလှဝင်းရွှေနှင့် ဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့စခန်း၊ နယ်ထိန်းခေါင်းဆောင် ရဲအုပ်ခင်မောင်ဇော်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်ကုသရေးဦးစီးဌာန ကျန်းမာရေးမှူး ဦးမင်းအောင်နှင့် ဝန်ထမ်းများပါဝင်ခဲ့သည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၃၇ မြို့နယ်သို့လည်း ကွင်းဆင်း၍ အများပြည်သူများ ဆေးဝါးသုံးစွဲရာတွင် လုံခြုံစိတ်ချစေရန်အတွက် ဆေးဆိုင်များတွင် ဆေးဝါးအတု၊ စံမညီဆေးဝါးနှင့် ဘေးဥပဒ်ဖြစ်စေနိုင်သည့် ပစ္စည်းများဖြင့် ဖော်စပ်ထုတ်လုပ်ထားသော ဆေးဝါးများ ရောင်းချမှု ရှိ-မရှိကို အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (မုံရွာ)က ပညာပေးဆွေးနွေးခြင်းနှင့် စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မင်းခန့်စိုး(ဧယျာမြေ)**

## အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့အထိမ်းအမှတ် လူထုပညာပေးအကြိုလှုပ်ရှားမှု ပြုလုပ်

**မန္တလေး မတ် ၅**

အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ အထိမ်းအမှတ် လူထုအသိပညာပေး အကြိုလှုပ်ရှားမှုကို မန္တလေးခရိုင် ပြည်ကြီးတံခွန်မြို့နယ်ရှိ အ-ထ-က (၂၇) ကျောင်းခန်းမ၌ မတ် ၃ ရက် နံနက် ၉ နာရီက ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြဒွေးဝင်းက အဖွင့်အမှာစကားပြောကြားပြီး အတွင်းရေးမှူး ဒေါ်သန္တာဘုန်းဝင်းက အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ ဖြစ်ပေါ်လာပုံအား ရှင်းလင်းတင်ပြသည်။

တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့မှ အသိပညာပေး ဇာတ်လမ်းသရုပ်ဖော်ကပြခြင်းနှင့် Rule of Law (တရားဥပဒေစိုးမိုးရေးစင်တာ) မှ ရပ်ရွာဦးဆောင် ဘဝသရုပ်ဖော် အသိပညာပေးပြဇာတ်ဖြင့် အသီးသီးဖျော်ဖြေ၍ လူထုအသိပညာပေးမှုများဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်၏ဇနီး ဒေါက်တာယုယုမေ၊ မန္တလေးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့မှ တာဝန်ရှိသူများ၊ Rule of Law မှ တာဝန်ရှိသူများ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဘုန်းထက်နိုင်မြင့်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စက်မှုဇုန်ရှိ အလုပ်ရှင်များ၊ အလုပ်သမားများနှင့် ပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **သန်းဇော်မင်း(ပြန်/ဆက်)**

## မကွေးမြို့ပေါ်ရှိ မြို့တွင်းလမ်းမကြီးများအား နိုင်လွန်ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်



**မကွေး မတ် ၅**

မကွေးတိုင်းဒေသကြီး မကွေးမြို့ပေါ်တွင် လမ်းဦးစီးဌာနမှ မြို့တွင်းလမ်းများအား တိုင်းဒေသကြီး မြို့တော်ဖြစ်သည်နှင့်အညီ မြို့တော်သန့်ရှင်းသာယာလှပစေရန်၊ ပြည်သူများ သွားလာမှု အဆင်ပြေချောမွေ့စေရန်နှင့် ယာဉ်အန္တရာယ်ကင်းရှင်းစေရန် ရည်ရွယ်၍ နိုင်လွန်ကတ္တရာလမ်းများအဖြစ် အဆင့်မြှင့်တင်ခင်းကျင်း ဆောင်ရွက်လျက်ရှိရာ ဗိုလ်ချုပ်လမ်း၊ ပြည်တော်သာလမ်း၊ ဆေးရုံလမ်းနှင့် အ-ထ-က (၁)လမ်းမကြီးတို့အား လမ်းအကျယ်ချဲ့ခြင်းနှင့် ကတ္တရာ ကွန်ကရစ်ခင်းခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သန်းနိုင်ဦး(ဇဖဲ)**



## ကျေးရွာများသို့ မကြာမီဓာတ်အားဖြန့်ဖြူးပေးမည့် ဓာတ်အားခွဲရုံများကြည့်ရှုစစ်ဆေး

**မြင်းခြံ မတ် ၅**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ်ရှိကျေးရွာများ လျှပ်စစ်မီးများဖြန့်ဖြူးပေးနိုင်ရေးအတွက် တလုတ်မြို့ကျေးရွာ ဓာတ်အားခွဲရုံနှင့် ကုက္ကဲကျေးရွာ ဓာတ်အားခွဲရုံတို့ တည်ဆောက်ပြီးစီးမှုအခြေအနေများကို တာဝန်ရှိသူများက မတ် ၂ ရက် နံနက် ၉ နာရီခွဲက ကြည့်ရှုစစ်ဆေးခဲ့သည်။

နိုင်ငံတော်အစိုးရ၏ နိုင်ငံတစ်ဝန်း လျှပ်စစ်မီးရရှိရေး ဆောင်ရွက်မှုလုပ်ငန်းစဉ်များမှ မန္တလေးတိုင်းဒေသကြီး ရန်ပုံငွေဖြင့်ဆောင်ရွက်နေသော တလုတ်မြို့ကျေးရွာ ဓာတ်အားခွဲရုံ၏ 11KV ဓာတ်အားလိုင်းများ တည်ဆောက်ပြီးစီးမှု၊ ဓာတ်အားခွဲရုံ၏အခြေအနေနှင့် ဓာတ်အားသိုလှောင်အိုးများအခြေအနေတို့ကိုလည်းကောင်း၊ ကုက္ကဲကျေးရွာ ဓာတ်အားခွဲရုံသည်လည်း အဆောက်အအုံဆောက်လုပ်ပြီးစီး၍ စက်တပ်ဆင်ရန် ဆောင်ရွက်နေမှုတို့ကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးပေါခင်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်မျိုးလတ်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီအောင်တို့က ကြည့်ရှုစစ်ဆေးရာ မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးအောင်လွင်နှင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးစိုးဝင်းတို့က ရှင်းလင်းပြောကြားခဲ့သည်။

တလုတ်မြို့ကျေးရွာ ဓာတ်အားခွဲရုံတွင် လျှပ်စစ်ဓာတ်အားများရောက်ရှိလျက်ရှိပြီး မကြာမီအချိန်အတွင်း ပတ်ဝန်းကျင်ကျေးရွာ ၃၄ ရွာသို့ လျှပ်စစ်မီးပေးနိုင်တော့မည်ဖြစ်သည်။ ထို့အပြင် ကုက္ကဲကျေးရွာ ဓာတ်အားခွဲရုံပြီးစီးပါကလည်း ပတ်ဝန်းကျင်ကျေးရွာ ၅၈ ရွာအား လျှပ်စစ်မီးများဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**

## ရာသီဥတုပြောင်းလဲမှုနှင့် ရေရှည်တည်တံ့သော စိုက်စနစ်များအပေါ် စိန်ခေါ်မှုများ အလုပ်ရုံဆွေးနွေးပွဲ ဆင့်ပွားသင်တန်းဖွင့်

**မြိတ် မတ် ၅**

ပြောင်းလဲလာသည့် ရာသီဥတုအပေါ် မူတည်ပြီး ပျက်စီးဆုံးရှုံးမှုကာကွယ်ရန်၊ သီးနှံအထွက်နှုန်းကျဆင်းခြင်း မရှိစေရန်နှင့် သီးနှံအရည်အသွေးကျဆင်းမှုများမရှိစေရန် ရည်ရွယ်၍ စိုက်ပျိုးရေးဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သော ရာသီဥတုပြောင်းလဲမှုနှင့် ရေရှည်တည်တံ့သော စိုက်စနစ်များအပေါ် စိန်ခေါ်မှုများ အလုပ်ရုံဆွေးနွေးပွဲ ဆင့်ပွားသင်တန်းဖွင့်လှစ်ပို့ချခြင်းအခမ်းအနားကို မတ် ၃ ရက် နံနက် ၁၀ နာရီက တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ကန်ဖျားရပ် ပိတောက်ပင်လမ်းရှိ ခရိုင်စိုက်ပျိုးရေးဦးစီးဌာနရုံးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာနမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်တင်နှင့် ဒုဦးစီးမှူး ဒေါ်ယုယုမော်၊ မြိတ်ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်စောရီ၊ မြိတ်-ပုလော-ကျွန်းစု-တနင်္သာရီမြို့နယ်တို့မှ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးများနှင့် ဝန်ထမ်းများ စုစုပေါင်း ၆၅ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

အခမ်းအနားတွင် ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်စောရီက အဖွင့်အမှာစကားပြောကြားခဲ့ပြီး တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်တင်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များအား ရှင်းလင်းပြောကြားသည်။

သင်တန်းတွင် တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာနမှူးရုံးမှ ဒုဦးစီးမှူး ဒေါ်ယုယုမော်က ရာသီဥတုပြောင်းလဲမှုများကြောင့် စိုက်ပျိုးထုတ်လုပ်မှုတွင် လျော့နည်းသက်သာစေရန် နည်းလမ်းများအကြောင်း၊ စိုက်ပျိုးမြေနှင့် ရေကို စီမံခန့်ခွဲခြင်း၊ စိုက်ပျိုးမြေဆီလွှာကောင်းဖြင့် ရေရှည်ထုတ်လုပ်ခြင်း၊ မြေဆီလွှာအာဟာရဖြည့်တင်းခြင်းနှင့် ထိန်းသိမ်းခြင်း၊ မြေဆီလွှာစမ်းသပ်စစ်ဆေးခြင်း၊ အော်ဂဲနစ်စိုက်ပျိုးနည်းစနစ်များ၏ ရည်ရွယ်ချက်များ၊ သဘာဝအရင်းအမြစ် မြေသြဇာများအသုံးပြုခြင်းနှင့် ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေသော စိုက်ပျိုးရေးလုပ်ငန်းများအတွက် ဆောင်ရွက်ရမည့် မဟာဗျူဟာများအကြောင်းစသည့် ခေါင်းစဉ်များဖြင့် ရှင်းလင်းဆွေးနွေး ဟောပြောပို့ချခဲ့ကြောင်း သိရသည်။

ယင်းနောက် တက်ရောက်လာကြသော စိုက်ပျိုးရေးဦးစီးဌာနမှ သင်တန်းသူ၊ သင်တန်းသားများက သိလိုသည်များကို တင်ပြဆွေးနွေးခဲ့ရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**

## အသက်မွေးဝမ်းကျောင်းအထောက်ကူပြု အခြေခံကွန်ပျူတာသင်တန်း ဖရူဆိုဌဖွင့်

**ဖရူဆို မတ် ၅**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန်ရည်ရွယ်၍ အခြေခံကွန်ပျူတာသင်တန်း အမှတ်စဉ် (၁၀/၂၀၁၇) ဖွင့်ပွဲအခမ်းအနားကို မတ် ၃ ရက် နံနက် ၁၀ နာရီက ဖရူဆိုမြို့နယ် မာခရော်ရှေ့ကျေးရွာအုပ်စု မာခရော်ရှေ့ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ဖရူဆိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးကျော်သူရက ကျေးလက်ဒေသရှိ လူငယ်လူရွယ်များ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အသက်မွေးဝမ်းကျောင်းကို အထောက်အကူပြုသည့် သင်တန်းများအား မိမိတို့ဌာနအနေဖြင့် စီမံကိန်းချမှတ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ဖရူဆိုမြို့နယ်အတွင်း ဒေသခံပြည်သူများ အသက်မွေးဝမ်းကျောင်းအထောက်အကူပြုစေရန် ရည်ရွယ်၍ သင်တန်းကို ဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့ဘဝအတွက် အထောက်အကူဖြစ်စေသော သင်တန်းဖြစ်သည့်အတွက် ကြိုးစားစားသင်ယူမှတ်သားစေလိုကြောင်း ပြောကြားသည်။

အဆိုပါ အခြေခံကွန်ပျူတာသင်တန်းကာလမှာ မတ် ၃ ရက်မှ ဧပြီ ၁ ရက် အထိဖြစ်ပြီး မာခရော်ရှေ့ကျေးရွာမှ ၁၂ ဦး၊ ဒေါလောခူကျေးရွာမှ လေးဦး၊ တနောကလောကျေးရွာမှ လေးဦး စုစုပေါင်း သင်တန်းသား ၂၀ တက်ရောက်ကြကာ သင်တန်းနည်းပြအဖြစ် ရန်ကုန်စီးပွားရေး သင်တန်းကျောင်း(ခွဲ) လွိုင်ကော်မှ ဆရာအောင်ဇော်မိုးနှင့် ဆရာဇင်ကိုလေးတို့က သင်ကြားပို့ချကြောင်း သိရသည်။

**ကိုစိုင်း (လွိုင်ကော်)**

## ဂျပန်နိုင်ငံအစိုးရနှင့်ပြည်သူတို့ ထောက်ပံ့လှူဒါန်းသော ကျေးရွာကျောက်ချောလမ်း ဖွင့်

**ကျောင်းကုန်း မတ် ၅**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် ရွာသာကုန်းအုပ်စု ရွာသာကုန်းကျေးရွာ ကျောက်ချောလမ်း ဖွင့်ပွဲအခမ်းအနားကိုမတ် ၃ ရက်နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

အခမ်းအနားတွင် ရွာသာကုန်းကျေးရွာလမ်းကော်မတီဥက္ကဋ္ဌ မန်းသန်းဝင်းဌေးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ဂျပန်သံရုံး၏ ဒုတိယအတွင်းဝန် Mr. Keita. Iwase က လှူဒါန်းရခြင်းအကြောင်း ပြောကြားသည်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းက ဝမ်းမြောက်စကားပြောကြားပြီး ကျေးရွာရပ်မိရပ်ဖတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

ယင်းနောက် အမှတ်တရဂုဏ်ပြုလက်ဆောင်များ ပေးအပ်ခဲ့ကြပြီး ဂျပန်သံရုံး၏ ဒုတိယအတွင်းဝန် Mr. Keita. Iwase. နှင့် သိက္ခာတော်ရဆရာတော်ကြီး မန်းဝင်းဖေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ အထိမ်းအမှတ်ခရေပင် စိုက်ပျိုးပေးခဲ့သည်။

ရွာသာကုန်းကျေးရွာသည် မြစ်ချောင်းဘေးတွင် တည်ရှိရာ ကျေးရွာမြေသားလမ်းသည် မိုးရာသီတွင် ရေမြုပ်သဖြင့် လမ်းအဆင့်မြှင့်တင်ခြင်းကို ၂၀၁၅ ခုနှစ် အသေးစားစီမံကိန်းများ ထောက်ပံ့ရေးအစီအစဉ်အရ ဂျပန်နိုင်ငံအစိုးရနှင့် ပြည်သူတို့၏ ထောက်ပံ့ငွေ ဒေါ်လာ ၁၀၀၀၀၀ ဖြင့် လမ်းအရှည် ၄၄၈၃ ပေ၊ အကျယ် ၁၄ ပေ၊ အမြင့် ၁၄ လက်မ ကျောက်ချောလမ်းဖြစ်ကြောင်း၊ ရေလွတ်အောင် အမြင့်လေးပေ မြှင့်ထားကြောင်း မြန်မာ့အိမ်ရာဖွံ့ဖြိုးရေးကုမ္ပဏီ အထွေထွေမန်နေဂျာ ဦးနေဝင်းလတ်က ပြောသည်။



အဆိုပါကျောက်ချောလမ်းကြောင့် ကျေးရွာမှလယ်သမားများ သီးနှံထွက်ကုန်များကို ဈေးကွက်သို့ သယ်ယူပို့ဆောင်နိုင်ပြီး ရေကြီးသောအချိန်များတွင်ပါ ကျောင်းသားကျောင်းသူများ အန္တရာယ်ကင်းစွာ သွားလာနိုင်မည်ဖြစ်ကြောင်း၊ ပတ်ဝန်းကျင်ကျေးရွာ ခြောက်ရွာ၊အိမ်ထောင်စု ၆၀၈ စုမှ လူဦးရေ ၂၄၃၅ ဦး အကျိုးခံစားနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

## မြေသားလမ်းခင်းနေမှု ကွင်းဆင်းစစ်ဆေးပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေး တွေ့ဆုံဆွေးနွေး



**ရေဦး မတ် ၅**

ရေဦးမြို့နယ်စည်ပင်သာယာရေးကော်မတီမှ မြို့ပေါ်တိုးချဲ့ရပ်ကွက်ရှိ ဒေသခံပြည်သူများ အချိန်အခါမရွေး လွယ်ကူစွာဝင်ထွက်သွားလာနိုင်စေရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့ ပိုလျှံရန်ပုံငွေကျပ်သိန်း ၄၀၀ ဖြင့် မြေသားလမ်းခင်းခြင်းနှင့် ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများတူးဖော်ပေးနေခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့အချိန်အထိ ခင်းပြီးမြေသားလမ်း ၁၀ လမ်းကျော်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

မြေသားလမ်းများ ကောင်းမွန်မှုရှိ-မရှိကို စစ်ကိုင်းတိုင်းဒေသကြီး လျှပ်စစ်စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးသန်းညွှန့်ဝင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမင်းသိန်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ထွေးတို့က မတ် ၂ ရက်တွင် ကွင်းဆင်းစစ်ဆေးခဲ့သည်။

ဆက်လက်ပြီး ဝန်ကြီးနှင့်အတူ လွှတ်တော်ကိုယ်စားလှယ်များသည် အုတ်ဖိုကျေးရွာ၊ အောင်ကဲ့ဇင်ကျေးရွာ ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သန်းထိုက်(ရေဦး)**

## ရေကျော်တံတားလေးစင်း တည်ဆောက်နေမှုအား ကွင်းဆင်းကြည့်ရှု

**တံတားဦး မတ် ၅**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် တံတားဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး မွမ်းမံရန်ပုံငွေဖြင့် အောင်မိသားစုကုမ္ပဏီက တာဝန်ယူတည်ဆောက်သည့် နွားတော်ကုန်း-ညောင်ဝန်း လမ်းပေါ်ရှိ အရှည် ပေ ၁၀၀× ပေ ၂၀ × ၆ လက်မရှိ ရေကျော်တံတားလေးစင်း တည်ဆောက်နေမှုအား ကျောက်ဆည်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှူး ဦးဇော်မင်းသိုက် ဦးဆောင်သည့် QC - WD အဖွဲ့နှင့် တံတားဦးမြို့နယ် ကျေးလက်ဒေသတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရဲလွင်နှင့် တာဝန်ရှိသူများသည် မတ် ၃ ရက် နံနက် ၁၀ နာရီက အဆိုပါ ရေကျော်တံတားများ တည်ဆောက်နေမှုကို ကွင်းဆင်းကြည့်ရှုရာ အောင်မိသားစုကုမ္ပဏီမှ ရေကျော်တံတားတည်ဆောက်ထားရှိမှုကို အသေးစိတ်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ခရိုင်ဦးစီးမှူးက ရေကျော်တံတားတည်ဆောက်မှုနှင့်ပတ်သက်၍ လုပ်ငန်းများဆောင်ရွက်ရာတွင် အရည်အသွေးကောင်းမွန်ရန် စံချိန်စံညွှန်းပြည့်မီရန်၊ သတ်မှတ်အချိန်ကာလအတွင်းပြီးရန် လိုအပ်ကြောင်း သို့မှသာ ကျေးလက်နေပြည်သူများ၏ လမ်းသွားလာနိုင်မှု အဆင်ပြေမည်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါရေကျော်တံတားလေးစင်း၏ တည်ဆောက်မှုကုန်ကျစရိတ်မှာ ငွေကျပ်သန်းပေါင်း ၅၂ ဒသမ ၈ သန်းဖြစ်ပြီး လုပ်ငန်းပြီးစီးမှုမှာ ရာခိုင်နှုန်းပြည့် ပြီးစီးနေဖြစ်ပြီးဖြစ်ကြောင်း၊ ယခုလိုရေ ကျော်တံတားများ တည်ဆောက်ပေးခြင်းဖြင့် ကျေးလက်နေပြည်သူများ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးစသည်တို့ကို အကျိုးပြုမည့် ရေကျော်တံတားများဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးရဲလွင်က ပြောပြသည်။

**ရဲတင့်**

# နာမည်ကြီးမော်ဒယ်လ်အေဂျင်စီတစ်ခုနဲ့ စာချုပ်ချုပ်လိုက်ပြီဖြစ်တဲ့ ပဲရစ်ဂျက်ဆင်



ကွယ်လွန်သွားပြီဖြစ်တဲ့ ပေါ့ပ်တေးသံရှင်မိုက်ကယ်လ်ဂျက်ဆင်ရဲ့ သမီးဖြစ်သူ ပဲရစ်ဂျက်ဆင်ဟာ လတ်တလောမှာ ဟောလိဝုဒ်ရဲ့နာမည်ကျော်မော်ဒယ်လ် အေဂျင်စီတစ်ခုနဲ့ စာချုပ်ချုပ်ဆိုလိုက်ပြီဖြစ်ကာ အဆိုပါအေဂျင်စီနဲ့ ပထမဆုံး သောဓာတ်ပုံရိုက်ကူးမှုကိုလည်း ပြုလုပ်ခဲ့ကြောင်း အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။


လတ်တလာမှာ အသက် (၁၈)နှစ်ရှိပြီဖြစ်တဲ့ ပဲရစ်ဂျက်ဆင်ဟာ IMG မော်ဒယ်လ်စ်နဲ့ စာချုပ်ချုပ်ဆိုခဲ့ပြီးဖြစ်ကာ အဆိုပါအေဂျင်စီအောက်မှာ ပထမဆုံးအကြိမ်အဖြစ် ဓာတ်ပုံမော်ဒယ်လ်တစ်ဦးအဖြစ် ဆောင်ရွက်ပေးခဲ့တာဖြစ်ပါတယ်။ ပဲရစ်ဂျက်ဆင်ဟာ ဖက်ရှင်စာအုပ်တစ်ခုအတွက် ဓာတ်ပုံရိုက်ကူးပေးခဲ့တာဖြစ်ပြီး ယခုလိုအခွင့်အရေးရခဲ့တာနဲ့ပတ်သက်ပြီးလည်း ပဲရစ်ဂျက်ဆင်က သူ့ရဲ့လူမှုကွန်ရက်မီဒီယာတစ်ခုဖြစ်တဲ့ အင်စတာဂရမ်စာမျက်နှာပေါ်မှာ ကိုယ့်ကိုယ်ကိုယ် အလွန်ကံကောင်းသူတစ်ဦးအဖြစ်ခံစားနေရကြောင်း သူ့ရဲ့ဓာတ်ပုံနဲ့အတူ ဖော်ပြခဲ့ကြောင်းလည်း သိရပါတယ်။

ပဲရစ်ဂျက်ဆင်ဟာ လတ်တလောမှာ မော်ဒယ်လ်တစ်ဦးအဖြစ်သာမက သရုပ်ဆောင်တစ်ဦးအဖြစ်ပါ အနုပညာလှုပ်ရှားမှုတွေလုပ်ဆောင်လာတာကို တွေ့မြင်ရပါတယ်။ သူဟာ လီဒန်နီရယ်လ်ရိုက်ကူးလျက်ရှိတဲ့ ဖောက်စ်ရုပ်သံလိုင်းမှာ ထုတ်လွှင့်ပြသသွားမယ့်ရုပ်ရှင် "Star"မှာ ပါဝင်သရုပ်ဆောင်လျက်ရှိပါတယ်။ ပေ့ါပ်တေးဂီတရဲ့ လျှမ်းလျှမ်းတောက်အောင်မြင်ခဲ့တဲ့ တေးသံရှင်တစ်ဦးရဲ့ ရင်သွေးဖြစ်ပေမယ့် ပဲရစ်ဂျက်ဆင်က သူ့အနေနဲ့ ဂီတကိုချစ်မြတ်နိုးသော်လည်း တေးသံရှင်တစ်ဦးအဖြစ် အသက်မွေးဝမ်းကျောင်းမှုပြုမှာ မဟုတ်ကြောင်းလည်း မကြာသေးမီက မဂ္ဂဇင်းအင်တာဗျူးတစ်ခုမှာ ဖွင့်ဟပြောကြားခဲ့ပါတယ်။

# မော်ဒယ်လ်တစ်ဦးနဲ့ သတင်းတွေထွက်လာပြန်တဲ့ဒရိတ်ခ်

နာမည်ကျော်ရက်ပ်တေးသံရှင်တစ်ဦးဖြစ်သူဒရိတ်ခ်ဟာ လတ်တလောမှာတော့ မော်ဒယ်လ်တစ်ဦးဖြစ်တဲ့ ဖန်နီနီဂွစ်ရှာနဲ့ တွဲနေတာဖြစ်ပြီး သူတို့နှစ်ဦးချစ်သူတွေဖြစ်နေကြတယ်ဆိုတဲ့ သတင်းတွေဟာလည်း ဟောလိဝုဒ်မီဒီယာတွေအကြား ပျံ့နှံ့လာခဲ့ကြောင်း အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ မတ်လ၃ရက်မှာ ကျင်းပခဲ့တဲ့ ပါတီပွဲမှာ "Hotline Bling" သီချင်းရဲ့တေးသံရှင် ဒရိတ်ခ်ရဲ့ ဖန်နီနီဂွစ်ရှာနဲ့ တွဲဖက်ကာ ပျော်ရွှင်နေတဲ့ ပုံရိပ်တွေကို ဟောလိဝုဒ်မီဒီယာတွေက ဖော်ပြခဲ့ကြတာဖြစ်ပါတယ်။



အဆိုပါပါတီပွဲဟာ ဘယ်လ်ဂျီယံနိုင်ငံမှာ ကျင်းပခဲ့တဲ့ဒရိတ်ခ်ရဲ့ နယ်လှည့်ဖျော်ဖြေပွဲ အထိမ်းအမှတ်အဖြစ် ကျင်းပခဲ့တဲ့ ပါတီပွဲဖြစ်ပြီး အဆိုပါပါတီပွဲမှာ နှစ်ဦးသား ဖက်ထားတဲ့ ဓာတ်ပုံတစ်ပုံကို ဖန်နီနီဂွစ်ရှာက သူ့ရဲ့လူမှုကွန်ရက်မီဒီယာတစ်ခုဖြစ်တဲ့ အင်စတာဂရမ်စာမျက်နှာပေါ်မှာ ဖော်ပြခဲ့တာဖြစ်ပါတယ်။

ဖန်နီနီဂွစ်ရှာဟာ ပြီးခဲ့တဲ့နှစ်အတွင်းက ရိုက်ကူးထုတ်လွှင့်ခဲ့တဲ့ ဒရိတ်ခ်ရဲ့ ရုပ်ရှင်ဇာတ်လမ်းတို "Please Forgive Me"မှာ ဒရိတ်ခ်နဲ့အတူ ခေါင်းဆောင်ပါဝင်သရုပ်ဆောင်ခဲ့ပြီး အဆိုပါရုပ်ရှင်ရိုက်ကူးခဲ့တဲ့ ၂၀၁၆ ခုနှစ် စက်တင်ဘာလနောက်ပိုင်းမှာလည်း ဆက်လက်ခင်မင်ခဲ့ကြတာဖြစ်ပါတယ်။

ဘယ်လ်ဂျီယံမော်ဒယ်လ်တစ်ဦးဖြစ်သူ ဖန်နီနီဂွစ်ရှာဟာ အီတလီဘောလုံးကြယ်ပွင့် ဘာလော့တယ်လီနဲ့ စေ့စပ်ခဲ့ဖူးသူလည်းဖြစ်ပါတယ်။ ဒရိတ်ခ်ကတော့ ပေ့ါပ်ကြယ်ပွင့်ဂျနီဖာလိုပက်ဇ်နဲ့ သတင်းတွေထွက်နေခဲ့တဲ့အကြားမှာမှ ယခုလို ဖန်နီနီဂွစ်ရှာနဲ့ သတင်းတွေ ပေါ်ထွက်လာခဲ့တာဖြစ်ကြောင်းလည်း သိရပါတယ်။

## ဖမ်းဆီးထိန်းသိမ်းခြင်းခံခဲ့ရတဲ့ လူးဝစ်တွမ်လင်ဆန်



ဗြိတိန်ရဲ့ကျော်ကြားတဲ့ တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "One Direction" မှအဖွဲ့ဝင်တစ်ဦးဖြစ်သူ လူးဝစ်တွမ်လင်စန်ဟာ မကြာသေးမီက ကင်မရာသမားတစ်ဦးနဲ့ အငြင်းပွားခဲ့တာကြောင့် ဖမ်းဆီးထိန်းသိမ်းခြင်းခံခဲ့ရပြီး လတ်တလောမှာတော့ ပြန်လည်လွတ်မြောက်လာခဲ့ပြီဖြစ်ကြောင်း ယူအက်စ်မဂ္ဂဇင်းဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

လူးဝစ်တွမ်လင်စန်ဟာ ပြီးခဲ့တဲ့ မတ် ၃ ရက်က လော့စ်အန်ဂျလိစ် လေဆိပ်မှာ ရောက်ရှိနေစဉ် အမျိုးသားကင်မရာသမားတစ်ဦးကို ကိုယ်ထိလက်ရောက်ကျူးလွန်ခဲ့ကာ အငြင်းအခုံတွေ ဖြစ်ခဲ့တာကြောင့် လေဆိပ်တာဝန်ရှိသူတွေရဲ့ ဖမ်းဆီးထိန်းသိမ်းခြင်းခံခဲ့ရတာဖြစ်ကြောင်း သိရပါတယ်။

လူးဝစ်တွမ်လင်စန်ဟာ ပြီးခဲ့တဲ့ သောကြာနေ့က လက်စ်ဗီးဂတ်စ်မှ ပြန်လည်ရောက်ရှိလာခဲ့ပြီးနောက် လော့စ်အန်ဂျလိစ် လေဆိပ်ရဲ့ တန်ဆာထုတ်ယူတဲ့ ဇရိယာအတွင်း သူ့ရဲ့ချစ်သူ အယ်လီနောကော်ဒါနဲ့ အတူရှိနေစဉ် အမျိုးသားသတင်းထောက်တစ်ဦးကို ရုတ်တရက်လဲကျအောင်ခြေထောက်နဲ့ ကန်ခဲ့တာဖြစ်ကြောင်း၊ အဆိုပါသတင်းထောက်တစ်ဦး ဖြစ်တဲ့ ကင်မရာသမားဟာ ကြမ်းပြင်ပေါ်ကို ခြေပစ်လက်ပစ်လဲကျသွားခဲ့ကြောင်း အဆိုပါမီဒီယာက ဖော်ပြခဲ့ပါတယ်။

ဒါပေမယ့် အခြားသောမီဒီယာတစ်ခုဖြစ်တဲ့ အီးအွန်လိုင်းဒေ့ါကွန်းရဲ့ ဖော်ပြချက်အရ လူးဝစ်တွမ်လင်စန်ဟာ တမင်သက်သက်ပြုလုပ်ခဲ့ခြင်းမဟုတ်ဘဲ သတင်းထောက်တွေ ရှန်းရင်းဆန်ခတ်တိုးကြိတ်ပြီး လူးဝစ်တို့စုံတွဲကိုဓာတ်ပုံရိုက်ကြရာမှ ယခုလို သတင်းထောက်တစ်ဦးလဲကျသွားခဲ့ရတာဖြစ်ကြောင်းလည်း ဖော်ပြခဲ့ပါတယ်။

လတ်တလောမှာ အသက်(၂၅)နှစ်ရှိပြီဖြစ်တဲ့ လူးဝစ်တွမ်လင်စန်ဟာ လက်ရှိချစ်သူ အယ်လီနောကော်ဒါနဲ့ ပြီးခဲ့တဲ့ ၂၀၁၁ ခုနှစ်အတွင်း စတင်လက်တွဲခဲ့ပြီး ပြတ်သွားလိုက်ပြန်ဆက်လိုက်နဲ့ သူတို့ရဲ့အချစ်ခရီးကို ရှေ့ဆက်နေကြတာလည်း ဖြစ်ပါတယ်။



# ဂျနီဖာလိုပက်ဇ်ဖွင့်ပြောလာတဲ့ မက်ခ်အန်ထော်နီနဲ့ အတူမရှိနိုင်တဲ့အကြောင်းအရင်း

ပေ့ါပ်ကြယ်ပွင့်ဂျနီဖာလိုပက်ဇ်ဟာ ခင်ပွန်းဟောင်းဖြစ်သူမက်ခ်အန်ထော်နီနဲ့ ပြန်လည်လက်တွဲနေပြီဖြစ်ကြောင်း ကောလာဟလတွေအကြိမ်ကြိမ်ပေါ်ထွက်လာခဲ့ပေမယ့် နောက်ပိုင်းမှာကောလာဟလတွေအဖြစ်သာ ရပ်တန့်သွားခဲ့ပြီး သူတို့နှစ်ဦးရဲ့ဆက်ဆံရေးဟာ မိတ်ဆွေတွေအဖြစ်သာ ရှိနေတာဖြစ်ပါတယ်။ ဒါကြောင့်သူတို့နှစ်ဦးပြန်လည်ပေါင်းစည်းနိုင်ခြင်းမရှိတဲ့ အကြောင်းအရင်းနဲ့ပတ်သက်ပြီး ဂျနီဖာလိုပက်ဇ်က မကြာသေးမီက ဖွင့်ဟပြောကြားလာခဲ့ကြောင်း အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ဂျနီဖာလိုပက်ဇ်က ပြီးခဲ့တဲ့ မတ် ၃ ရက်မှာ သူ့ရဲ့ခင်ပွန်းဟောင်းဖြစ်သူမက်ခ်အန်ထော်နီနဲ့ သူတို့ရဲ့ရင်သွေးလေးတွေ ဖြစ်ကြတဲ့ အသက်ကိုးနှစ်အရွယ် အမြွှာလေးတွေရဲ့အကြောင်းတွေကို မီဒီယာတစ်ခုကို ထုတ်ဖော်ပြောကြားခဲ့တာဖြစ်ပါတယ်။

ဂျနီဖာလိုပက်ဇ်က "ကျွန်မနဲ့ မက်ခ်အန်ထော်နီတို့အတွက် လုပ်ဖော်ကိုင်ဖက်တွေအဖြစ်ရှိနေတာက ပိုကောင်းပါတယ်။ ဘာလို့လဲဆိုတော့ ကျွန်မတို့ဟာ အလုပ်လုပ်နေရင်းတွေ့ခဲ့ကြတာဖြစ်လို့ပါပဲ"လို့ သူတို့ရဲ့အချစ်ရေးကို ပြန်လည်မစတင်ဖြစ်ရတဲ့အကြောင်းအရင်းတစ်ရပ်ကို ပြောကြားလာခဲ့တာဖြစ်ပါတယ်။

ဒ့ါအပြင် ဂျနီဖာလိုပက်ဇ်က လတ်တလောမှာလည်း သူနဲ့မက်ခ်အန်ထော်နီတို့ဟာ ကလေးတွေကိုအတူစောင့်ရှောက်နေပြီး လုပ်ဖော်ကိုင်ဖက်ကောင်းတွေအဖြစ်လည်း ရှိနေကြောင်း ပြောကြားခဲ့ပါတယ်။ ဒ့ါအပြင် သူတို့နှစ်ဦးဟာ စပိန်ဘာသာစကားနဲ့ တေးအယ်လ်ဘမ်တစ်ခုကို အတူဖန်တီးထုတ်လုပ်သွားဖို့ စီစဉ်နေကြောင်းလည်း ပြောကြားခဲ့တယ်လို့ သိရပါတယ်။

အေးပြည့်-စုစည်းသည်



## ကြည့်ရှုသူ သန်း ၁၅၀ ကျော်သွားပြီဖြစ်တဲ့ "TT"

တောင်ကိုရီးယားရဲ့ကျော်ကြားတဲ့ အမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "TWICE"ရဲ့ တေးသီချင်းသစ်တစ်ပုဒ်ဖြစ်တဲ့ "TT"ဟာ လတ်တလောမှတော့ ကူးယူကြည့်ရှုသူပရိသတ်သန်း ၁၅၀ ကျော်ရှိသွားခဲ့ပြီဖြစ်ကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်အရ သိရပါတယ်။

အဆိုပါတေးဂီတအဖွဲ့ရဲ့ အောင်မြင်တဲ့ တေးသီချင်းတစ်ပုဒ်ဖြစ်တဲ့ " TT "ရဲ့ တေးဗီဒီယိုဟာ အွန်လိုင်းမီဒီယာပေါ်ကနေတစ်ဆင့်ထုတ်လွှင့်ခဲ့တဲ့တေးသီချင်းတွေအနက် အချိန်တိုအတွင်း ကြည့်ရှုသူသန်း ၁၅၀ ကျော်ရရှိခဲ့တဲ့ တေးသီချင်းတစ်ပုဒ်လည်း ဖြစ်ခဲ့ပါတယ်။

အဆိုပါတေးဗီဒီယိုကို လွန်ခဲ့တဲ့ လေးလခန့်က စတင်ထုတ်လွှင့်ခဲ့တာဖြစ်တာကြောင့် အချိန်တိုအတွင်း ပရိသတ်သန်း ၁၅၀ ကျော်ကို ဆွဲဆောင်နိုင်ခဲ့တဲ့ အောင်မြင်တဲ့ တေးသီချင်းတစ်ပုဒ်လည်းဖြစ်ပါတယ်။ "TWICE"ရဲ့ နောက်ဆုံးထုတ်လွှင့်ခဲ့တဲ့ တေးဗီဒီယိုတစ်ခုဖြစ်တဲ့ "Knock Knock"ဟာလည်း စတင်ထုတ်လွှင့်ပြီးနောက် သီတင်းပတ်နှစ်ပတ်ခန့်မှာ ကြည့်ရှုသူသန်း ၄၀ ကျော်ရရှိခဲ့ပြီး ဖြစ်တယ်လို့လည်း သိရပါတယ်။

# ဒေသထွက်ကုန်များ ကုန်စည်ပြပွဲဖွင့်ပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲ မန္တလေး၌ကျင်းပ




**မန္တလေး မတ် ၅**
ကုန်စည်များထုတ်လုပ်မှု တိုးတက်စေရန်၊ ပြည်ပပို့ကုန် အမျိုးအစားသစ်များ ပေါ်ထွက်လာစေရန်နှင့် ကုန်သွယ်ရေးလုပ်ငန်းများ မြှင့်တင်နိုင်ရန် ရည်ရွယ်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ရတနာပုံကုန်သွယ်မှုဗဟိုဌာန (မန္တလေး)မှ ဦးဆောင်ကျင်းပသော ဒေသထွက်ကုန်များကုန်စည်ပြပွဲဖွင့်ပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲကို မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်ရှိ မန္တလာသီရိ အဆင့်မြင့်အားကစားကွင်း၌ မတ် ၂ ရက် နံနက် ၈ နာရီက ပြုလုပ်ခဲ့သည်။

အခမ်းအနားကို မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့သည်။ ထို့နောက် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကုန်စည်ပြပွဲ ခင်းကျင်းပြသထားမှုနှင့် ပြခန်းများအား လှည့်လည်ကြည့်ရှုအားပေးခဲ့သည်။

ထို့နောက် မန္တလာသီရိအဆင့်မြင့် အားကစားကွင်းအတွင်းရှိ ခန်းမ၌ အလုပ်ရုံဆွေးနွေးပွဲ ဆက်လက်ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားသည်။ ဆက်လက်ပြီး မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုးက ဒေသထွက်ကုန်များ ကုန်စည်ပြပွဲနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် မြန်မာနိုင်ငံသစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းဥက္ကဋ္ဌ ဦးစိုးသန်းမင်းဒင်က မြန်မာနိုင်ငံသစ်သီးဝလံ၊ ပန်းမန်နှင့်ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချမှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

၎င်းနောက် မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမျိုးသူက အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် မြန်မာနိုင်ငံသစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း စီမံကိန်းမန်နေဂျာ ဒေါက်တာသစ်သစ်လွင်က ဆီထွက်သီးနှံပို့ကုန်မြှင့်တင်ရေးအပေါ် အစားအစာဘေးကင်းမှု၏ အကျိုးသက်ရောက်မှုများကို ဆွေးနွေးပြောကြားပြီး ကြက်သွန်နီတောင်သူကိုယ်စားလှယ်ဦးကျော်ငြိမ်းက ကြက်သွန်နီစားသုံးမှု၊ ဈေးကွက်အခြေအနေနှင့် ဈေးကွက်တည်ငြိမ်ရေးအတွက် တောင်သူများ၏ လိုအပ်ချက်များအား တင်ပြဆွေးနွေးသည်။ ထို့နောက် တက်ရောက်လာသူများမှ ဝိုင်းဝန်းဆွေးနွေးခဲ့ကြသည်။

အဆိုပါအခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မန္တလေးတိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာအသင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ခဲ့ပြီးပြပွဲတွင် ပြခန်းပေါင်း ၆၀ ရှိပြီး မတ် ၂ ရက်မှ ၄ ရက်ထိ သုံးရက်ကြာ ခင်းကျင်းပြသခဲ့ကြောင်း သိရသည်။**သန်းဇော်မင်း(ပြန်/ဆက်)**

## စက်သုံးဆီအရောင်းဆိုင်များတွင် မီးဘေးကာကွယ်ရေး သရုပ်ပြရှင်းလင်း

**ဂန့်ဂေါ မတ် ၅**
ဂန့်ဂေါမြို့နယ် မီးသတ်ဦးစီးဌာနသည် မတ် ၁ ရက်က ဂန့်ဂေါမြို့ရှိ စက်သုံးဆီ အရောင်းဆိုင်များဖြစ်သော ကေပီကေစက်သုံးဆီ အရောင်းဆိုင်နှင့် ဖြိုးစန်းရတနာ စက်သုံးဆီ အရောင်းဆိုင်တို့တွင် မီးဘေးကာကွယ်ရေးပစ္စည်းများ စနစ်တကျထားရှိခြင်း ရှိ၊ မရှိ စစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များ ဆွေးနွေးခဲ့သည်။

ယင်းနောက် စက်သုံးဆီ မီးလောင်ရာတွင် မီးငြိမ်းသတ်ခြင်း၊ မီးသတ်ဘူးဖြင့် မီးငြိမ်းသတ်ခြင်းများ အပါအဝင် မီးငြိမ်းသတ်နည်းများကို လက်တွေ့ သရုပ်ပြရှင်းလင်းခဲ့ကြသည့်အပြင် လေယာဉ်ကွင်းနှင့် ဝန်းကျင်နေရာများ၌ အမှိုက်များကို မီးရှို့ ရှင်းလင်းခဲ့ကြသည်။

မြို့နယ်မီးသတ်ဦးစီးဌာနသည် ယခုနှစ်တွင် ကျေးရွာ ၂၂ ရွာ၌ မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲများကို ဆောင်ရွက်နိုင်ခဲ့ပြီး စာသင်ကျောင်း ခြောက်ကျောင်းတွင် ကျောင်းအခြေပြု မီးဘေးကာကွယ်ရေး ဟောပြောပွဲများကို ကျင်းပခဲ့သည်။

**စိန်ကျော်(ဝါးဘိုးချောင်)**

# မြေဈေးကောင်းလာမှုကြောင့် သစ်တောပြုန်းတီးမှုကာကွယ်ရန်ခက်ခဲ

**မန္တလေး မတ် ၅**
မန္တလေးတိုင်းဒေသကြီး ကာကွယ်တောများအတွင်း မြေဈေးကောင်းလာခြင်းကြောင့် သစ်တောပြုန်းတီးမှုကာကွယ်ရန် ခက်ခဲလျက်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး ဦးမျိုးသစ်ထံမှ သိရသည်။

"ကြိုးပြင်ကာကွယ်တောကို ရာခိုင်နှုန်းတိုးအောင် ကြိုးစားနေပါတယ်။ ပြင်ဦးလွင်ဆိုရင် အိမ်ခြေပလပ်ဖို့ပဲ ပြောပြောနေတယ်။ ရွာတွေချဲ့လာတယ်။ မြေဈေးကောင်းတဲ့ မြို့နယ်တွေဆိုရင် ကြိုးပြင်ကာကွယ်တောတိုးဖို့က ခက်ခဲနေတယ်။ မြေဈေးကောင်းတော့အမျိုးမျိုး ကျူးနေကြတာပေါ့။ ရွာကြီးဖြစ်လာရင် ဖယ်မပေးတော့ဘူး" ဟု ဝန်ကြီးက ပြောသည်။

အဆိုပါ မြို့နယ်ကြိုးပြင်ဧရိယာတွင်း ၂၀၁၄ ခုနှစ်တွင် တစ်ဧကလျှင် ကျပ်သိန်း ၈၀ ဝန်းကျင်ပေါက်ဈေးရှိခဲ့ပြီး ၂၀၁၆ ခုနှစ်တွင် ကျပ်သိန်း ၁၅၀ ကျော်အထိ မြင့်တက်ခဲ့သော်လည်း အရောင်းအဝယ်အေးနေကြောင်း မန္တလေးမြို့ အိမ်၊ ခြံ၊ မြေ အကျိုးဆောင်ကုမ္ပဏီမှ မန်နေဂျာတစ်ဦး၏ ပြောပြချက်အရ သိရသည်။

ရာသီဥတုပြောင်းလဲခြင်းနှင့် ပတ်သက်ပြီး နိုင်ငံတကာအဖွဲ့အစည်းများ ပူးပေါင်းဖွဲ့စည်းထားသည့်အဖွဲ့ (IPPC) ၏အစီရင်ခံစာတွင် လေထုထဲမှာရှိသည့် ဖန်လုံအိမ်ဓာတ်ငွေ့စုစုပေါင်း၏ ၃၀ ရာခိုင်နှုန်းသည် လူသားများ၏ လောဘနှင့် လုပ်ဆောင်ချက်များကြောင့် ဖြစ်သည်ဟု ဆိုထားသည်။

ပြင်ဦးလွင်မြို့ဒေသခံမဖြူက "ကျွန်မတို့ ပြင်ဦးလွင်က အရင်ကဆိုရာသီဥတုက အလွန်သာယာတယ်။ လာလည်တဲ့ လူတိုင်းကလည်းပြောပါတယ်။ အခုတော့ အေးတဲ့ရက်တွေဆို အလွန်အေးပြီးတော့ ပူတဲ့ရက်ကျတော့လည်း အလွန်ပူလာတယ်။ တစ်နှစ်နဲ့တစ်နှစ်ကို မတူတော့ဘူး။ သိသိသာသာပြောင်းလဲလာတယ်" ဟု ပြောသည်။

၂၀၁၆ ခုနှစ် ရာသီဥတုဆိုင်ရာ အန္တရာယ်အညွှန်းကိန်းအရ မြန်မာနိုင်ငံသည် ကမ္ဘာပေါ်မှာ ရာသီဥတုပြောင်းလဲမှု အကျိုးဆက်များကို ဒုတိယအမြင့်ဆုံး ခံစားနေရသည့် နိုင်ငံဖြစ်သည်။

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ်ဒေသခံကိုလင်းက "ကျွန်တော်တို့ဒေသမှာ အပူများပြီးရေတွင်းရေကန်တွေခန်းလာတယ်။ အချိန်အခါမဟုတ် မိုးရွာတယ်။ ၂၀၁၆ ခုနှစ်မှာဆိုရင် ရေကြီးမှုများလာတယ်။ ရာသီဥတုက အပူအအေးမမျှတတော့ သက်ကြီးရွယ်အိုနဲ့ ကလေးငယ်တွေက ရာသီဥတုဒဏ်ပြင်းပြင်းထန်ထန်ခံစားနေရတယ်" ဟု ပြောသည်။

အစိုးရသစ်လက်ထက်တွင် သစ်တောကဏ္ဍ ပြုပြင်ပြောင်းလဲရေးအနေနဲ့ သစ်တောပြန်လည်ထူထောင်ရေး စီမံကိန်းကို ယခုဘဏ္ဍာနှစ်မှစတင်ကာ ၁၀ နှစ်ကြာ ပြုလုပ်မည်ဖြစ်ပြီး ၂၀၁၃ ခုနှစ်တွင် နိုင်ငံတော်သမ္မတ၏အမိန့်ဖြင့် လယ်၊ ရွာမြေ၊ ဘုန်းကြီးကျောင်းမြေနှင့် အများပိုင်မြေတွေ ကြိုးဝိုင်းကို စွန့်လွှတ်ပယ်ဖျက်ပေးခဲ့ခြင်းဖြစ်ပြီး ယာမြေကိုသစ်တောနယ်မြေမှ ပယ်ဖျက်ခြင်းမရှိခဲ့ကြောင်း မန္တလေးတိုင်းဒေသကြီး သစ်တောဦးစီးဌာန မှတ်တမ်းများအရ သိရသည်။

"ဒေသခံပြည်သူတွေရဲ့ အခြေခံစားဝတ်နေရေး လိုအပ်ချက်ဆိုတော့ သူတို့က ကျူးကျော်ဝင်ရောက်ပြီးဆောင်ရွက်ကြတာပေါ့။ ၂၀၁၃ ခုနှစ်ရဲ့နောက်ပိုင်းကိုတော့ တရားမဝင်လို့ပဲ သတ်မှတ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့လည်း အရေးယူ ဆောင်ရွက်မှုတွေရှိပါတယ်" ဟု အဆိုပါဌာနမှ ညွှန်ကြားရေးမှူး ဦးမြင့်သိန်းက ပြောသည်။

သစ်တောများ ပြုန်းတီးလာသည်နှင့် အမျှ ပူပြင်းခြောက်သွေ့သည့် ရာသီဥတု ရှည်လျားလာပြီး အကျိုးဆက်များအနေဖြင့် မြေအောက်ရေမရရှိမှုများ၊ မြေငလျင်လှုပ်ခတ်မှုများ၊ ဆိုင်ကလုန်းမုန်တိုင်းများ၊ ရေကြီးမှုများ၊ မိုးခေါင်ရေရှားမှုစသည့် ပြဿနာများ ဖြစ်ပေါ်လာနိုင်သည်။

မန္တလေးတိုင်းဒေသကြီး သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမျိုးသူရလွင်က "ဒီသစ်တောတွေ ပျက်စီးပြုန်းတီးလာတာ အတန်းအစားလျော့လာတာက မြေအသုံးချမှု ပြောင်းလဲပစ်တာပေါ့။ သစ်တောဖုံးလွှမ်းတဲ့မြေဧရိယာကို ယာမြေအဖြစ်ပြောင်းလိုက်ရင် သစ်တောက ပျောက်ကွယ်သွားမယ်။ အဲဒီအထဲမှာ အဖိုးတန်သစ်မျိုးတွေ တရားမဝင် ဝင်ရောက်ခုတ်လှဲတာတွေ၊ လောင်စာအဖြစ် ခိုးယူသုံးစွဲတာက အကြောင်းအမျိုးမျိုးနဲ့ သစ်တောတွေပြုန်းတီးလာတယ်" ဟု ပြောသည်။

စိမ်းရောင်စိုအဖွဲ့မှ အတွင်းရေးမှူး ဦးစိုးဟိန်းက "သစ်တောပြုန်းတီးမှုကို ကာကွယ်ဖို့ဒေသခံပြည်သူတွေရဲ့ ပူးပေါင်းပါဝင်မှုကအဓိကကျပါတယ်။ ကြိုးပြင်ကာကွယ်တောမှာရှိတဲ့ ဒေသခံပြည်သူတွေကို အသိပညာပေးဆွေးနွေးပွဲတွေလုပ်ရမယ်။ ဒေသခံပြည်သူလူထုအစုအဖွဲ့ပိုင် သစ်တောစီမံအုပ်ချုပ်တဲ့စနစ်ကို ကျွန်တော်တို့ တွန်းအားပေးရမယ်။ ဒါမှသာ ငွေကစားတဲ့ ငွေရှင်ကြေးရှင်တွေရဲ့ မြေအရောင်းအဝယ်ဒဏ်တွေကို ကာကွယ်နိုင်မှာပါ" ဟု ပြောကြားခဲ့သည်။

မြန်မာနိုင်ငံသည် ဧရိယာ ၂၆၁၂၂၈ စတုရန်းမိုင်ကျယ်ဝန်းပြီး ၁၉၂၅ ခုနှစ်တွင် သစ်တောဖုံးလွှမ်းမှုမှာ နိုင်ငံဧရိယာ၏ ၆၅ ဒသမ ၈ ရာခိုင်နှုန်းခန့်ရှိခဲ့ကြောင်း သိရပြီး ၂၀၁၅ ခုနှစ်တွင် သစ်တောဖုံးလွှမ်းမှုဧရိယာသည် နိုင်ငံဧရိယာ၏ ၄၂ ဒသမ ၉၂ ရာခိုင်နှုန်းသာ ကျန်ရှိတော့ကြောင်း သစ်တောဦးစီးဌာန၏ မှတ်တမ်းများအရ သိရသည်။

**နဒီလှိုင်း**



# အမြန်ဆုံးတရားစီရင်ခြင်းဖြင့် အမှန်ဆုံးတရားစီရင်မှု အောင်မြင်စေရေးကြိုးပမ်း

**မြစ်ကြီးနား မတ် ၅**
ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်တရားလွှတ်တော်များ၊ ခရိုင် တရားရုံးများ၏ (၁၂) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးအတွေ့အကြုံများ ထပ်ဆင့်ရှင်းလင်းပွဲကို မတ် ၃ ရက် နံနက်ပိုင်းက မြစ်ကြီးနားမြို့ ကချင်ပြည်နယ်တရားလွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ ရှင်းလင်းပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်က တရားစီရင်ရေးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ပေးကြသည့် တရားသူကြီးများသည် ပြည်သူတို့ လိုလားတောင့်တနေသည့် ပြည်သူ့အကျိုးပြု တရားစီရင်ရေးစနစ် ထွန်းကားအောင် ဆောင်ရွက်ကြရန်လိုပါကြောင်း၊ အမြန်ဆုံး တရားစီရင်ခြင်းဖြင့် အမှန်ဆုံး တရားစီရင်ရေးကို အောင်မြင်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်ပေးကြရန်၊ ပြည်သူများ၏ အကျိုးစီးပွားကို ဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်ပေးပြီး အဂတိမလိုက်စားဘဲ ဖြောင့်မတ်စွာ တရားစီရင်သွားကြရန်၊ တရားရေးဌာနဝန်ထမ်းများ စည်းလုံးညီညွတ် တက်ကြွစွာဖြင့် ပြည်သူ့အကျိုးပြု တရားစီရင်ရေးတာဝန်အဝဝကို ရိုးသားကြိုးစားစွာ ဆောင်ရွက်ကြရန်နှင့် ယခုအစည်းအဝေးတွင် တရားစီရင်ရေးကဏ္ဍအတွက် အကျိုးရှိမည့် အကြံပြုချက်များ၊ မိမိတို့တွေ့ကြုံနေရသည့် အခက်အခဲများကို ပြည့်စုံစွာ ဆွေးနွေးညှိနှိုင်းကြရန် လိုအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးတူးဂျာက ပြည်နယ်အတွင်းရှိ ခရိုင်၊ မြို့နယ်အသီးသီးရှိ တရားရုံးများ၏ တရားစီရင်ရေးဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က ရာဇဝတ်မှုဖြစ်စဉ်များကို အချိန်မဆိုင်းဘဲ မှန်ကန်မြန်ဆန်စွာ ပြီးပြတ်အောင် ဆောင်ရွက်ရေးနှင့် ဥပဒေကြောင်းအရ ဆောင်ရွက်ရသည့် ကိစ္စရပ်များဖြစ်သဖြင့် အဂတိတရား ကင်းရှင်းစွာဖြင့် တာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်ရေးတို့ကို ထပ်ဆင့်မှာကြားသည်။

ထို့နောက် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်က ပြည်ထောင်စု တရားလွှတ်တော်ချုပ်နှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး၏ လမ်းညွှန်မှာကြားချက်များကို ပြည်နယ် တရားလွှတ်တော်တရားသူကြီးများ၊ ပြည်နယ်တရားရေးဦးစီးမှူး၊ ခရိုင်၊ မြို့နယ်တရားသူကြီးများနှင့် တရားရေး ဝန်ထမ်းများကို ရှင်းလင်းပြောကြားပြီး ခရိုင်၊ မြို့နယ်တရားသူကြီးများ၏ လုပ်ငန်းဆိုင်ရာ တင်ပြချက်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။ **ပြည်နယ် (ပြန်/ဆက်)**

# မီးဘေးကိုရှောင်ရှားနိုင်ဖို့ မလောင်ခင်တားကြစေချင်

သန်းဖြိုးနိုင်(ကညင်ကျိုး)

ယခုရက်ပိုင်းတွင်မီးလောင်သည့်သတင်းများကို အတော်များများကြားသိရသည်။ ယခုအချိန်အခါသည် ဆောင်းရာသီကုန်ခါနီး၍ နွေဦးရာသီသို့လည်း မကြာမီကျရောက်တော့မည်ဖြစ်ရာ အပူရှိန်မှာ တဖြည်းဖြည်းမြင့်တက်လာတော့မည်ဖြစ်သည်။ မြင့်တက်လာသည့်အပူရှိန်နှင့်အတူ ဒွန်တွဲပါလာတတ်သည်မှာလည်း မီးဘေးအန္တရာယ်ပင်ဖြစ်သည်။ ထိုအပူကြောင့်ပင်လျှင် လျှပ်စစ်မီးအတွက် သွယ်တန်းထားသည့် အချို့သောလျှပ်စစ်ဝါယာကြိုးအဟောင်းများမှာ ကြာမြင့်ပြီဖြစ်သည့်အတွက် ပေါက်ပြဲကာ ထိုနေရာမှလျှပ်စစ်ကူးလျက် ရှော့ဖြစ်ပြီး မီးလောင်တတ်သည်။

### အပူလွန်ကာရှော့ဖြစ်

၎င်းအပြင် အိမ်များအတွင်းချက်ပြုတ်စားသောက်ကြရသည့် လျှပ်စစ်မီးဖိုများ၊ ထင်းမီးဖို၊ မီးသွေးမီးဖိုများမှတစ်ဆင့် အပူလွန်ကူးစက်ပြီးလည်း လောင်တတ်ပြန်သည်။ ထို့အပြင် အိမ်သုံးလူ့အသုံးအဆောင် လျှပ်စစ်ပစ္စည်းများဖြစ်သည့် မီးပူများ၊ ပန်ကာများ၊ TV များမှလည်း အချိန်ကြာမြင့်၍သော်လည်းကောင်း၊ မီးအားများ၍သော်လည်းကောင်း အပူလွန်ကာ ရှော့ဖြစ်ပြီးလည်း လောင်တတ်ကြသည်။ တစ်ပါးသူက မနာလိုမရှုဆိတ်ဖြစ်ကာ မနာလိုမုန်းတီးမှုကြောင့် ရှို့သည့်မီးကြောင့်လည်း လောင်တတ်သည်။

ထို့ကြောင့်ပင် ယခုလို ဆောင်းအကုန် နွေအကူးအချိန်ရောက်တိုင်း ရပ်ရွာ၊ မြို့များအတွင်း တာဝန်ရှိမီးသတ်တပ်ဖွဲ့နှင့် အုပ်ချုပ်ရေးမှူးများက မီးသတိပြုကြရန် ရှောင်ရန်၊ ဆောင်ရန်အချက်များကို အသံချဲ့စက်များဖြင့် လှည့်လည်ကြေညာကြသည်။ မီးဘေးအသိကိုယ်စီရှိရန် သတိပေးဆော်ဩကြသည်။ မဆော်ဩ၍လည်းမဖြစ်ပေ။

### မီးခိုးလျှင် အကုန်ပြောင်

သို့မဟုတ်ပါက ဆိုရိုးစကားပုံတစ်ခုရှိခဲ့ဖူးသည့် အတိုင်းပင် လူခိုးလျှင်ကျန်ဦး မည်။ မီးခိုးလျှင် အကုန်ပြောင်ရသည့်သဘောရှိပြီး မြို့၊ ရွာ၊ ရပ်ကွက်အတွင်း တစ်အိမ်အိမ်မီးလောင်လျှင် ကျန်သည့်တစ်ရပ်ကွက်လုံး၊ တစ်ရွာလုံး၊ တစ်မြို့လုံးက သူတို့အိမ်များပါ ကူးစက်လောင်ကျွမ်းမှာ အထူးစိုးရိမ်ကြသည်။ ပူပန်သောကပွားကြရသည်။ အချို့ဆိုလျှင် ငိုယိုကြသည်။ လူငယ်လူရွယ်များမှာ အကြောင်းမဟုတ်။ သက်ကြီးရွယ်အို ဘိုးဘွားများအတွက်မူ အတော်စိတ်ပူရသည်။ စိုးရိမ်သောကပွားကြရသည်။

ယခင်ရက်ပိုင်းကဆိုလျှင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်အတွင်း မီးလောင်မှုတွင် အိမ်ခြေ ၅၀ ခန့်ပါသွားကြောင်းနှင့် ထိုအထဲတွင် လေဖြတ်ထားသည့် အသက်ကြီးအဘိုးအိုတစ်ဦးလည်း မီးလောင်ဆုံးရှုံးရကြောင်း ကြားခဲ့ရသည်။ ထိုနည်းတူပင် ယခုရက်ပိုင်း မြို့အတော်များများတွင် မီးလောင်သည့်သတင်းများကို နေ့စဉ်လိုလိုကြားနေရပြန်သည်။ ရန်ကုန်မြို့ဆိုလျှင် တစ်ညတည်းလေးနေရာမီးလောင်ကြောင်း ကြားရပြန်သည်။ဖေဖော်ဝါရီ ၈ ရက်တွင်လည်း မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်တွင် မီးလောင်မှုဖြစ်ပွားရာ အိမ်ခြေ ၁၈ လုံး မီးထဲပါသွားခဲ့ပြီး ကာလတန်ဖိုးငွေကျပ် ၈၄ သိန်းကျော်ဖိုးခန့် ဆုံးရှုံးကြရသည်ဟုဆိုသည်။ သို့သော်လည်း ယခု ၂၀၁၇ ခုနှစ် နွေဦးကာလပင်မရောက်သေးမီ မြန်မာပြည်အနှံ့ မီးလောင်ဆုံးရှုံးကြသည့်သတင်းများလည်း ဟိုတစ်စ ဒီတစ်စ ကြားနေရပြီဖြစ်သည်။

### ဆုံးရှုံးမှုတန်ဖိုးကြီးမား

ထိုနည်းတူစွာပင် ပြီးခဲ့သည့် ၂၀၁၆ ခုနှစ်အတွင်း မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် မီးလောင်မှုပေါင်း ၁၅၈၃ ကြိမ်ဖြစ်ပွားခဲ့ပြီး ဆုံးရှုံးမှုတန်ဖိုးမှာ ၄၄၄၉၆၅၉၈၂၇၉၅ ကျပ်ဖိုးထိရှိခဲ့ကြောင်း၊ မီးလောင်မှုကြောင့် လူပေါင်း ၁၅၈၀ ကို အမှုဖွင့်အရေးယူခဲ့ရကြောင်း ဖတ်ခဲ့ရသည်။

ထိုသို့ ဖြစ်ပွားခဲ့သည့် မီးလောင်မှုအများဆုံးစာရင်းများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက်ခွဲကြည့်လျှင် ရန်ကုန်တိုင်းဒေသကြီးတွင် ၂၂၁ ကြိမ်၊ မန္တလေးတိုင်းဒေသကြီးတွင် ၁၉၃ ကြိမ်၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ၁၈၇ ကြိမ်၊ ရှမ်းပြည်နယ်တွင် ၁၆၅ ကြိမ်၊ ဧရာဝတီတိုင်းဒေသကြီးတွင် ၁၄၇ ကြိမ်၊ ပဲခူးတိုင်းဒေသကြီးတွင် ၁၃၇ ကြိမ်၊ မကွေးတိုင်းဒေသကြီးတွင် ၁၂၈ ကြိမ်၊ ရခိုင်ပြည်နယ်တွင် ၉၇ ကြိမ်၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တွင် ၆၉ ကြိမ်စီ၊ မွန်ပြည်နယ်တွင် ၅၉ ကြိမ်၊ နေပြည်တော်ကောင်စီနယ်မြေတွင် အကြိမ် ၅၀၊ ကရင်ပြည်နယ်နှင့် ချင်းပြည်နယ်တွင် ၂၄ ကြိမ်စီ၊ ကယားပြည်နယ်တွင် ၁၃ ကြိမ်တို့ အသီးသီးဖြစ်ပွားခဲ့ကြကြောင်း နိုင်ငံပိုင်သတင်းစာမှ ထုတ်ပြန်ခဲ့သည့်စာရင်းများအရ သိရသည်။

ထိုသို့ မီးလောင်မှုဖြစ်ပွားကြရသည့်အကြောင်းရင်းများကို လေ့လာကြည့်ရာတွင် ပေါ့ဆမီး၊ ဝိုင်ယာရှော့ဖြစ်၍လောင်ကျွမ်းသောမီး၊ မီးကွင်းမီးကျန်မှလောင်ကျွမ်းသောမီး၊ ရှို့မီးတို့ပါဝင်ကြောင်း တွေ့ရသည်ဟု ဆိုထားသည်။ ထို့ပြင် ယခုနောက်ပိုင်း ကြားသိမြင်တွေ့နေရသော ထူးခြားသည့်ဖြစ်စဉ်များတွင် လူစီးမော်တော်ယာဉ်အကြီး၊ အသေးများ မီးလောင်ကြသည့်ဖြစ်စဉ်များလည်း အတော်များလာခဲ့သည်။ ပေါက်ကွဲအားပြင်းထန်သည့် လောင်စာဆီသုံးစွဲမှုများကြောင့် သာမန်အပူချိန်ထက်ပိုလျှင် မီးလောင်သည့်အဆင့်အထိဖြစ်နေလေသည်။

> “မီးသတ်ကားများမရောက်လာမီအချိန်နှင့် မီးသတ်ကားမဝင်ရောက်နိုင်သည့်နေရာများအတွက် မိမိတို့ကိုယ်စီအသိဖြင့်သာ ဝိုင်းဝန်းကြိုတင်ငြိမ်းသတ်ကြရေးဟူသည့်အသိကိုယ်စီရှိကာ မိမိတို့တစ်အိမ်ချင်းအတွက်သော်လည်းကောင်း၊ ဘေးပတ်ဝန်းကျင်ရှိ မိမိတို့မြို့ရွာရပ်ကွက်များအတွက်သော်လည်းကောင်း အရန်သင့်ပြင်ဆင်လျက် မီးလောင်မှုဘေးကို ကြိုတင်မြော်တွေးထားကာ ကြိုတင်ကာကွယ်မှုများပြုလုပ် . . .”

### မော်တော်ကားမီးလောင်

မော်တော်ကားမီးလောင်သည့်သတင်းများမှာ ယခင်ကဆိုလျှင် မကြားဖူးခဲ့၊ ယနေ့ခေတ်တွင်မူ အသစ်အဆန်းဟုပင် မမြင်ကြတော့ချေ။ ထို့ကြောင့်ပင် ခရီးဝေးမောင်းနှင်သည့်ယာဉ်များတွင် မီးသတ်ဆေးဘူးများနှင့် အခြားမီးငြိမ်းသတ်နိုင်သည့်ပစ္စည်းများ အရန်သင့်ဆောင်ယူသွားကြရတော့သည့်ကာလ ဖြစ်လာသည်။

နိုင်ငံတော်အဆင့် တာဝန်ရှိသူများအနေဖြင့်လည်း နိုင်ငံအတွင်း ပိုမိုဖြစ်ပေါ်လာသည့် မီးလောင်ဆုံးရှုံးမှုများကို ကာကွယ်နိုင်ရေးအတွက် ပိုလန်နိုင်ငံမှ ချေးယူငွေယူရိုသန်း ၅၀ ဖြင့် ကမ္ဘာ့အဆင့်မီ မီးငြိမ်းသတ်ရေးယာဉ်နှင့် ရှာဖွေကယ်ဆယ်ရေးယာဉ် ၆၅ စီးကို ဝယ်ယူအားဖြည့်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၏ တင်ပြသည့်သတင်းများအရ ကြားသိရသည်။

ယင်းသို့ဝယ်ယူရာတွင်လည်း မီးသတ်သမားများ ချဉ်းကပ်၍မရသည့် မီးလောင်မှုများ၊ မီးသတ်ကားဝင်ရန်ခက်ခဲသောလမ်းများတွင် အသုံးပြုနိုင်မည့် မီးသတ်စက်ရုပ် (Fire Fighting Robot(LUF 60) တစ်စီးကို လက်ဆောင်အဖြစ်ရရှိမည်ဖြစ်ကြောင်းလည်း သိရသည်။ ထို့အပြင် မီးသတ်ဦးစီးဌာနအနေဖြင့်လည်း မီးငြိမ်းသတ်ရေးအတွက် ခေတ်မီစက်ကိရိယာများ၊ ဝတ်စုံများနှင့်အတူ လေ့ကျင့်ပြင်ဆင်မှုများပြုလုပ်နေကြကြောင်း သတင်းများတွင်တွေ့ရသည်။

မီးလောင်မှုဖြစ်ပွားလာပါကလည်း အချိန်နှင့်တစ်ပြေးညီ သွားရောက်ငြိမ်းသတ်နိုင်ရေးအတွက် သင့်လေးသင့်ဟူသည့်ဆောင်ပုဒ်အတိုင်း ရေအသင့်၊ ကားအသင့်၊ ဆီအသင့်၊ လူအသင့်ဖြင့် အရန်သင့်စောင့်ဆိုင်းနေကြရပြန်သည်။ ၎င်းအပြင် မြို့ရွာရပ်ကွက်များအတွင်း မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးဖိုအသုံးပြုလျှင် လူစောင့်ထားပါ။ လောင်စာမီးအားကို လိုအပ်သည်ထက်ပိုမသုံးပါနှင့်။ မီးဖိုမီးကွင်းမီးကျန်များ ငြိမ်းသတ်ပါ။ မီးဖိုနှင့် အမိုးအကြား အပူခံကိရိယာ၊ အကာအရံများထားပါ။ ဆီအိုးတည်ပြီး မမေ့ပါနှင့် စသည်ဖြင့် မီးသတိပေးထုတ်ပြန်ချက်ကို မီးသတ်ဦးစီးဌာနက ထုတ်ပြန်ပေးထားသည်။ မီးဘေးနှင့်ပတ်သက်လာလျှင် ကျွန်ုပ်တို့ပြည်သူများထဲတွင် အချို့က တွေ့ကြုံဖူး၊ ခံစားဖူးကြပြီးသား ဖြစ်မည်ထင်သည်။

### ကျိတ်ပြီး ငြိမ်းသတ်နေ

ထို့အတွက် မီးဘေးနှင့်ပတ်သတ်၍ အတွေ့အကြုံအရပြောရမည်ဆိုလျှင် မီးသတ်ကားများမရောက်လာမီ ရှေးဦးငြိမ်းသတ်ကြရေးသည် အထူးအရေးကြီးလေသည်။ ဖြစ်လေ့ဖြစ်ထရှိသည့် သဘောတရားအရဆိုလျှင် စတင်လောင်ကျွမ်းသည့် အိမ်ရှင်များအနေဖြင့်လည်း အမှုရင်ဆိုင်ကြရမည်ကို ကြောက်လန့်၍လည်းကောင်း၊ ကြောက်ကြောက်လန့်လန့်ဖြစ်ကာ စိုးရိမ်လွန်နေကြသဖြင့်လည်းကောင်း မိမိတို့ကိုယ်တိုင်ပင် ကျိတ်ပြီးငြိမ်းသတ်နေကြလေ့ရှိသည်။

ထိုအခါ မနိုင်မနင်းဖြစ်လာပြီး လောင်ကျွမ်းအားကောင်းကာ မီးတောက်ကြီးဖြစ်လျက် မီးညွန့်တက်သည့်အခါတွင်မှသာ ဘေးပတ်ဝန်းကျင်အိမ်များမှ သိကြရသည်။ ထိုအချိန်မှပင် မီးသတ်ဌာနသို့ ဖုန်းဆက်သူဆက်က ဆက်ကြရသည်။

### ဝိုင်းဝန်းငြိမ်းသတ်

များသောအားဖြင့်ကြုံတွေ့ရလေ့ရှိတတ်သည်မှာ သူများအိမ်လောင်ကျွမ်းနေသည့်မီးကို ဝိုင်းဝန်းငြိမ်းသတ်ပြီး ကူညီကြရမည့်အရေးထက် ရပ်ကွက်အတွင်းနေသူများမှာ အများအားဖြင့် မိမိတို့အိမ်အတွင်းရှိ ပစ္စည်းများ မီးထဲမပါရေး၊ မိမိတို့အိမ်မလောင်ကျွမ်းရေးကိုသာ အာရုံထားတတ်ကြသည်။

၎င်းအပြင် နီးကပ်နေလျက်ရှိသည့် အိမ်များအတွက်မူ ပို၍စိတ်ပူပန်မှုဖြစ်ကြရပြီး ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်ကြရသည်။ ကလေးငယ်များဆိုလျှင် ငိုယိုအော်ဟစ်လျက် ထိုခဏသည် ကမ္ဘာပျက်သည့်အလား ထင်ရလေသည်။ မီးလောင်သည့်အခါ အိမ်ခြေနီးစပ်ပြီး ခပ်စိပ်စိပ်ကပ်လျက်ရှိသည့် ရပ်ကွက်များဆိုလျှင် လေငြိမ်သည့်အချိန်နှင့် တိုက်ဆိုင်လျှင် ဆိုးဆိုးရွားရွား ဘေးသို့ကူးစက်သွားခြင်းမျိုးမရှိသော်လည်း လေတိုက်နေသည့်အခါတွင်မူ ဘေးအိမ်များသို့ ကူးစက်နှုန်းမြန်သည်။

ထိုအချိန်တွင် ရောက်ရှိလာသည့်မီးသတ်ကားများအနေဖြင့်လည်း အိမ်ရှေ့မျက်နှာစာဘက်မှသာ ရေဖြင့်ဖျန်းပက်ရသည့်အတွက် အတွင်းမှလောင်ကျွမ်းနေသည့်မီးကို အလွယ်တကူ မငြိမ်းသတ်နိုင်ဖြစ်ရသည်။ တစ်ခါတစ်ရံ မီးသတ်ကားမှထိုးဖျန်းနေသည့်ရေများသည် မီးလောင်နေသည့်အိမ်မှ ရှေ့ဘက်နံရံတွင်သာ ကုန်သွားရခြင်းမျိုးလည်း တွေ့ရသည်။

### မလောင်ခင်တား

မီးသတ်ကားဝင်ရောက်ရန်ခက်ခဲသည့် ဘေးနောက်ဝဲယာများအတွက်မူ ထိရောက်သည့်ငြိမ်းသတ်မှုမျိုးကို အချိန်တိုအတွင်း လုပ်ဆောင်နိုင်ကြမည်မဟုတ်ပေ။ နိဂုံးချုပ်အားဖြင့်ဆိုရလျှင် မီးဘေးရှောင်နိုင်ရေးအတွက်ဆိုလျှင် မလောင်ခင်မှတားကြမှသာလျှင် ကာကွယ်နိုင်ပြီး ဆုံးရှုံးနစ်နာကြမည့်အရေး၊ ပူပန်သောကပွားကြရမည့်အရေးမှ လွတ်မြောက်နိုင်မည်လည်းဖြစ်သည်။

ထို့အတွက် မလောင်ခင်က ကြိုတင်ကာကွယ်ကြရဖို့ဆိုလျှင် မိမိတို့ကိုယ်စီ မိမိတို့အိမ်တိုင်းတွင် ကနဦးကြိုတင်ကာ နှစ်ကာလကြာရှည်နေပြီး ဆွေးမြည့်နေသည့် လျှပ်စစ်ဝါယာကြိုးများကို လဲလှယ်ထားခြင်း၊ လျှပ်စစ်မီးကို ဝန်နှင့်အားမျှအောင် သုံးစွဲခြင်း၊ ချက်ပြုတ်သည့်နေရာနှင့် မီးစွဲလောင်နိုင်သည့်နေရာကိုခွာလျက် ကြားတွင် အပူခံကိရိယာများထားရှိခြင်း၊ မီးငြိမ်းသတ်ရေးအတွက် အလွယ်တကူငြိမ်းသတ်၍ရနိုင်သည့် မီးသတ်ဆေးဘူးငယ်များ ဆောင်ထားခြင်း၊ ပက်ဖျန်းပုံနည်းစနစ်များကို သင်ယူလေ့ကျင့်ထားခြင်း၊ မီးလောင်နိုင်သည့် လောင်စာများကို ရှင်းလင်းထားခြင်း၊ ရေနှင့်သဲများ အသင့်ထားရှိခြင်း၊ မီးသတ်ဦးစီးဌာနမှထုတ်ပြန်ထားသည့် အပေါ်မှအချက်များအပေါ် လိုက်နာကြခြင်းများကို မီးဘေးကာကွယ်ရေး အသိမွေးလျက် ကြိုတင်ဆောင်ရွက်စီမံထားရှိကြရမည်ဖြစ်သည်။

### သတိဝီရိယကြီးစွာထား

၎င်းအပြင် ဘေးအိမ်များမှ လောင်ကျွမ်းလာသည့်မီးအပေါ် မိမိအိမ်သို့မကူးစက်နိုင်ရေးအတွက်ဆိုလျှင် မိမိအိမ်ခေါင်မိုးများအပေါ်တွင် ရေဖျန်းနိုင်သည့် ရေပိုက်ခေါင်းငယ်များတပ်ဆင်ထားခြင်း၊ မီးပျက်နေစဉ်မောင်းနှင်ကာ ရေပက်ဖျန်း၍ရနိုင်သည့် မီးစက်ငယ်များဆောင်ထားခြင်း၊ ရေကန်များကို အမြဲပြည့်အောင် ရေဖြည့်ထားခြင်း၊ မိမိတို့နေအိမ်တွင် အရေးကြီးသည့်ပစ္စည်း၊ သာမန်ပစ္စည်းများ ခွဲခြားထားပြီး အလွယ်တကူရွှေ့ပြောင်းသယ်ယူရန် ပြင်ဆင်ထားခြင်း၊ မီးဘေးအတွက် သတိဝီရိယကြီးစွာထားလျက် အိပ်စက်နေထိုင်သွားလာစားသောက် ချက်ပြုတ်ကြော်လှော်ခြင်းများကို အထူးအလေးထား သတိရှိရှိ ဆောင်ရွက်ကြရမည်ဖြစ်သည်။

### ကြိုတင်ကာကွယ်

သို့မှသာ ယနေ့အချိန်အခါတွင် မြန်မာပြည်အနှံ့အပြား၌ မကြာခဏဆိုသလို ဖြစ်ပွားနေသည့် မီးဘေးအန္တရာယ်မှ ကြိုတင်ကာကွယ်နိုင်မည်ဖြစ်ပြီး မီးသတ်ဦးစီးဌာနမှ မီးသတ်ကားများမရောက်လာမီအချိန်နှင့် မီးသတ်ကားမဝင်ရောက်နိုင်သည့်နေရာများအတွက် မိမိတို့ကိုယ်စီအသိဖြင့်သာ ဝိုင်းဝန်းကြိုတင်ငြိမ်းသတ်ကြရေးဟူသည့်အသိ ကိုယ်စီရှိကာ မိမိတို့တစ်အိမ်ချင်းအတွက်သော်လည်းကောင်း၊ ဘေးပတ်ဝန်းကျင်ရှိ မိမိတို့မြို့ရွာရပ်ကွက်များအတွက်သော်လည်းကောင်း အရန်သင့်ပြင်ဆင်လျက် မီးလောင်မှုဘေးကို ကြိုတင်မြော်တွေးထားကာ ကြိုတင်ကာကွယ်မှုများပြုလုပ်ကြစေလိုပါကြောင်း တိုက်တွန်းရေးသား တင်ပြလိုက်ရပါသည်။ ။

❏

# ဝါးခယ်မ ရွှေလောင်းကျွန်းအတွင်း ရေနုတ်မြောင်း ၁၈ မြောင်း တူးဖော်ပေးပြီးဖြစ် ကျန်ရှိနေသည့်ရေတံခါးနှင့် တာတမံများအားအဆင့်မြှင့်တင်ရန် အထူးလိုအပ်လျက်ရှိ

သပြေထွန်း



ပြန်လည်ပြုပြင်ရန်လိုအပ်လျက်ရှိသည့် ထော်ကနွတ်ရေတံခါး (၁၅ ပေ × ၆ ပေ-၄ပေါက်) အား တွေ့ရစဉ်။

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်အတွင်းရှိ ရွှေလောင်းကျွန်းအတွင်း မိုးစပါးစိုက်ဧရိယာများ ရေကြီးနစ်မြုပ်မှု လျော့ပါးသက်သာစေရေးနှင့် နွေစပါးအောင်ရေရရှိရေးအတွက် ရည်ရွယ်၍ ပုသိမ်ခရိုင်၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဒေသအတွက် အဓိကလိုအပ်သည့် အခြေအနေပေါ်မူတည်၍ ဦးစားပေးအစီအစဉ်၊ ရန်ပုံငွေရရှိမှုနှင့် လုပ်ငန်းခွင့်ပြုမိန့်ရရှိမှုတို့အပေါ် အခြေခံလျက် လုပ်ငန်းဆောင်ရွက်လျက်ရှိရာ ယခုအခါတွင် နွေစပါးစိုက်ပျိုးရာသီအမီ ယင်းကျွန်းအတွင်းရှိ ရေနုတ်၊ ရေသွင်းမြောင်း ၁၈ မြောင်းအား တူးဖော်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

"ဒီကျွန်းထဲမှာ ကျွန်တော်တို့လယ်သမားတွေက စပါးအပြင် မတ်ပဲ၊ ပဲတီစိမ်းနဲ့ မြေပဲလည်း စိုက်ပျိုးကြပါတယ်။ မိုးစပါးကတော့ ဆင်းသုခ၊ ပေါ်ဆန်းရင်နဲ့ နှံကားဒီမျိုးတွေပဲ အဓိကစိုက်ပြီး နွေစပါးကတော့ ရက် ၉၀ နဲ့ သီးထပ်ရင် အစိုက်များပါတယ်။ နွေစပါးက ကျွန်းတွင်းရေသွင်းမြောင်းတွေက ရေနဲ့ ၁၉၉၈ ခုနှစ် လောက်ကတည်းက စတင်စိုက်ပျိုးပြီး အောင်မြင်မှုရှိလာလို့ တစ်နှစ်ထက်တစ်နှစ် တိုးချဲ့စိုက်ပျိုးလာကြတာပါ။ စပါးကြိုက်တဲ့မြေဖြစ်ပေမယ့် ရေမရရင် ဘာမှလုပ်လို့မရပါဘူး။ အခုလိုတူးဖော်ပေးတာ ဒေသအတွက် တကယ်အကျိုးရှိတယ်ဗျာ။

ဆက်ပြီးတော့လည်း အူကျွန်းကျေးရွာအုပ်စုအတွင်းမှာရှိတဲ့ ဆရာဦးမောင်အေးမြောင်း၊ ဦးကျော်ခိုင်မြောင်းနဲ့ ဦးသစ်သာမြောင်းတွေကိုလည်း တူးဖော်ပေးစေချင်ပါသေးတယ်။ ဒီမြောင်းတွေက အရင်က လယ်သမားတွေကိုယ့်အားကိုယ်ကိုးတူးခဲ့တဲ့မြောင်းတွေဆိုတော့ စီမံကိန်း စာရင်းထဲ မပါဘူးထင်လို့ တင်ပြတောင်းဆိုတာပါ" ဟု ရွှေလောင်းကျွန်းအတွင်းရှိ လယ်သမားကြီး ဦးစိုးမင်းက အကြံပြုဝမ်းသာစကားဆိုသည်။

### သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်

နွေစပါးစိုက်ပျိုးရာသီအမီ စိုက်ပျိုးရေရရှိရေးအတွက် အောက်တိုဘာ ၂၈ ရက်မှ ဒီဇင်ဘာ ပထမပတ်အထိ ရက်ပေါင်း ၄၀ ကာလအတွင်း ရွှေလောင်းကျွန်းပတ်တာတွင် သဲကုန်း-ကြာဖြူ ဆက်သွယ် ရေးမြောင်း၊ S1-14 မြောင်း၊ S1-12 မြောင်း၊ ကြခတ်ကုန်း-အူကျွန်း ကားလမ်းဘေး(ဝဲ/ယာ)မြောင်း၊ S1-15 မြောင်း၊ အောင်ချမ်းသာမြောင်း၊ ကြာအိုင်မြောင်း၊ S1-11 မြောင်း၊ S1-10 မြောင်း၊ S1-13 မြောင်း၊ S1-1-11 မြောင်း၊ အောင်ပြည့်စုံမြောင်း၊ စက်ဘီးမြောင်း၊ SM-3 မြောင်း၊ SP-1 မြောင်း၊ SD-1 မြောင်းနှင့် ထော်ကနွတ်အနောက်စုမြောင်း တူးဖော်ပေးခဲ့သဖြင့် နွေစပါးလျာထားစိုက်ဧကပြည့်မီရေး အထောက်အကူပြုသည့်အပြင် ရေလမ်းဆက်သွယ်ရေး ပိုမိုလွယ်ကူခြင်း၊ ရေစီးရေလာကောင်းမွန်ခြင်း၊ အောင်ရေလုံလောက်စွာရရှိခြင်းနှင့်အတူ သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်လာခြင်း စသည့်ရေအကြောင်းပြု အကျိုးသက်ရောက်မှုများရရှိလာကြောင်း သိရသည်။

"စိုက်ပျိုးရေးကိုအခြေခံထားတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်တာနဲ့အညီ စိုက်ပျိုးရေးကို များစွာအထောက်အကူပြုတဲ့ အခုလိုရေသွင်း၊ ရေနုတ်မြောင်းတွေတူးဖော်ပေးခြင်းဟာ ဒေသအတွက် တကယ်အကျိုးသက်ရောက်သလို နိုင်ငံတော်ရဲ့ စီးပွားရေးဦးတည်ချက်ကို တစ်ဖက်တစ်လမ်းက အကောင်အထည်ဖော်ရာ လည်းရောက်ပါတယ်။ ရေမြောင်းတွေကောင်းတော့ စိုက်ပျိုးရေရရှိရုံတင်မကတော့ဘဲ ဆေးကြောလျှော်ဖွပ်မှုနဲ့ ကျွဲရေနွားရေပါမကျန် အဆင်ပြေပြီး ရဟန်းသံဃာ၊ ကလေးသူငယ်နဲ့ ကျန်းမာရေးချို့တဲ့သူတွေအတွက်ပါ ရေလမ်းကို အသုံးပြုလို့ရလာပါတယ်။ မြောင်းတူးတဲ့ပင်မရည်ရွယ်ချက်က စပါးတစ်ခု အကြောင်းပြုပေမယ့် လက်တွေ့မှာ အခြားသောအထောက်အပံ့တွေလည်းဖြစ်လို့ ကျေးရွာအုပ်စုကိုယ်စား ကျေးဇူးတင်စကားဆိုပါတယ်ဗျာ" ဟု ရွှေလောင်းကျွန်းအတွင်းရှိ အူကျွန်းကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးကြည်ဝင်းက ပြောသည်။

### အကြီးစားပြင်ဆင်ရန် မဖြစ်မနေလိုအပ်

ဝါးခယ်မမြို့နယ်အတွင်းရှိ ကျွန်းပတ်တာ၊ တာတမံများနှင့် ရေတံခါးအများစုမှာ ၁၉၇၇ ခုနှစ် အောက်မြန်မာပြည် စပါးစိုက်ပျိုးမှုတိုးတက်ဖွံ့ဖြိုးရေးစီမံကိန်းအပိုင်း(၁)မှ တည်ဆောက်ခဲ့ခြင်းဖြစ်၍ နှစ်ကာလကြာမြင့်လာပြီဖြစ်ရာ ယခုအခါ သတ်မှတ်အမြင့်ပေ (A.C.L) အောက်သို့ သုံးပေ၊ လေးပေခန့် နိမ့်ကျလျက်ရှိပြီး တာလုံးသေးခြင်းကြောင့် ပြီးခဲ့သည့်မိုးရာသီ မြစ်ရေကြီးချိန်အတွင်း ယင်းဧရိယာရှိ ပေကုန်းတာနှင့် စပါးရိုထီးတန်တာအား သဲအိတ်ဆင့်ကာကွယ်ခဲ့ရကြောင်း သိရသည်။

ထို့အပြင် အဆိုပါရွှေလောင်းကျွန်းအတွင်း အောက်မြန်မာပြည်စပါးစိုက်ပျိုးမှု တိုးတက်ဖွံ့ဖြိုးရေးစီမံကိန်းအပိုင်း(၁)ဖြင့် တည်ဆောက်ခဲ့သည့် ရေတံခါး ၁၂ လုံး၊ ရေနုတ်မြောင်း ၈၇ မြောင်း (အလျား ၁၀၄ ဒသမ ၁၅ မိုင်)၊ အောက်မြန်မာပြည် လယ်ယာမြေဖော်ထုတ်ရေးစီမံကိန်းအပိုင်း(၁)ဖြင့် ကဝဲသံဒင်းတာ(ကစကဲကျွန်း) အတွင်း တည်ဆောက်ခဲ့သည့် ရေတံခါး ၃ လုံးရှိရာ ယခုအခါ အူကျွန်းရေတံခါးနှင့် မဲဇလီရေတံခါးအား အဆင့်မြှင့်ပြုပြင်ရန် လိုအပ်လျက်ရှိပြီး အလမန်းတူးချောင်းရေတံခါးအားလည်း အကြီးစားပြင်ဆင်ရန် မဖြစ်မနေလိုအပ်လျက်ရှိကြောင်း ဝါးခယ်မမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

"ပြောရရင်တော့ဗျာ အခု ကျွန်တော်တို့ထိန်းသိမ်းဆောင်ရွက်ပေးနေတဲ့ တာတမံတွေ၊ ရေတံခါးတွေနဲ့ ရေနုတ်မြောင်းတွေက နှစ် ၃၀ မက သက်တမ်းရှိတာတွေချည်းပါပဲ။ အားလုံးနီးပါးက Function မဖြစ်တော့တဲ့အခါ ကျွန်တော်တို့မှာ အိတ်ပေါက်နဲ့ ဖားကောက်ရသလိုဖြစ်နေတယ်။ သက်တမ်းကလည်း ကြာပြီလေဗျာ။ ဇရာအိုတော့ ဆေးမှီဝဲရတာ ထုံးစံပါပဲ။ ဘာပဲဖြစ်ဖြစ် တတ်နိုင်တဲ့နည်းလမ်းနဲ့ အကောင်းဆုံးဖြစ်အောင်တော့ ဆောင်ရွက်ပေးနေတာပါပဲ။

လုပ်ငန်းဆောင်ရွက်မှုအနေနဲ့ ဝါးခယ်မမြို့နယ်အတွင်းမှာရှိတဲ့ ရေနုတ်မြောင်းများ ပြန်လည်တူးဖော်ခြင်းလုပ်ငန်းခုနစ်ခုနဲ့ ပြီးခဲ့တဲ့မိုးတွင်းက တာနိမ့်လို့ သဲအိတ်ဆင့်ကာကွယ်ခဲ့ရတဲ့အပိုင်းတွေကို တာတမံတောင့်တင်းခိုင်မာဖို့ တာထိပ်ဆင့်ခြင်းလုပ်ငန်းတွေကို အဓိကဦးစားပေး စီမံဆောင်ရွက်နေသလို ရွှေလောင်းကျွန်းတစ်ကျွန်းလုံး ပြန်လည်ပြုပြင်ဖို့အတွက်လည်း ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း နိုင်ငံခြားအထောက်အပံ့ချေးငွေ (ကိုရီးယား EDCF) ချေးငွေစနစ်နဲ့ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ဖို့ စီမံဆောင်ရွက်လျက်ရှိပါတယ်" ဟု ပုသိမ်ခရိုင် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းဌေးက ရှင်းလင်းပြောကြားသည်။




အောင်ချမ်းသာမြောင်း ဆောင်ရွက်ဆဲကာလ တွေ့ရစဉ်

### ရာနှုန်းပြည့်စိုက်ပျိုးနိုင်

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်အတွင်း ရွှေလောင်းကျွန်းပတ်တာ၊ ကဝဲသံဒင်းတာ၊ စပါးရိုထီးတန်တာ၊ ပေကုန်းတာ၊ ထန်းလေးပင်တာ၊ ဂရမ်းကြာကွင်းတာ၊ ဦးပိတ္တုပ်စစ်ချောင်းတာနှင့် တံခွန် တိုင်ငှက်ပျောချောင်းတာဟူ၍ ကျွန်းပတ်တာတစ်ခုနှင့် တာတမံခုနစ်ခုရှိပြီး ထော်ကနွတ်ရေတံခါး၊ အရှေ့ဒရင်း၊ ဘုရားကုန်း၊ မဲဇလီ၊ အူကျွန်း၊ တလုတ်ထော်၊ ကျုံကပြင်၊ ကျုံပဒေါ၊ ကလိပ်၊ ကလ၊ အလန်း၊ အလမန်းတူးချောင်း၊ စစ်ကုန်း၊ မနန်းတုတ်၊ ညောင်ချောင်း၊ ကွဲခေါင်းနှင့် ထီးတန်ဟူ၍ ရေတံခါး ၁၈ လုံးရှိပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် အဆိုပါရေဘေးကာကွယ်ဧရိယာအတွင်း မိုးစပါးလျာထားဧက ၆၁၄၂၅ ဧက စိုက်ပျိုးရန်လျာထားခဲ့ရာ ရာနှုန်းပြည့်စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

# ကြော်ငြာ


**ခရီးစိမ်းမင်း** 09-444450446, 09-444450558, 09-444887797,09-250144709

Mar 10, 17,24, 31

| | |
|---|---|
| + ရွှေစက်တော်(၁)ညအိပ် + ပကွေ။ မင်းဘူး ဘုရားစုံ (၃)ရက် | 35000 |
| + အလောင်းတော်ကဿပ(သီးသန့်)၊မန္တလေး၊စစ်ကိုင်း၊မုံရွာ(၃)ရက် | 35000 |
| + ရွှေစက်တော်နှင့် အလောင်းတော်ကဿပ၊ စစ်ကိုင်း၊မုံရွာ(၅)ရက် | 60000 |
| + ရွှေစက်တော်နှင့် ပုဂံ(စွယ်တော်လေးဆူ)၊ ပုပ္ပါး ပခုက္ကူ(၅)ရက် | 65000 |
| + ဘားအံ၊ မြဝတီ၊ မဲဆောက် (၃)ရက် Hotel Package | 70000 |
| + ပုဂံ (စွယ်တော်လေးဆူ)၊ ပုပ္ပါး ပခုက္ကူ–သီဟိုဠ်ရှင် (၃)ရက် | 40000 |
| + မန္တလေး၊ပြင်ဦးလွင်၊စစ်ကိုင်း၊မုံရွာ၊အလောင်းတော်ကဿပ(၅)ရက် | 50000 |
| + တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကုံလုံ၊ထမ့်စမ်း၊ကက္ကူ(၄)ရက် | 50000 |
| + တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ထမ့်စမ်း၊ လွိုင်ကော် (၅)ရက် | 65000 |
| + ထားဝယ်ရှင်ကိုးရှင်၊မောင်းမကန်၊ကမ်းခြေ၊ကျိုက်ထီး၊ဓားစက်စဲ(၅)ရက် | 60000 |

2017 သင်္ကြန် Apr 11, 12 ခရီးစဉ်များ

| | |
|---|---|
| + အလောင်းတော်ကဿပ (သီးသန့်) (၃)ရက် | 45000 |
| + မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ၊ အလောင်းတော်(၅)ရက် | 60000 |
| + ရွှေစက်တော်၊ အလောင်းတော်ကဿပ(၅)ရက် | 60000 |
| + ရွှေစက်တော်၊ ပုဂံ၊ စွယ်တော်လေးဆူ၊ ပုပ္ပါး၊ ပခုက္ကူ (၅)ရက် | 65000 |
| + ပုဂံ၊ စွယ်တော်လေးဆူ၊ ပုပ္ပါး၊ ပခုက္ကူ (၃)ရက် | 50000 |
| + တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ထမ့်စမ်း (၄)ရက် | 65000 |
| + တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ထမ့်စမ်း၊ လွိုင်ကော် (၅)ရက် | 75000 |
| + ထားဝယ်ရှင်ကိုးရှင်၊ မောင်းမကန်၊ ရွှေဂုံတိုင်၊ ကျိုက်ထီး၊ ဓားစက်စဲ(၅)ရက် | 75000 |
| + ဘားအံ၊ မြဝတီ၊ မဲဆောက် (၄)ရက် Hotel Package | 100000 |

ခရီးစဉ်အားလုံး၊ Guest House, Hotel တည်း ဖြစ်ပါသည်။ + တစ်ဦးချင်းလက်မှတ် အစရှိသဖြင့် ဆောင်ရွက်ပေးပါသည်။



လေယာဉ်လက်မှတ်နှင့်ဟိုတယ်အခန်းလိုချင်သူများကိုလည်း ဝန်ဆောင်မှုပေးနေပါပြီ။

**MIRA TRAVELS**

ပျော်ရွှင်ဖွယ်ရာ သင်္ကြန်ခရီးစဉ်များ

| | | | |
|---|---|---|---|
| ဘန်ကောက် + ပတ္တရား | 14-18 Apr | (၅)ရက် | USD 590 |
| ဘန်ကောက် + ကန်ချနဘူရီ | 14-17 Apr | (၄)ရက် | USD 590 |
| ဘန်ကောက် + ကမ္ဘောဒီးယား | 14-18 Apr | (၅)ရက် | USD 790 |
| ဘန်ကောက် + ဖူးခက် | 12-17 Apr | (၆)ရက် | USD 890 |
| ချင်းမိုင် | 14-17 Apr | (၄)ရက် | USD 590 |
| စင်ကာပူ | 15-18 Apr | (၄)ရက် | USD 790 |
| ဗီယက်နမ်(ဟနွိုင်း+ဟားလောင်း) | 15-18 Apr | (၄)ရက် | USD 590 |
| ဗီယက်နမ်(မွေ့နဲကမ်းခြေ + ဒါလတ်) | 14-18 Apr | (၅)ရက် | USD 490 |
| ဗီယက်နမ်(ဒါနန်း+ဘန်နာ+ဟွိုင်အန်း+ဟွေ) | 14-18 Apr | (၅)ရက် | USD 590 |
| အင်ဒိုနီးရှား (ဘာလီကျွန်း) | 12-16 Apr | (၅)ရက် | USD 1190 |
| ဂျပန် | 12-20 Apr | (၉)ရက် | USD 2790 |
| တရုတ်ပြည် + ဟောင်ကောင် + မကာအို | 13-20 Apr | (၈)ရက် | USD 1590 |
| မော်လ်ဒိုက်ကျွန်း | 12-15 Apr | (၄)ရက် | USD1910 |

Phone:09260066697, 09774066697, 09260066698, 09774066698



**ခေတ်ရှေ့ဆောင်** 09 449250191

09 ၄၄၉၂၅၀၁၉၁၊ 09 ၄၄၂၉၁၂၁၇ / 09-၄၂၀၄၆၀၁၉၅၊ 09 ၄၃၁၇၆၂၇၀

မတ်လ 3, 5, 17, 24, 31 April- 11, 28

▲ ဂလုံတောင်-အင်းတော်ကြီး-မြစ်ကြီးနား-မိုးကုတ်-လိုက်ဂူတော်- (၉)ရက် ၁၀၅ သိန်း

▲ ထားဝယ်ရှင်ကိုးရှင်-မောင်းမကန်-မြိတ်-ကော့သောင်း-ရနောင်း-သူ့ဌေးကျွန်း- ၂သိန်း

▲ ရွှေစက်တော်-ပုပ္ပါး-ပုဂံ-အလောင်းတော်-ရွှေဘို-ပြင်ဦးလွင်-ကျောက်မီး (၈)ရက် ၇၅၀၀၀

▲ လွိုင်ကော်-ထီးဆဲခါး-ထမ့်စမ်းဂူ-တောင်ကြီး-အင်းလေး-ပင်းတယ



**ရခိုင်ဘုရားဖူး(သီးသန့်)** ကောင်းထက်စံနှင့်အဖွဲ့ လက်မှတ်အိမ်ပို့ပေးသည်

မဟာမုနိ၊ မြောက်ဦး၊ဝေသာလီမြို့ဟောင်း၊ပုဏ္ဏားကျွန်း၊စစ်တွေ၊ငပလီ(ဟိုတယ်) **220000/(25-03-2017)** စားတည်း၊ငြိမ်း(ဆိုင်ကျွေး) (၆ရက်) **150000/** ကျောင်းတည်း။ **(13-04-2017)**သင်္ကြန် ဦးရေလူစုနှစ်ဖြင့်လက်မှတ်ရပြီ၊ ၄၅ဦးစီး။ ဗီဒီယိုမှတ်တမ်းလက်ဆောင်။ Ph: 09448003431, 0949660481



**AKM Tours**

ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဝန်ကြီးဌာန၏တရားဝင်လိုင်စင်ရပြည်ပခရီးသွားဝန်ဆောင်မှုလုပ်ငန်း (ပခ- ၁၈၃)

ပြည်ပ ခရီးသွားဝန်ဆောင်မှုလုပ်ငန်း

facebook https://www.facebook.com/AKMoutbound

| | | | |
|---|---|---|---|
| ❖ ဘန်ကောက် | ၃ည–၄ရက် | 24.MAR | USD-399 |
| ❖ ဟောင်ကောင် (ရှန်းကျန်၊ ကွမ်ကျိုး၊ ကျုးဟိုင်၊ မကာအို၊ ဟောင်ကောင်) | ၇ည–၈ရက် | 10.APR | USD-1,650 |
| ❖ စင်္ကာပူ | ၃ည–၄ရက် | 12.APR | USD-750 |
| ❖ ဘန်ကောက်–ပတ္တရား | ၄ည–၅ရက် | 12.APR | USD-540 |

Hot Line-09-264500047, 09-264500087, 09-250065825, 09-264500028

**ဂျပန်အထူးခရီးစဉ်** (4 Star Hotel / 5 Star Airline)

13.APR ၇ည – ၈ရက် USD-2,850

(တိုကျို–Disneyland–ကာမကုရ–ဟခိုနဲ–ဖူဂျီတောင်–နာဂိုရာ–ကျိုတို–နာရာ–အိုဆာကာ)

Day(1) ရန်ကုန်လေဆိပ်မှ Thai Airways (Bangkok Transit) ဖြင့် ဂျပန်နိုင်ငံ NARITA လေဆိပ်သို့ထွက်ခွာပါမည်။

Day(2) တိုကျို မြို့လှည့်လည်ရေးခရီးစဉ်- Asakusa (Sensoji-Kaminari-Nakamise)-Ginza -Tokyo SkyTree-Akihabara

Day(3) Imperial Palace - Tokyo Disneyland

Day(4) Kamakura ဗုဒ္ဓမြတ်စွာဘုရား-Ashi Lake (ပင်လယ်ဓားပြ သင်္ဘောစီး)-Owakudani(Rope way)- Gotenba Outlet

Day(5) Oshino Hakkai -Mt.Fuji(Level 5)-Nagoya မြို့သို့ထွက်ခွာပါမည်။

Day(6) Nagoya Castle-Nagoya to Kyoto( Bullet Train)-KINKAKUJI-KIYOMIZU-FUSHIMINARI

Day(7) Nara-Todaiji Temple-Osaka Castle-Shinsaibashi / Dotonbori Shopping

Day(8) Osaka မှ(Bangkok Transit ဖြင့်) ရန်ကုန်မြို့သို့ပြန်လည်ထွက်ခွာပါမည်။

အမှတ်-၁၆ ၊အခန်း (စီ-၂)၊ပထမထပ်၊ အရှိယမဂ္ဂင်လမ်း၊ ၁၄-ရပ်ကွက်၊ ကျောက်ကုန်း ၊ ရန်ကင်းမြို့နယ်၊ရန်ကုန်။



**Fully Light Travels & Tours**

သင်္ကြန်အတွက်ကျန်ရှိသော ခရီးစဉ်များ

ပြည်ပခရီးသွားလိုင်စင်အမှတ် (ပခ–၀၀၅၂)

| | | |
|---|---|---|
| ပီကင်း | 13-23/April | (2000 USD ) |
| ဟောင်ကောင် | 14-21/April | (1650 USD) |
| ကိုရီးယား | 12-19/April | (2000 USD) |
| စင်္ကာပူ သင်တန်ကျွန်း(အင်ဒို) | 13-17/April | (1150 USD) |
| ချင်းမိုင် | 14-17/April | (560 USD ) |

Tel: 01-503815,01-516932,01-516964,01-516958,09-4210 130 85 , 09 -333 777 82, 09-789 888891 Address : Dagon Center(1),Myaynigone







ဇီဝမျိုးစုံ မျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

ဘာသာခြားနိုင်ငံခရီးစဉ်များ မစ္စတာမြန်မာ ပြည်ပခရီးသွားဝန်ဆောင်မှုကုမ္ပဏီ
Mr. Myanmar

Europe 3190 USD | Japan 2790 USD | Korea 1850 USD | HongKong 1630 USD

| | | | | |
|---|---|---|---|---|
| ဥရောပ ၃ နိုင်ငံ - 3190 USD<br># 10D/9N (10 - 19 April) | ပြင်သစ်ငြေးလျှ - 3850 USD<br># 9D/8N (09 - 17 April) | ဂျပန် - 2790 USD<br># 9D/8N (12 - 20 April) | ဟောင်ကောင်-မကာအို - 1630 USD<br># 8D/7N (14 - 21 April) | ဘန်ကောက်-ပတ္တရား - 555 USD<br># 5D/4N (12 - 16 April) |
| အရှေ့ဥရောပ ၄ နိုင်ငံ - 2850 USD<br># 9D/8N (13 - 20 April) | ရုရှား - 2990 USD<br># 9D/8N (13 - 21 April) | ကိုရီးယား - 1850 USD<br># 8D/7N (11 - 18 April) | ထိုင်ဝမ် - 1590 USD<br># 8D/7N (11 - 18 April) | ဘန်ကောက်-ပတ္တရား - 650 USD<br># 6D/5N (12 - 17 April) |
| စပိန်-ပေါ်တူဂီ - 3690 USD<br># 10D/9N (13 - 20 April) | ဒူဘိုင်း-အဘူဒါဘီ - 1990 USD<br># 8D/7N (12 - 19 April) | ကိုရီးယား - 1850 USD<br># 8D/7N (12 - 19 April) | စင်ကာပူ - 800 USD<br># 5D/4N (13 - 17 April) | ဖူးခက်-ဘန်ကောက် - 900 USD<br># 6D/5N (11 - 16 April) |
| ဂရိ-ဆန်တိုရီနီကျွန်း - 3550 USD<br># 8D/7N (13 - 20 April) | အီဂျစ် - 1990 USD<br># 8D/7N (13 - 20 April) | တရုတ်ပြည်မ - 1800 USD<br># 8D/7N (12 - 19 April) | ဟိုချီမင်း-မွေနဲ-ဒါလတ် - 615 USD<br># 5D/4N (11 - 15 April) (14 - 18 April) | ချင်းမိုင်-ချင်းရိုင်း - 540 USD<br># 5D/4N (12 - 16 April) |

လိပ်စာ - ၉၇/ဘီ၊ ဒုတိယထပ်၊ ဝါးတန်းလမ်း၊ လမ်းမတော်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉၉၇၂၈၉၇၇၂၂၊ ၀၉၉၇၂၈၉၇၇၇၃၊ ၀၉၇၉၉၇၅၃၀၄၄၊ ၀၉၇၉၉၇၅၃၀၅၅

ကိုဝင်းနိုင် ရွှေဒါင်းမင်း 09425355758,09-252990976
▲ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကလော (၄)ရက်။ ဆက်၍-လွိုင်ကော်၊ ပါ(၅)ရက်။
▲ ထားဝယ်၊ ရှင်ကိုးရှင်၊ မောင်းမကန်၊ ကျိုက္ကမီ၊ စက်စဲ (၅)ရက်။ မြိတ်ပါ(၇)ရက်။
▲ အလောင်းတော်ကဿပ၊ စစ်ကိုင်း၊ မုံရွာ(၃)ရက်။ ဆက်၍-မန္တလေး၊ ပြင်ဦးလွင်(၅)ရက်
▲ မန်းရွှေစက်တော်နှင့် လမ်းဘုရားစုံ(၃)ရက်။ ဆက်၍-အလောင်းတော်ကဿပ(၅)ရက်
▲ မန်းရွှေစက်တော်နှင့် ပုပ္ပါး၊ ပုဂံ၊ ညောင်ဦး(၅)ရက်။ ဆက်၍-အလောင်းတော်ကဿပ(၇)ရက်
▲ အင်းတော်ကြီး၊ ရွှေမြူဘုရား၊ ဝလုံတောင်၊ မြစ်ကြီးနား၊ မေခမလိခမြစ်ဆုံ၊ မိုးကုတ်(၈)ရက်
▲ မန္တလေး၊ ပြင်ဦးလွင်၊ ရေပြာအိုင်၊ ကျောက်စိမ်းဘုရား(၃)ရက်။ Hotel- 65000
▲ ပုဂံ၊ ပုပ္ပါး၊ ဇွဲကပင်တော်လေးဆူ၊ ပခုက္ကူ(၃)ရက်။ Hotel- 75000
▲ ဘားအံ၊ ဂူ(၅)ဂူ၊ မြဝတီ၊ မဲဆောက် ခရီးစဉ် (၃)ရက်။ Guest- 75000
မြန်မာ့ဒေသ အသီးသီးသို့ အထူးခရီးစဉ်များ ကြိုတင်စာရင်းပေးသွင်းနိုင်ပါပြီ

SS Tour Myanmar ပျော်ပျော်ရွှင်ရွှင်မေတ္တာတြန်ပြည်တွင်းခရီးစဉ်များ

| | |
|---|---|
| တောင်ကြီး-အင်းလေး-ကလော-ပင်းတယ | (12 Apr)( ၄ည - ၅ရက်) |
| မန္တလေး-မေမြို့-မုံရွာ-အလောင်းတော်ကဿပ | (12 Apr)( ၅ည - ၆ရက်) |
| ပုပ္ပါး-ပုဂံ-ဇွဲကပင်တော်လေးဆူ-ရွှေစက်တော် | (24 Mar)(12 Apr)( ၄ည - ၅ရက်) |
| ထားဝယ်-ရှင်ကိုးရှင်-မောင်းမကန်တမ်းငြေ | (24 Mar)(19 Apr)( ၅ည - ၆ရက်) |
| ဖော်လမြိုင်-ကျိုက်ထီး-စက်စဲ-ဘားအံ | (24 Mar)(31 Mar)( ၂ည - ၃ရက်) |
| မြဝတီ-မဲဆောက်-ဘားအံ | (24 Mar)(31 Mar)( ၂ည - ၃ရက်) |

ခရီးစဉ်များအားလုံး 3 star hotel & Restaurant များတွင်သာ စီစဉ်ပေးပါသည်။
09 254169966, 09 2600112239, 09 450280361, 09 798232832

နွေရာသီကျောင်းပိတ်ရက်တွင် GRAMMAR အခြေခံပိုင်အောင် လေ့လာထားချင်သူ ကျောင်းသူကျောင်းသားများအတွက်
*Grammar Skill, Reading Skill & Writing Skill* တို့ဖြင့် ပြည့်စုံအောင် အတန်းစဉ်အလိုက် စီစဉ်ထားသော.....

STUDENT'S GUIDE
GRAMMAR
Grade 1 to Grade 10

အမှတ် (၃၃)၊ ၄၄-လမ်း၊ ဗိုလ်တထောင်မြို့နယ်။ Ph-01-296110, 398557, 8610088, 09-73001442, 09-780001235
ထွက်ပြီ

SILTA Summer School
(March to May)
SUMMER
-Preschool (Age 2½ ~ 6)
-Young Learners (Age 6 ~ 12)
No.220/222, Botahtaung Pagoda Road. Website:siltaedu.com
Tel: 09 450035260, 09 978648724, (01)294397

ပြင်ဆင်ဖတ်ရှုပါရန်
၁၄-၂-၂၀၁၇ ရက်နေ့ ကြေးမုံသတင်းစာ၏ စာမျက်နှာကြော်ငြာ(၈)ကန့်ကွက်နိုင်ကြောင်း ကြော်ငြာအမှတ်စဉ်(၈) TOP ALLIANCE CAPITAL COMPANY LIMITED ၏ ဒေါ်ငွေနှင်းဦး၏အမည်ပြောင်းတွင်မှတ်ပုံတင် အမှတ်-၁၅၈၂/၂၀၁၅-၂၀၁၆(၇က)ဟု အမှန်ဖတ်ရှုပါရန်။

နွေရာသီရေကူးသင်တန်း
သင်တန်းသားများ စတင်လက်ခံ နေပါပြီ
မြန်မာ့လက်ရွေးစင်ဟောင်းများမှ စနစ်တကျ လေ့ကျင့်သင်ကြား ပေးပါသည်။ အင်းယားလမ်း ရေကူးကန် (စိန်းလမ်းစိုပြေပန်းခြံအနီး)
ဖုန်း-၀၉ ၇၃၁၀၅၂၇၆၊ ၀၉ ၃၂၅၀၇၀၈၈



## Native Speaker ဆရာ၊ ဆရာမများ ကိုယ်တိုင်သင်ကြားသော
## Communicative English Course



English Language (Four Skills) ကိုအချိန်တိုအတွင်း နိုင်ငံခြားသားများနှင့် မိမိကိုယ်ကို ယုံကြည်မှုရှိစွာ ပြောဆိုဆက်သွယ်နိုင်စေရန် ထိရောက်ခေတ်မီသော သင်ကြားမှုနည်းစနစ်များဖြင့် Native Speaker ဆရာ၊ဆရာမများကိုယ်တိုင် သင်ကြားပေးမည် ဖြစ်ပါသည်။

Sat, Sun => 6:00pm - 8:00pm

လျှောက်လွှာပိတ်ရက် - ( 20.3.2017 )

Wed, Thur => 6:00pm - 8:00pm * လူဦးရေကန့်သတ်ထားပါသဖြင့် အမြန်ဆုံးစာရင်းပေးသွင်းနိုင်ပါပြီ။

STAR ACADEMY
Star Resources Co.,Ltd
အမှတ်(၂၆၇)၊ အခန်း(၂၀၂)၊ ဒုံစင်တာ(၂)ရှေ့ပြည်လမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။
ဖုန်း-(၀၁) ၅၂၃ ၂၀၀၊ ၂၃၀ ၄၀၂၀၊ ၂၃၀ ၄၀၂၁၊ ၅၂၃ ၆၂၃၊ ၀၉-၅၀ ၂၀ ၃၀၂။ https://www.facebook.com/sracademy.edu/

## မြတ်ဗောဓိ ဗုဒ္ဓဂယာအဆင့်မြင့်ဘုရားဖူးအဖွဲ့
"မတ်လ ( Promotion ) အထူးခရီးစဉ်"

၁၅ ရက် – March - (18) – ၁၁ သိန်း
၁၅ ရက် – April (8) သင်္ကြန်အထူးခရီးစဉ် – ၁၁ သိန်း
သံဝေဇနိယ(၄)ဌာန၊ အဋ္ဌမဟာ(၄)ဌာန၊ ဂင်္ဂါမြစ်၊ အာဂရာ(တပ်ချ်မဟာ)နယူးဒေလီနေရာစုံ၊ (အိန္ဒိယ–နီပေါ)
၈ ရက် – April - 15 (Promotion)အထူးခရီးစဉ် – ၁၀ သိန်း

(ခရီးစဉ်အားလုံးဝရိတ်ငြိမ်း ၊ နိုင်ငံကူးလက်မှတ်အပါအဝင်) ကားညမောင်းခရီးစဉ်လုံးဝ(လုံးဝ)မပါပါ။
(၁၆)ဦးတစ်ရ(၁)ဦးလက်ဆောင်ပေးသည်။နယ်မှခရီးသည်များကြို/ပို့တည်းခိုရေးစီစဉ်ပေးသည်။ ယနာနီဆွမ်း၊ရေချမ်း၊ပန်း၊သစ်သီးဆွမ်း၊ India GSM Simcard နှင့် ကားပေါ်တွင် Internet Wifi Free Service၊ ဘုရားဌာန(၄)ဌာနတွင်စုပေါင်းကြာသဃ်န်း(၁၁)ထည်တို့ကို ဓမ္မဒါနပေးသည်။ နယူးဒေလီဟိုတယ်တွင်ညအိပ်၍ နံနက်/နေ့လယ်/ညစာဖြင့်ကျွေးမွေးဧည့်ခံမည်။ မြတ်ဗောဓိရုံးခန်းတွင် (DVD) အခွေနှင့်ဝန်ဆောင်မှု လက်ကမ်းကြော်ငြာများ အခမဲ့လာရောက်ယူနိုင်ပါသည်။ ခရီးစဉ်အသေးစိတ်ကို စုံစမ်းမေးမြန်းနိုင်ပါသည်။ ခရီးစဉ်ရက်စွဲများပြောင်းလဲခြင်းမရှိပါ။

ရန်ကုန်ရုံးချုပ်။ ။အမှတ်(၁၃၃၊ ၁၃၅၊ ၁၃၇)၊အခန်း(၃/အေ)၊လမ်း(၄၀)၊ကုန်သည်လမ်းနှင့်မဟာဗန္ဓုလလမ်းကြား၊ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။
Ph : 09-49338595, 263125261,788304828, 09-420134528 E-mail:myatbodhi@gmail.com
မန္တလေးရုံးခွဲ။ ။အခန်း(ဘီ/၅)၊ရတနာပုံ(စ)ဈေး၊ဘုရင့်နောင်လမ်း၊ပြည်ကြီးတံခွန်မြို့နယ်၊မန္တလေးမြို့။ Ph: 09 91038689, 09-797612889, 09 797361099

Organizer by CREATION STRENGTH CO., LTD.
